
www.dhammadownload.com

လယ်တီမဏ္ဍိုင်မူ

ကျောင်းတော်သားလက်စွဲ

အယ်ဒေတ်ဘွဲ့

လယ်တီမဏ္ဍိုင်–စာတည်းအဖွဲ့မှ
တည်းဖြတ်သည်။



လယ်တီမဏ္ဍိုင်ပုံနှိပ်တိုက်
အမှတ် ၁၆၈၊ ၄၇-လမ်း၊ ရန်ကုန်မြို့။
၁၃၃၉-ခ

www.dhammadownload.com

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ် (၁၀၆၁၆)

ရိုက်နှိပ်ခြင်း....ပဉ္စမအကြိမ်
၁၉၇၈၊ ဖေဖော်ဝါရီလ
အုပ်ရေ ၂၀၀၀

တန်ဖိုး ၅-ကျပ်

ထုတ်ဝေသူ ....ဦးထွန်းလှိုင် (၀၅၁၃၃-မြ)
လယ်တီမဏ္ဍိုင် စာပေပဌာန
၁၈/၁၉၊ ရွှေတိဂုံဘုရားဈေးတော်ရံ
ရန်ကုန်မြို့၊

ပုံနှိပ်သူ....ဦးထွန်းလှိုင် (၀၄၃၃-မြ)
လယ်တီမဏ္ဍိုင် ပုံနှိပ်တိုက်
အမှတ် ၁၆၈၊ ၄၇-ထပ်း
ရန်ကုန်မြို့။

www.dhammadownload.com



၁–ဗောဓိပင်နှင့်ရွှေပလ္လင်တွင် မာရ်နတ်သားကိုအောင်မြင်တော်မူပုံ။

၂–အယူသည်းလွသည့် သစ္စကပရိဗိုဇ်ကို အောင်မြင်တော်မူပုံ။

၃–ရှင်မောဂ္ဂလာန်အားနည်းပေး၍ နန္ဒောပနန္ဒနဂါးမင်းကို အောင်မြင်တော်မူပုံ။


၄–အယူမှားနေခဲ့သည့် ဗကဗြဟ္မာမင်းကို အောင်မြင်တော်မူပုံ။

www.dhammadownload.com



၅-လူဆိုးကြီး အင်္ဂုလိမာလကို အောင်မြင်တော်မူပုံ။
၆-ဘုရားရှင်ကို, ကိုယ်ဝန်နှင့်စွပ်စွဲသော စိဉ္စမာန မိန်းမယုတ်အား အောင်မြင်တော်မူပုံ။
၇-အာဠဝက ဘီလူးကြမ်းကြီးကို အောင်မြင်တော်မူပုံ။
၈-နာဠာဂိရိ ဆင်ပြောင်ကြီးကို အောင်မြင်တော်မူပုံ။

www.dhammadownload.com



လယ်တီဆရာတော်ရေး သုံးလုံးရှင်ပင်ပျို့ ဗုဒ္ဓနေ့-၇-နေ့အကြောင်း။

သုံးလုံးရှင်ပင်၊
ကျွန်ထိပ်တင်၊
သောင်းခွင်စကြာဝဠာ၊
နတ်ပြဟ္မာတို့၊
ညီညာရုံးစု၊
တောင်းပန်မှုကြောင့်၊
ရတုနဂို၊
ရွှန်းရွှန်းစိုသည်၊
ဝါဆိုလပြည့်၊
ကြွက်မင်းနေ့ဝယ်၊
ချမ်းမြေ့ကြည်ဖြူ။
သနွေယုသည်၊
နတ်လူဦးဘိ ကိန်းပါကို။

သနွေယုခါ၊
ဆယ်လကြာသော်၊
မဟာသက္ကရာဇ်၊
ခြောက်ဆယ့်ရှစ်ကြိုး၊
ကဆုန်လပြည့်၊
သောကြာနေ့ဝယ်၊
ချမ်းမြေ့စုံညီ၊
လုမ္ဗနီဌာ၊
မဟီလျှံကဆု၊
ဗွာတော်မူသည်၊
နတ်လူအောင်မြို့လမ်းပါက်

www.dhammadownload.com


ဖွားမြင်ခဲ့ကြောင်းဖြစ်သော်၊
ဆဲခြောက်နှစ်ခွယ်၊
ပျိုနုနယ်၌၊
သုံးသွယ်ရွှေနန်း၊
သီမိမ်းမြန်းပြီးလစ်၊
ဆဲသုံးနှစ်လျှင်၊
ဘုန်းသစ်လျှံလှူ၊
စံတော်မူ၍၊
ခွယ်မူနုဖြူး၊
နှစ်ဆဲကိုးဝယ်၊
လေးမျိုးနိမိတ်၊
နတ်ပြဟိတ်ကြောင့်၊
ရွှေစိတ်ငြင်ငြိုး၊
သံဝေပိုက၊
ဝါဆိုလပြည့်၊
ကျားမင်းနေ့ဝယ်၊
ချမ်းမြေ့ရာဂုံ၊
တောရပ်လှုံသည်၊
စုံမြိုင်ပင်ရိပ်ခန်းမှာကို၊

တောရမြိုင်ပေါ်၊
ခြောက်နှစ်ပျော်၍၊
ခါတော်တပုံ၊
ပွင့်ချိန်ကြုံက၊
ကဆုန်လပြည့်၊
ဆင်မင်းနေ့ဝယ်၊
မြေပရမေ၊
ပလ္လင်ဘွေထက်၊
ရွှေညောင်တော်ကြီး၊
ဗိတာန်ထီးနှင့်၊
မငြိုးကြည်ဖြူး၊
နေတော်မျက်လျှံ၊
ရန်သူခပင်း၊
အမိုက်သင်းကို၊
အရှင်းပယ်ဖျောက်၊
အလင်းပေါက်က၊
ထွန်းတောက်ဘုန်းတော်၊
သောင်းလုံးကျော်သည်၊
သုံးဘော်လူတို့ ငြိမ်းပါကို။

www.dhammadownload.com

ဘုရားဖြစ်ခါ၊
မိဂဒါသို့၊
စကြာနွေဘား၊
ဖြန့်ချီသွားလျှင်
ငါးပါးဝဂ်ဂို၊
စုံအညီနှင့်၊
မဟီတသောင်း၊
တိုက်အပေါင်းမှ၊
ခညောင်းကပ်လာ၊
နှတ်ဖြဟ္မာအား၊
ဝါဆိုလပြည့်၊
စနေနေ့ဝယ်၊
ကြွေ့ကြွေ့လျှံတက်၊
ဓမ္မစက်ကို၊
မိန့်မြွက်ထွေပြား၊
ဟောဖော်ကြားသည်၊
တရားနှတ်စည် ၌မ်းတယ်ကို။

www.dhammadownload.com



ဆော်ရွှမ်းလည်ကား၊
သုံးမည်ဘုံသိုက်၊
တသောင်းတိုက်ဝယ်၊
ကျွတ်ထိုက်သမျှ၊
နှတ်လှူဖြဟ္မာ၊
သတ္တဝါကို၊
ခမာသောင်သို့
ဖောင်ကူးတို့ဖြင့်
ဆောင်ပို့ပြီးခါ၊
ဝါလေးဆဲ့ငါး၊
သက်ကားရှစ်ဆယ်၊
စုံပြည့်ကြွယ်က၊
ရာလေးဆဲ့ရှစ်၊
သက္ကရာဇ်ဝယ်၊
နယ်မလွှာတိုင်း၊
စံနိုင်းမယုတ်၊
တုသိနာရုံ
အင်ကြင်းစုံဌာ၊
ကဆုံလပြေ၊
အဂ္ဂါနေ့ဝယ်၊
ချမ်းမြေနိဗ္ဗာ၊
စံတော်မူသည်၊
ဌာန်းဆုသောင်းလုံး ကျော်တယ်

နိဗ္ဗာန်စံပြီ၊
ရှာမအီသား၊
သဂီရွှေလှော်၊
အလောင်းတော်ကို၊
ထိုရော်ကဆုံ၊
လဆုတ်ကြုံ၌
ဂဠုန်နေ့ဝယ်၊
ခိုးငွေ့မနှော၊
ခါတ်တေဇော လျှင်၊
ရှင်စောဉာဏ်စက်၊
ဓိဋ္ဌာန်ချက်ဖြင့်၊
လျှံတက်ကော်ရော်၊
မီးပူဓော်သည်၊
မွေတော်ရှစ်စိတ်ကြွင်းတယ်ကို

www.dhammadownload.com

★ ဇာတ်သွင်း-မင်္ဂလာ ★



မိတ္ထိလာ ဝန်ဇင်း ရွာသူကြီးသားမက်-မောင်ရာဇာ,သည် စာပေ အမြဲဖတ်သဖြင့် ပညာဇာတ်သုတနှင့် များစွာကြွယ်ဝ၏။ လယ်ထွန်ရင်းပင် ထွန်နားချိန်၌ စာဖတ်လေ့ရှိသည်။ တနေ့သော် ဘုရင်မင်းမြတ်က မိတ္ထိလာကန်ဆောင်ရှိ နတ်စင်အကြောင်းကို မေးရာ၊ အခြားသူများမဖြေနိုင်၊ မောင်ရာဇာသာ ဖြေနိုင်သဖြင့် ဘုရင်မင်းမြတ်က ပညာရှိအမတ်ကြီးရာထူးခန့်လေသည်။ နောင်အခါ "အမတ်ကြီးဘိုးရာဇာ" ဟု ကျော်စောလေသည်။ ။

ကထေးတို့ (စာဖတ်မပျင်းကြနှင့်)အကြား အမြင်များအောင် စာဖတ်လေ။

www.dhammadownload.com

ပုဇ္ဇော ဝါဒ
စမတတ်သော

ရှေးသရောခါ၊
ပြည်ဗာရာဝယ်၊
ကုဋေကြွယ်သား၊
သူဋ္ဌေးအားလျင်၊
သားတယောကိုဖြစ်၊
ချစ်၍တစေ၊
အိမ်မှာနေ၍၊
စာပေမတ္ထု၊
မိဘစုတော့၊
ခန္ဓာရွှေသော်
အရွှေအနောက်၊
တောင်မြောက်ဘယ်မှာ၊
မသိပါငြား၊
သူဋ္ဌေးသားသည်၊
သိုထားမတတ်၊
အရစ်ရပ်၌၊

www.dhammadownload.com

ဆုံးမစာ

သူငြေးသားအကြောင်း

နှံအာဝံဥစ္စာ၊
ရှိသည်ဌာကို၊
ချားစွာကျွန်ပေါင်း၊
မကောင်းခိုးသူ၊
ယူ၍ဖြေးရောင်း၊
အိမ်ကိုရောင်း၍၊
ထောင်းထောင်းကျေလျှက်၊
ခွက်လက်စွဲကာ၊
တောင်းစားပါလည်း၊
နင်သာလူမိုက်၊
ဥစ္စရိုက်ဟု၊
ရိုက်ပုတ်လိုက်ကြ၊
ရွာမှထွက်လေ၊
တောမှာသေသည်၊
ကောင်းသေလင်းတ-
ကျော်ကြားတည်း။

www.dhammadownload.com



၁-မင်္ဂလသုတ် ပါဠိတော်

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

၁။ ယံမင်္ဂလံ ဒ္ဝါဒသဟိ၊ စိန္တယိံသု သဒေဝကာ။
သောတ္ထာနံ နာဓိဂစ္ဆန္တိ၊ အဋ္ဌတိံသဉ္စ မင်္ဂလံ။

၂။ ဧဝံမေ သုတံ၊ ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ
ဝိဟရတိ ဇေတဝနေ အနာထ ပိဏ္ဍိကဿ အာရာ
မေ၊ အထခေါ အညတရာ ဒေဝတာ အဘိက္ကန္တာယ
ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ ကေဝလကပ္ပံ ဇေတဝနံ
ဩဘာသေတွာ။

၃။ ဧတမတ္ထံ ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂ
ဝန္တံ အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌာသိ၊ ဧကမန္တံ
ဌိတာခေါ သာဒေဝတာ ဘဂဝန္တံ ဂါထာယ အဇ္ဈ
ဘာသိ။

၄။ ဗဟူ ဒေဝါ မနုဿာစ၊ မင်္ဂလာနိ အစိန္တယုံ။
အာကင်္ခမာနာ သောတ္ထိံ၊ ဗြူဟိ မင်္ဂလ မုတ္တမံ။

www.dhammadownload.com

၆။ အသေဝနာဝစ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ။
ပူဇာဝစ ပူဇနေယျာနံ၊ ဧတံ မင်္ဂလ မုတ္တမံ။

၇။ ပတိရူပ ဒေသဝါသော စ၊ ပုဗ္ဗေ စ ကတပုညတာ။
အတ္တသမ္မာပဏိဓိ စ၊ ဧတံ မင်္ဂလ မုတ္တမံ။

၈။ ဗာဟုသစ္စဉ္စ သိပ္ပဉ္စ၊ ဝိနယော စ သုသိက္ခိတော။
သုဘာသိတာ စ ယာဝါစာ၊ ဧတံ မင်္ဂလ မုတ္တမံ။

၉။ မာတာပိတု ဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟော။
အနာကုလာ စ ကမ္မန္တာ၊ ဧတံ မင်္ဂလ မုတ္တမံ။

၁၀။ ဒါနဉ္စ ဓမ္မစရိယာ၊ ဉာတကာနဉ္စ သင်္ဂဟော။
အနဝဇ္ဇာနိ ကမ္မာနိ၊ ဧတံ မင်္ဂလ မုတ္တမံ။

၁၁။ အာရတိ ဝိရတိ ပါပါ၊ မဇ္ဇပါနာ စ သံယမော။
အပ္ပမာဒေါ စ ဓမ္မေသု၊ ဧတံ မင်္ဂလ မုတ္တမံ။

၁၂။ ဂါရဝေါ စ၊ နိဝါတော စ၊ သန္တုဋ္ဌိ စ ကတညုတာ။
ကာလေန ဓမ္မသဝဏံ၊ ဧတံ မင်္ဂလ မုတ္တမံ။

၁၃။ ခန္တီ စ သောဝစဿတာ၊ သမဏာနဉ္စ ဒဿနံ။
ကာလေန ဓမ္မသာကစ္ဆာ၊ ဧတံ မင်္ဂလ မုတ္တမံ။

၁၄။ တပေါ စ ဗြဟ္မစရိယဉ္စ၊ အရိယသစ္စာန ဒဿနံ။
နိဗ္ဗာန သစ္ဆိကိရိယာ စ၊ ဧတံ မင်္ဂလ မုတ္တမံ။

၁၅။ ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ နကမ္ပတိ။
အ သော ကံ ဝိရဇံ ခေမံ၊ ဧတံ မင်္ဂလ မုတ္တမံ။

၁၆။ ဧတာဒိသာနိ ကတ္ဝာန၊ သဗ္ဗတ္ထ မပရာဇိတာ။
သဗ္ဗတ္ထသောတ္ထိ ဂစ္ဆန္တိ၊ တံ တေသံ မင်္ဂလ မုတ္တမံ။

www.dhammadownload.com

မင်္ဂလသုတ်အနက်

၁။ သဒေဝကာ၊ နတ်နှင့်တကွသောလူတို့သည်။ ယံမင်္ဂလံ။ အကြင်မင်္ဂလာတရားတော်ကို။ ဒဒဿတိ၊ တဆယ့်နှစ်နှစ်တို့ကာလပတ်လုံး။ စိန္တယိံသု၊ ကြံကြကုန်၏။ စိန္တယန္တာပိ၊ ကြံကြကုန်သော်လည်း။ သောတ္ထာနံ၊ စီးပွားခြင်း၏ အကြောင်းဖြစ်သော။ အဋ္ဌတိံသဉ္စ၊ သုံးဆယ့်ရှစ်ပါး အပြားရှိသည်လည်း ဖြစ်သော။ တံမင်္ဂလံ၊ ထိုမင်္ဂလာတရားတော်ကို။ နာဓိဂစ္ဆန္တိ-နအဓိဂစ္ဆန္တိဧဝ၊ မသိနိုင်ကုန်သည်သာလျှင်လည်း။

၂။ ဧဝဧဝေန၊ နတ်တကာတို့ထက်မြတ်သော ပိသုဒ္ဓိနတ် ဖြစ်တော်မူသော ဘုရားသခင်သည်။ သဗ္ဗလောက ဟိတတ္ထာယ၊ အလုံးစုံသော သတ္တလောက၏ အစီးအပွားအလို့ငှာ။ ဒေသိတံ၊ ဟောတော်မူအပ်သော။ သဗ္ဗပါပဝိနာသနံ၊ အလုံးစုံသော မကောင်းမှုကို ပယ်ဖျောက် ပေတတ်သော။ တံမင်္ဂလံ၊ ထိုမင်္ဂလာ တရားတော်ကို။ ဟေ၊ အို သူတော်ကောင်းတို့။ မယံ၊ ငါတို့သည်။ ဘဏာမ၊ ရွတ်ကြကုန်အံ့။

၃။ ဘန္တေကဿပ၊ အရှင်မဟာကဿပ။ ဇုဒံသုတ္တံ၊ ဤမဟာမင်္ဂလ သုတ်တော်ကို။ မေ-မယာ-အာနန္ဒတ္ထေရေန၊ အကျွန်ုပ် အာနန္ဒာ မထေရ်သည်။ ဘဂဝတော၊ မြတ်စွာသူရား၏။ သမ္မုခါ၊ မျက်မှောက်တော်မှ။ ဧဝံ၊ ဤသို့၊ သုတံ၊ ကြားလိုက်ရ၏။ ဥပလက္ခိတံ၊ မှတ်လိုက်ရ၏။ ဥပ ဓာရိတံ၊ ဆောင်လိုက်ရ၏။ ဧကံ၊ တပါးသော။ သမယံ၊ အခါဌ။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌။ အနာထ ပိဏ္ဍိကဿ၊ အနာထပိဏ်သူဌေး၏။ အာရောမေ၊

www.dhammadownload.com

နှလုံးမွေ့လျော် ပျော်ဘွယ်ရာဖြစ်သော။ ဇောတဝန်း၊ ဇော်ဝန်ကျောင်းတော်၌။ ဦဟရတိ၊ နေတော်မူ၏။ အထခေါ်၊ ထိုသို့ နေတော်မူသောအခါ၌။ အညတရာ၊ အမျိုးအမည်အားဖြင့် မထင် ရှားသော။ ဒေဝတာ၊ နတ်သားသည်၊ အဘိက္ကန္တာယ၊ ညဉ့်ဦးယာမ် လွန်ပြီးသော။ ရတ္တိယာ၊ သန်းခေါင်အခါ၌။ အဘိက္ကန္တာဝဏ္ဏာ၊ အလွန် နှစ်လိုဘွယ်သော အဆင်းရှိသည်ဖြစ်၍။ ကေဝလကပ္ပံ၊ အလုံးစုံသော။ ဇေတဝနံ၊ ဇေတဝန် ကျောင်းတော်ကို။ သြဘာသေတ္ဝာ၊ ကိုယ်ရောင် ကိုယ်ဝါဖြင့် ထွန်းလင်းစေဦး၍။

၄။ ယေန၊ အကြင်အရပ်၌။ ဘဂဝါ၊ မြတ်စွာဘုရားသခင်သည်။ အတ္ထိ၊ ရှိတော်မူ၏။ တေန၊ ထိုဘုရား ရှိတော်မူရာအရပ်သို့။ ဥပသင်္ကမိ၊ ကပ်လေ၏။ ဥပသင်္ကမိတ္ဝာ၊ ကပ်လေပြီး၍။ ဘဂဝန္တံ၊ မြတ်စွာဘုရားသခင်ကို။ အဘိဝါဒေတ္ဝာ၊ အလွန်ရိုသေစွာ ရှိခိုးဦး၍။ ဧကမန္တံ၊ တင့်အပ် လျောက်ပတ်သော အရပ်၌။ အဋ္ဌာသိ၊ ရပ်လေ၏။ ဧကမန္တံ၊ တင့်အပ်လျောက်ပတ်သောအရပ်၌။ ဌိတာခေါ၊ ရပ်ပြီးသော။ သာဒေဝတာ၊ ထိုနတ်သားသည်။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ ဂါထာယ၊ ဂါထာဖြင့်။ အဇ္ဈဘာသိ၊ ဣသို နားတော်လျောက်လေ၏။

၅။ ဘဇန္တေ ဘဂဝါ၊ ဘုန်းတော်ကြီးသောမြတ်စွာဘုရား။ ဗဟူ၊ များစွာကုန်သော။ ဒေဝါစ၊ နတ်တို့သည်၎င်း။ မနုဿာစ၊ လူတို့သည်၎င်း။ သောတ္ထာနံ၊ စင်ကြယ်စွာသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ချမ်းသာကို။ အာကင်္ခမာနာ၊ လိုချင် တောင့်တကုန်သည်ဖြစ်၍။ မင်္ဂလာနိ၊ စီးပွားချမ်းသာခြင်း၏ အကြောင်းဖြစ်ကုန်သော မင်္ဂလာ တရားတော်တို့ကို။ ဒွါဒသဟိ၊ တဆယ့်

www.dhammadownload.com

နှစ်နှစ်တို့ ကာလပတ်လုံး။ အစိန္တာယုံ၊ ကြီးကြကုန်၏။ တံ၊ ထို မင်္ဂလာ တရားတော်မြတ်ကို။ တွံ၊ အရှင်ဘုရားသည်။ မြ။ဟိ၊ ဟောတော်မူပါလော။

၆။ ဘောဒေဝပုတ္တ၊ အိုနတ်သား။ ဗာလာနံ၊ သူမိုက်တို့ကို။ ယာ အသေဝနာစ၊ အကြင် မမှီဝဲ မဆည်းကပ်ရခြင်းသည်ၚင်း။ ပဏ္ဍိတာနံ။ ပညာရှိသောသူတို့ကို။ ယာ သေဝနာစ၊ အကြင်မှီဝဲဆည်းကပ်ရခြင်းသည်ၚင်း။ ပူဇာနေယျာနံ၊ ပူဇော်ဆိုက်သော သူတို့ကို။ ယာ ပူဇာစ၊ အကြင်ပူဇော်ရခြင်းသည်ၚင်း။ အတ္ထိ၊ ရှိ၏။ တံ၊ ဤသုံးပါးသော တရားသည်လျှင်။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏ဟူ၍။ တွံ၊ သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

၇။ ဘော ဒေဝပုတ္တ၊ အိုနတ်သား။ ပတိရူပ ဒေသဝါသော၊ တင့်အပ်လျောက်ပတ်သောအရပ်၌ နေရခြင်းသည်ၚင်း။ ပုဗ္ဗေ၊ ရှေးဘဝ၌။ ကတပုညတာစ၊ မိမိပြုခဲ့ဘူးသော ကောင်းမှုရှိသောသူ၏ အဖြစ်သည်ၚင်း။ အတ္တသမ္မာပဏိဓိစ၊ မိမိကိုယ်ကို ကောင်းစွာ ဆောက်တည်ရခြင်း သည်ၚင်း။ အတ္ထိ၊ ရှိ၏။ တံ၊ ဤသုံးပါးသောတရားသည်လျှင်။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏ဟူ၍။ တွံ၊ သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

၈။ ဘောဒေဝပုတ္တ၊ အိုနတ်သား။ ဗာဟုသစ္စဉ္စ၊ အကြားအမြင်များသောသူ၏အဖြစ်သည်ၚင်း။ သိပ္ပဉ္စ၊ လက်မှုပညာ အစရှိသော အပြစ်မရှိသော အတတ်တို့ကို တတ်ရခြင်းသည်ၚင်း။ သုသိက္ခိတော၊ ကောင်းစွာသင်အပ်သော။ ဝိနယော စ၊ ဝိနည်းတရားသည်ၚင်း။ သုဘာသိတာ၊ ကောင်းစွာဆို

www.dhammadownload.com

အပ်သော။ ယာဝဇီဝစာစ၊ အကြင် စကားသည်ဌင်း။ အတ္ထိ၊ ရှိ၏။ ဧကံ၊ ဤလေးပါးသော တရားသည်လျှင်။ ဥတ္တမံ၊ မြတ်စွာသော။ မဂ်လံ၊ မင်္ဂလာပညတ်ဟူ၍။ တွံ၊ သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

၉။ ဘော ဒေဝပုတ္တ၊ အိုနတ်သား။ မာဘာဝိဟု၊ အမိ, အဘကို။ ဥပဋ္ဌာနဠ္ဟ၊ လုပ်ကျွေးမွေးမြူရခြင်းသည်ဌင်း။ ပုတ္တဒါရဿ၊ သားမယားကို။ သင်္ဂဟော၏။ သင်္ဂြိဟ်ထောက်ပံ့ရခြင်းသည်ဌင်း။ အနာကုလာ၊ အနှောင့်အရှက် မရှိကုန်သော။ ကမ္မန္တာဝ၏၊ အမှုတို့ကိုပြုရခြင်းသည်ဌင်း။ အတ္ထိ၊ ရှိ၏။ ဧကံ၊ ဤသုံးပါးသော တရားသည်လျှင်။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာပညတ်ဟူ၍။ တွံ၊ သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

၁၀။ ဘော ဒေဝပုတ္တ၊ အိုနတ်သား။ ဒါနဠ္ဟ၊ အသူဌေးပေးရခြင်းသည်ဌင်း။ ဓမ္မစရိယာဝ၏၊ မြတ်သောအကျင့်ကို ကျင့်ရခြင်းသည်ဌင်း။ ဉာတကာနံ၊ အဆွေအမျိုးတို့ကို။ သင်္ဂဟော၏၊ သင်္ဂြိဟ်ထောက်ပံ့ရခြင်းသည်ဌင်း။ အနဝဇ္ဇာနိ၊ အပြစ်မရှိကုန်သော။ ကမ္မာနိစ၊ အမှုတို့ကို ပြုရခြင်းသည်ဌင်း။ အတ္ထိ၊ ရှိ၏။ ဧကံ၊ ဤလေးပါးသော တရားသည်လျှင်။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာပညတ်ဟူ၍။ တွံ၊ သင်နတ်သားသည်။ ဂဏှာဟိ။ မှတ်လေလော့။

၁၁။ ဘော ဒေဝပုတ္တ၊ အိုနတ်သား။ ဒါနဠ္ဟ၊ အသူဌေးပေးရခြင်းသည်ဌင်း။ ဓမ္မစရိယာဝ၏၊ မြတ်သောအကျင့်ကို ကျင့်ရခြင်းသည်ဌင်း။ ဉာတကာနံ၊ အဆွေအမျိုးတို့ကို။ သင်္ဂဟော၏၊ သင်္ဂြိဟ်ထောက်ပံ့ရခြင်းသည်ဌင်း။ အနဝဇ္ဇာနိ၊ အပြစ်မရှိကုန်သော။ ကမ္မာနိစ၊ အမှုတို့ကို ပြုရခြင်းသည်ဌင်း။ အတ္ထိ၊ ရှိ၏။ ဧကံ၊ ဤလေးပါးသော တရားသည်လျှင်။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာပညတ်ဟူ၍။ တွံ၊ သင်နတ်သားသည်။ ဂဏှာဟိ။ မှတ်လေလော့။

၁၂။ ဘော ဒေဝပုတ္တ၊ အိုနတ်သား။ ပါပါ၊ မကောင်းမှုမှ။ အာရတိစ၊ ဝေးစွာရှောင်ကြဉ်ရခြင်းသည်ဌင်း။ ဝိရတိစ၊ အထူးသဖြင့် ရှောင်ကြည်ရခြင်းသည်ဌင်း။ မဇ္ဇပါနာ၊ သေရည်သေရက်တို့ကို သောက်ခြင်းမှ။ သံယမောစ၊ ကောင်းစွာ

www.dhammadownload.com

စောင့်ရှောက်ရခြင်းသည်၎င်း။ ဓမ္မသု၊ ကုသိုလ်ကောင်းမှုကို၌။ အပ္ပမာဒေါစ၊ မမေ့မလျော့ရခြင်းသည်၎င်း။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤလေးပါးသောတရားသည်လျှင်။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏ဟူ၍။ တံ၊ သင်နှုတ်သားသည်။ ဂဏ္ဍာဟိ၊ မှတ်လေလော့။

၁၂။ ဘောဇေဝပုတ္တာ၊ အို့နုတ်သား။ ဂါရဝေါစ၊ ရိုသေထိုက်သောသူတို့ကို ရိုသေ ရခြင်းသည်၎င်း။ နိဝါတောစ၊ မိမိကိုယ်ကို နှိမ့်ချရခြင်းသည်၎င်း။ သန္တုဋ္ဌိစ၊ ရောင့်ရဲလွယ်ရခြင်းသည်၎င်း။ ကတညုတာစ၊ သူပြုဘူးသော ကျေးဇူးကို သိရခြင်းသည်၎င်း။ ကာလေန၊ သင့်တင့်လျောက်ပတ်သောအခါ၌။ ဓမ္မဿဝဏာဥ္စ၊ သူတော်ကောင်း တရားကို နာရခြင်းသည်၎င်း။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤငါးပါးသော တရားသည်လျှင်။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏ဟူ၍။ တံ၊ သင်နှုတ်သားသည်။ ဂဏ္ဍာဟိ၊ မှတ်လေလော့။

၁၃။ ဘော ဒေဝပုတ္တာ၊ အို့နုတ်သား။ ခန္တီစ၊ သည်းခံရခြင်းသည်၎င်း။ သောဝစဿတာစ၊ သူတော်ကောင်းတို့ဆုံးမအပ်သောစကားကို နာလွယ်သော သူ၏ အဖြစ်သည်၎င်း။ သမဏာနံ၊ ရဟန်းပုဏ္ဏားတို့ကို။ ဒဿနဥ္စ၊ ဖူးမြင်ရခြင်းသည်၎င်း။ ကာလေန၊ သင့်တင့် လျောက်ပတ်သောအခါ၌။ ဓမ္မသာကစ္ဆာစ၊ တရားတော်ကို ဆွေးနွေး မေးမြန်းရခြင်းသည်၎င်း။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤလေးပါးသောတရားသည်လျှင်။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏ဟူ၍။ တံ၊ သင်နှုတ်သားသည်။ ဂဏ္ဍာဟိ၊ မှတ်လေလော့။

www.dhammadownload.com

၁၄။ ဘော ဒေဝပုတ္တ၊ အိုနတ်သား။ တပေါစ၊ ခြိုးခြိုစွာ ကျင့်ရခြင်းသည်၎င်း၊ ဗြဟ္မစရိယာ၌၊ မြတ်သော အကျင့်ကို ကျင့်ရခြင်းသင်သည်၎င်း။ အရိယသစ္စာနှံ၊ အရိယသစ္စာတို့ကို။ ဒဿန၌၊ သိမြင်ရခြင်းသည်၎င်း၊ နိဗ္ဗာန သစ္ဆိကိရိယာ စ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းသည်၎င်း။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤလေးပါးသော တရားသည်လျှင်။ ဥတ္တမံ၊ မြတ်စွာသော။ မဂ်လံ၊ မင်္ဂလာမည်၏ဟူ၍။ တံ့၊ သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

၁၅။ ဘော ဒေဝပုတ္တ၊ အိုနတ်သား။ လောကဓမ္မေဟိ၊ လောကံတရားရှစ်ပါးတို့နှင့်။ ဖုဋ္ဌဿ၊ တွေ့ထသော။ ယဿ၊ အကြင်ရဟန္တာပုဂ္ဂိုလ်၏။ စိတ္တံ့၊ စိတ်သည်။ နကမ္မတိ၊ မတုန်မလှုပ်။ အသောကံ၊ စိုးရိမ်ခြင်းလည်းမရှိ။ ဝိရဇံ၊ ရမ္မက်ဟူသော မြေလည်းမရှိ။ ခေမံ၊ ဘေးလည်းမရှိ။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤလေးပါးသော တရားသည်လျှင်။ ဥတ္တမံ၊ မြတ်စွာသော။ မဂ်လံ၊ မင်္ဂလာမည်၏ဟူ၍။ တံ့၊ သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

၁၆။ ဘောဒေဝပုတ္တ၊ အိုနတ်သား။ ဧတာဒိသာနိ၊ ဤသို့သဘောရှိကုန်သော။ အဋ္ဌတိံသ မင်္ဂလာနိ၊ သုံးဆယ့်ရှစ်ပါးသေားသော မင်္ဂလာတရားတို့ကို။ ကတ္ဝာန၊ ပြုကျင့်ရသော ကြောင့်။ သဗ္ဗတ္ထ၊ အလုံးစုံသော အရပ်တို့၌။ အပရာဇိတာ၊ ရန်သူတို့သည် မိမိအား မအောင်အပ်ကုန်သည် ဖြစ်၍။ သဗ္ဗတ္ထ၊ အလုံးစုံသောအရပ်တို့၌။ သောတ္ထိံ၊ ချမ်းသာခြင်း

www.dhammadownload.com

သို့။ ဂန္ဆန်၊ ရောက်ကုန်၏။ ဘံ၊ ထို သုံးဆယ့်ရှစ်ပါးသော တရားသည်လျှင်။ တေသံ၊ ထို နတ်, လူတို့အား။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏ ဟူ၍။ တွံ၊ သင်နတ်သား သည်။ ဂဏှာဟိ၊ မှတ်လေလော့။

မင်္ဂလသုတ် အနက်ပြီး၏။

မင်္ဂလာတရား သုံးဆယ့်ရှစ်ပါး သရုပ်

"အသေဝနာစ ဗာလာနံ" ဟူသောပုဒ်၌ (၃-ပါး)

၁။ သူမိုက်တို့ကို မမှီဝဲ မဆည်းကပ်ရခြင်းလည်း တပါး။
၂။ ပညာရှိသောသူတို့ကို မှီဝဲဆည်းကပ်ရခြင်းလည်း တပါး။
၃။ ပူဇော်ထိုက်သောသူတို့ကို ပူဇော်ရခြင်းလည်း တပါး။

"ပတိရူပ ဒေသဝါသောစ" ဟူသောပုဒ်၌ (၃-ပါး)

၁။ တင့်အပ်လျောက်ပတ်သော အရပ်၌ နေရခြင်းလည်း တပါး။
၂။ ရှေးရှေးသော ကိုယ်၏အဖြစ်၌ ပြုအပ်သော ကောင်းမှု ရှိသော သူ၏အဖြစ်လည်း တပါး။
၃။ မိမိကိုယ်ကို ကောင်းစွာ ဆောက်တည် ရခြင်းလည်း တပါး။

---

www.dhammadownload.com

"ဗာဟုဿစ္စဉ္စ" ဟူသောပုဒ်၌
(၄-ပါး)

၁။ အကြားအမြင် များသောသူ၏ အဖြစ်လည်း တပါး။
၂။ အပြစ်မရှိသော အတတ်တို့ကို တတ်ရခြင်းလည်းတပါး။
၃။ ကောင်းစွာသင်အပ်အော ဝိနည်းတရားလည်း တပါး။
၄။ ကောင်းစွာဆိုအပ်သော စကားလည်း တပါး။

"မာတာပိတု ဥပဋ္ဌာနံ" ဟူသောပုဒ်၌
(၃-ပါး)

၁။ အမိအဘတို့ကို လုပ်ကျွေးမွေးမြူရခြင်းလည်း တပါး။
၂။ သားမယားတို့အား သင့်ကြိုဟ် ထောက်ပံ့ရခြင်းလည်း တပါး။
၃။ အနှောင့်အရှက်မရှိသော အမှုလည်း တပါး။

"ဒါနဉ္စ ဓမ္မစရိယာ" ဟူသောပုဒ်၌
(၄-ပါး)

၁။ အလှူပေးရခြင်းလည်း တပါး။
၂။ တရားတော်နှင့်အညီ ကျင့်ရခြင်းလည်း တပါး။
၃။ အဆွေ အမျိုးတို့အား သင့်ကြိုဟ် ထောက်ပံ့ရခြင်း လည်း တပါး။
၄။ အပြစ်မရှိသော အမှုလည်း တပါး။

www.dhammadownload.com

"အာရတီ ဝိရတီ" ဟူသောပုဒ်၌
(၄-ပါး)

၁။ မကောင်းမှုမှ ဝေးစွာ ကြဉ်ရှောင်ရခြင်းလည်း တပါး။
၂။ မကောင်းမှုကို အထူးသဖြင့် ကြဉ်ရှောင် ရခြင်းလည်း တပါး။
၃။ သေအရက်ကို သောက်ခြင်းမှ ကောင်းစွာ ကြဉ်ရှောင် ရခြင်းလည်း တပါး။
၄။ ကုသိုလ်တရားတို့၌ မမေ့မလျော့ရခြင်းလည်း တပါး။

"ဂါရဝေါစ နိဝါတောစ" ဟူသောပုဒ်၌
(၅-ပါး)

၁။ ရိုသေအပ်သော သူတို့ကို ရိုသေရခြင်းလည်း တပါး။
၂။ မိမိကိုယ်ကို နှိမ့်ချရခြင်းလည်း တပါး။
၃။ ရောင့်ရဲလွယ်ရခြင်းလည်း တပါး။
၄။ သူ့ကျေးဇူးကို သိရခြင်းလည်း တပါး။
၅။ လျောက်ပတ်သောအခါ၌ တရားတော်ကို နာရခြင်း လည်း တပါး။

"ခန္တီစ သောဝစဿတာ" ဟူသောပုဒ်၌
(၄-ပါး)

၁။ သည်းခံရခြင်းလည်း တပါး။
၂။ သူတော်ကောင်းတို့ ဆုံးမရာ လိုက်နာလွယ်ရခြင်းလည်း တပါး။

www.dhammadownload.com

၃။ ရဟန်းပုဏ္ဏားတို့အား ဖူးမြော်ရခြင်းလည်း တပါး။
၄။ လျောက်ပတ်သောအခါ၌ တရားစကားကို ဆွေးနွေးမေးမြန်းရခြင်းလည်း တပါး။

"တပေါစံ ဇြဟ္မစံရိယဉ္စ" ဟူသောပုဒ်၌
(၄-ပါး)

၁။ ခြိုးခြံစွာ ကျင့်ရခြင်းလည်း တပါး။
၂။ မြတ်သော အကျင့်ကို ကျင့်ရခြင်းလည်း တပါး။
၃။ အရိယသစ္စာတရားတို့ကို သိမြင်ရခြင်းလည်း တပါး။
၄။ နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းလည်း တပါး။

"ဖုဋ္ဌဿ လောကဓမ္မေဟိ" ဟူသောပုဒ်၌
(၄-ပါး)

၁။ လောကဓံတရား ရှစ်ပါးတို့နှင့် တွေ့ကြုံခြင်းသော်လည်း ရဟန္တာပုဂ္ဂိုလ်တို့၏ စိတ်သည် တုန်လှုပ်ခြင်း မရှိသည်လည်း တပါး။
၂။ စိုးရိမ်ခြင်း မရှိသည်လည်း တပါး။
၃။ ရမ္မက်ဟူသော မြူဇာခြင်းသည်လည်း တပါး။
၄။ ဝေးမရှိခြင်းလည်း တပါး။

မင်္ဂလာတရားသရုပ် ပြီး၏။

www.dhammadownload.com

မင်္ဂလသုတ် အမေးအဖြေ

မေး.... ယခု အဘယ်စာကို သင်သနည်း။
ဖြေ.... မင်္ဂလသုတ်ကို သင်ပါသည်ဘုရား။
မေး.... မင်္ဂလသုတ်၌ အပြား ဘယ်မျှ ရှိသနည်း။
ဖြေ.... သုံးဆယ့်ရှစ်ပါး အပြားရှိပါသည်ဘုရား။
မေး.... အဘယ်ပါဠိကို ထောက်၍ သိရပါသနည်း။
ဖြေ.... ဒေသနာ ပရိယောသာန နိဂုံး အဆုံး ဖြစ်သော "တောဒိသာနိ အဇ္ဇတိံ သမင်္ဂလာနိ" ဟူသောပါဠိကို ထောက်၍ သိရပါသည်ဘုရား။
မေး.... အဘယ်မျှသော ဂါထာဖြင့် ဟောတော်မူသနည်း။
ဖြေ.... ဆယ်ဂါထာဖြင့် ဟောတော်မူပါသည်ဘုရား။
မေး.... ဟောတော်မူသော ဂါထာကား အဘယ်ဂါထာနည်း။
ဖြေ.... အသေဝနာစ—လည်း တဂါထာ၊ ပတိရူပ-လည်းတဂါထာ၊ ဗာဟုသစ္စ၌-လည်း တဂါထာ၊ မာတာပိတု-လည်း တဂါထာ၊ ဒါန၌-လည်း တဂါထာ၊ အာရတိ-လည်း တဂါထာ၊ ဂါရဝေါ-လည်းတဂါထာ၊ ခန္တီစ-လည်း တဂါထာ၊ တပေါစ-လည်း တဂါထာ၊ ဖုဋ္ဌဿ-လည်း ထဂါထာ၊ ဤ ဆယ်ဂါထာဖြင့် ဟော်တော်မူပါသည်ဘုရား။
မေး.... အဘယ်အရပ်မှာ ဟောသနည်း။
ဖြေ.... သာဝတ္ထိပြည်တွင် ဟောတော်မူပါသည်ဟုဘုရား။
မေး.... သာဝတ္ထိပြည်ဟု အဘယ်ကြောင့် တွင်သနည်း။
(ဆိုသနည်းဟုလည်း မေး)

www.dhammadownload.com

ဖြေ.... "သမ္မံဓနမေတ္ထ အတ္ထိတိ" ဟု ပါဠိရှိသော ကြောင့် ခပ်သိမ်းသော လောကီ စည်းစိမ်ချမ်းသာ ရတနာ အပေါင်းတို့သည် လိုရာမတ ပြည့်စုံသော ကြောင့် သာဝတ္ထိပြည်ဟု ခေါ်ပါသည်ဘုရား။

မေး.... သာဝတ္ထိပြည်တွင် အာဘယအရပ်မှာ ဟောတော် မူသနည်း။

ဖြေ.... ဇေတဝန် ကျောင်းတော်၌ ဟောတော်မူပါသည် ဘုရား။

မေး.... ဇေတဝန် ကျောင်းတော်ဟု အာဘယကြောင့် ခေါ် သနည်း။

ဖြေ.... ဇေတမင်းသား၏ ဥယျာဉ်မြေကို ငွေအသပြာ အတိ ခင်းပြီးလျှင် မြေဘိုးပေး၍ ဆောက်သော ကြောင့် ဇေတဝန် ကျောင်းတော်ဟု ဆိုပါသည်ဘုရား။

မေး.... အာဘယ်သူ ဆောက်သနည်း။

ဖြေ.... အနာထပိဏ်သူဌေး ဆောက်ပါသည်ဘုရား။

မေး.... အနာထပိဏ် သူဌေးဟု အာဘယကြောင့် ခေါ်ပါ သနည်း။

ဖြေ.... အနာထာနံ ပိဏ္ဍံ ဒဒါတိတိ အနာထ ပိဏ္ဍဿကော- ဟူသော ပါဠိနှင့်အညီ ကိုးကွယ်ရာမရှိသော သူတို့ကို ထမင်းရေစာ ပေးတတ်သောကြောင့် အနာထပိဏ် သူဌေးဟု ခေါ်တွင်ပါသည်ဘုရား။

မေး.... ငယ်မည်ကို အာဘယ်သူ ခေါ်သနည်း။

ဖြေ.... သုဒတ္တ, ခေါ်ပါသည်ဘုရား။

www.dhammadownload.com

မေး.... ဇေတဝန် ကျောင်းတော်သည် သာဝတ္ထိပြည်နှင့် နီး သလော, ဝေးသလော။ အရှေ့, အနောက်, တောင်, မြောက် စသည်တို့တွင် အဘယ်အရပ်မှာနည်း။

ဖြေ.... ဘဂဝါ သာဝတ္ထိယံ သာဝတ္ထိနဂရသာ အဝိဒူရေ ဓနုပဋ္ဌသတမတ္တေ ဒက္ခိဏာပထော-ဟူသော သာဓက ပါဠိရှိသောကြောင့် သာဝတ္ထိပြည်၏ တောင်အရပ် ဖြစ်သော ကုလလေးတာ အပြန်ငါးရာ အရပ်တွင် ဖြစ်ပါသည်ဘုရား။

မေး.... ဇေတဝန် ကျောင်းတော်သည် လေးဒေါင့်လော၊ စပွယ်ရုံလော၊ ဦးမြည်းလော။

ဖြေ.... တိဘုမ္မိကေသုဂန္ဓကုဋိသု-ဟူ၍ သာဓက ပါဠိရှိသော ကြောင့် စုလစ်မွန်ချွန်တို့ဖြင့် တင့်တယ် ဆန်းကြယ်စွာ တန်းဆာဆင်အပ်၍ ဘုံသုံးဆင့်ရှိသော ဇေတဝန် ကျောင်းတော်ဖြစ်ပါသည်။

မေး.... အဘယ်သူ တောင်းပန်၍ ဟောတော်မူသနည်း။

ဖြေ.... အမျိုးအမည် မထင်ရှားသော နတ်သား တောင်းပန် ၍ ဟောတော်မူပါသည်ဘုရား။

မေး.... အဘယ်ကြောင့် မထင်ရှားသော နတ်သားဟု ဆို သနည်း။

ဖြေ.... အထဓေါ အညတရာ ဒေဝတာ-ဟူသော ပါဠိကို ထောက်၍ ဆိုပါသည်ဘုရား။

မေး.... မထင်ရှားသော နတ်သား အဘယ်သူဖြစ်သနည်း။

ဖြေ.... ဇုန္ဒသက္က သကြားဟု ဆိုပါသည်ဘုရား။

www.dhammadownload.com

မေး.... အဘယ်အခါ တောင်းပန်သနည်း။
ဖြေ.... သန်းခေါင်အခါ တောင်းပန်ပါသည်ဘုရား။
မေး.... အဘယ်ကြောင့် သိရသနည်း။
ဖြေ.... အဘိက္ကန္တာယရတ္တိယာ – ဟူသော ပါဠိကို ထောက်၍ သိရပါသည်ဘုရား။
မေး.... မထင်ရှားသော နတ်သားကို အဘယ်အကြောင်း ကြောင့် သိကြားဟု ဆိုသနည်း။
ဖြေ.... ဘုရား သခင်၏ ခြေရင်းတော်၌ ညှဉ်ဒိုးယံကား စတုမဟာရာဇ် နတ်တို့သည် ဆည်းကပ်ဖူးမြော် ပူဇော်မြဲ အချိန်အခါ ဖြစ်ပါသည်။ သန်းခေါင်ယံအခါ၌ တာဝတိံသာ နတ်သိကြားတို့ ဆည်းကပ်ဖူးမြော်မြဲ အချိန်အခါဖြစ်ပါသည်။ မိုးသောက်ယံကား ပြဟ္မာတို့ ဆည်းကပ်ဖူးမြော်မြဲ အချိန်အခါဖြစ်ပါသည်။ ထို အချိန်ကာလသုံးပါးတွင် သန်းခေါင်ယံ အချိန်ဖြစ် သောကြောင့် သိကြားဟု ဆိုပါသည်ဘုရား။
မေး.... သိကြား တောင်းပန်သည်ကို အဘယ်သူ ကြား သနည်း။
ဖြေ.... အရှင်အာနန္ဒာ ကြားပါသည်ဘုရား။
မေး.... အရှင် အာနန္ဒာ ကြားကြောင်းကို အဘယ်ကြောင့် သိရသနည်း။
ဖြေ.... အနန္ဒတ္ထေရေန သုတံ – ဟူသော ပါဠိကို ထောက်၍ သိရပါသည်ဘုရား။
မေး.... အရှင်အာနန္ဒာကြားသော် ဘယ်သူကိုပြောသနည်း။
ဖြေ.... အရှင်မဟာကဿပမထေရ်ကို ပြောပါသည်ဘုရား။

www.dhammadownload.com

မေး.... အရှင်မဟာကဿပဟု အဘယ်ကြောင့်ခေါ်သနည်း။

ဖြေ.... ကဿက ကမ္မာဒီသု သံဝေဝံ ပဋိလဘိတ္တာန ပဗ္ဗဇန တောတိ ကဿပေါ်–ဟူသော ပိဂ္ဂိဟ်ပါ်ဌန့် အညီ လယ်လုပ်ခြင်း အစရှိသော အမှုတို့၌ ထိတ်လန့်ခြင်း တရားကို ရ၍ ရဟန်းပြုသောကြောင့် ကဿပဟု ခေါ်ပါသည်ဘုရား။

မေး.... ငယ်မည်ကို အဘယ်သူဆိုသနည်း။

ဖြေ.... ရွှေအဆင်းကဲ့သို့ ကိုယ်သား ကိုယ်ရေတို့၏ တင့်တယ်ခြင်း ရှိသောကြောင့် ဒိပ္ပလိလုလင်ဟု ဆိုပါသည်ဘုရား။

မေး.... မင်္ဂလာ သုံးဆယ့်ရှစ်ပါး ဆိုသော် အဘယ်သည်တို့နည်း။

ဖြေ.... အသေဝနာစ။ပ။ ဧတံ မင်္ဂလ မုတ္တမံ ဟူသော ပဌမဒေသနာတော်၌ မင်္ဂလာ သုံးပါး။ ။ပတိရူပ။ ပ။ ဧတံ မင်္ဂလ မုတ္တမံ ဟူသော ဒုတိယ ဒေသနာတော်၌ မင်္ဂလာသုံးပါး။ ဗာဟုသစ္စ။ ပ။ ဧတံမင်္ဂလ မုတ္တမံ ဟူသော တတိယ ဒေသနာတော်၌ မင်္ဂလာ လေးပါး။ မာတာပိတု။ ပ။ ဧတံမင်္ဂလ မုတ္တမံ ဟူသော စတုတ္ထ ဒေသနာတော်၌ မင်္ဂလာ သုံးပါး။ ။ ဒါန။ ပ။ ဧတံ မင်္ဂလမုတ္တမံ ဟူသော ပဉ္စမ ဒေသနာတော်၌ မင်္ဂလာ လေးပါး။ ။အာရတိ။ ပ။ ဧတံ မင်္ဂလမုတ္တမံ ဟူသော ဆဋ္ဌဒေသနာတော်၌ မင်္ဂလာ လေးပါး။ ။ဂါရဝေါ စ။ပ။ ဧတံမင်္ဂလမုတ္တမံ ဟူသော သတ္တမ ဒေသနာတော်၌ မင်္ဂလာ ငါးပါး။ ခန္တီစ။ ပ။ ဧတံမင်္ဂလမုတ္တမံ

www.dhammadownload.com

ဟူသော အင်္ဂမ ဒေသနာတော်၌ မဂ်လာ လေးပါး။ တပေါစ။ ပ။ ဧတံမင်္ဂလမုတ္တမံ ဟူသော နဝမဒေသနာတော်၌ မဂ်လာ လေးပါး။ ။ဖုဋ္ဌသ။ ပ။ ဧတံ မင်္ဂလမုတ္တမံ ဟူသော ဒသမ ဒေသနာတော်၌ မဂ်လာ လေးပါး။ ။ဤသို့အားဖြင့် မဂ်လာ သုံးဆယ့် ရှစ်ပါး ရှိပါသည်ဘုရား။

မေး.... အသေဝနာစ အစရှိသော ပဌမ ဒေသနာတော်၌ မဂ်လာ သုံးပါးဆိုသော် အဘယ်သည်တို့နည်း။

ဖြေ.... သူမိုက်တို့ကို မမှီဝဲ မဆည်းကပ် ရ ခြင်း သည့်လည်း မဂ်လာ တပါး၊ ပညာရှိသောသူတို့ကို မှီဝဲ ဆည်းကပ် နှီးနှော ရခြင်းသည့်လည်း မဂ်လာတပါး၊ ဘုရား အစရှိသော ရတနာသုံးပါးတို့အား အရိအသေ အလေး အမြတ် ပြုရခြင်းသည့်လည်း မဂ်လာ တပါး၊ ဤသို့ အားဖြင့် အသေဝနာစ အစရှိသော ပဌမ ဒေသနာတော်၌ မဂ်လာသုံးပါး ရှိပါသည်ဘုရား။

မေး.... အသေဝနာစ အစရှိသော ပဌမ် ဒေသနာတော်၌ မဂ်လာ သုံးပါးကို သိရပါပြီ။ ပတိရူပဒေသဝါသောစ အစရှိသော ဒုတိယ ဒေသနာတော်၌ မဂ်လာ သုံးပါ ဆိုသော် အဘယ်သည်တို့နည်း။

ဖြေ။.... တင့်အပ် လျောက်ပတ်သော အရပ်၌ နေရခြင်းသည် လည်း မဂ်လာတပါး၊ ရှေးကပြုခဲ့ဘူးသော ကောင်းမှု ရှိခြင်းသည့်လည်း မဂ်လာတပါး၊ မိမိကိုယ်ကို ကောင်းစွာ ထိန်းသိမ်း စောင့်ရှောက်ရခြင်းသည့်လည်း မဂ်လာ တပါး၊ ဤသို့အားဖြင့် ပဌိရူပဒေသဝါသောစ

www.dhammadownload.com

အစရှိသော ဒုတိယဒေသနာတော်၌ မဂ်လာသုံးပါး ရှိပါသည်ဘုရား။

မေး.... ပတိရူပ ဒေသဝါသောစ အစရှိသောဒုတိယဒေသနာတော်၌ မဂ်လာသုံးပါးကိုသိရပါ၏။ ဗာဟုသစ္စဥ္စ အစရှိသော တတိယဒေသနာတော်၌ မဂ်လာလေးပါးဆိုသော် အဘယ်သည်တို့နည်း။

ဖြေ.... ကျမ်းဂန်တရား အကြွားအမြင်များရခြင်းသည်လည်း မဂ်လာတပါး၊ အပြစ်ခပ်သိမ်း ကင်းသော နှုတ်မှ အတတ်တို့ကို တတ်ရခြင်းသည်လည်း မဂ်လာတပါး၊ ကောင်းစွာ သိအပ်သော ဝိနည်းစာရားတို့ကို သင်ကြားရခြင်းသည်လည်း မဂ်လာတပါး၊ အင်္ဂါလေးပါးနှင့် ပြည့်စုံသော စကားကို ပြောဆိုရခြင်းသည်လည်း မဂ်လာတပါး။ ဤသို့အားဖြင့် ဗာဟုသစ္စဥ္စ အစရှိသော ဘတိယ ဒေသနာတော်၌ မဂ်လာလေးပါး ရှိပါသည်ဘုရား။

မေး.... ဗာဟုသစ္စဥ္စ အစရှိသော တတိယဒေသနာတော်၌ မဂ်လာတရား လေးပါးကို သိရပါ၏။ မာတာပိတု အစရှိသော စတုတ္ထဒေသနာတော်၌ မဂ်လာသုံးပါးဆိုသော် အဘယ်သည်တို့နည်း။

ဖြေ.... အမိ,အဘတို့ကို လုပ်ကျွေး မွေးမြူရခြင်းသည်လည်း မဂ်လာ တပါး၊ သားမယားတို့အား သင်္ဂြိဟ်ထောက်ပံ့ရခြင်းသည်လည်း မဂ်လာတပါး၊ အနှောင့်အရှက် မရှိသော လယ်လုပ်ခြင်း ကုန်သွယ်ခြင်းအမှုတို့ကိုပြုရခြင်းသည်လည်း မဂ်လာတပါး၊ ဤသို့အားဖြင့်-

www.dhammadownload.com

မာတာပိတု အစရှိသော စတုတ္ထ ဒေသနာတော်၌ မဂ်လာတရား သုံးပါး ဖြစ်ပါသည်ဘုရား။

မေး.... မာတာပိတု အစရှိသော စတုတ္ထ ဒေသနာတော်၌ မဂ်လာသုံးပါးကို သိရပါပြီ။ ဒါနဥ္စ အစရှိသော ပဉ္စမ ဒေသနာတော်၌ မဂ်လာတရား လေးပါးဆိုသော် အဘယ်သည်တို့နည်း။

ဖြေ.... အလှူပေးရခြင်းသည်လည်း မဂ်လာတပါး၊ တရားကို ကျင့်ရခြင်းသည်လည်း မဂ်လာတပါး၊ အဆွေအမျိုး တို့အား သင်္ဂြိဟ် ထောက်ပံ့ရခြင်းသည်လည်း မဂ်လာတပါး၊ အပြစ်မရှိသော အကြင်အမှုတို့ကို ပြုရခြင်းသည်လည်း မဂ်လာတပါး၊ ဤသို့အားဖြင့် ဒါနဥ္စ အစရှိသော ပဉ္စမ ဒေသနာတော်၌ မဂ်လာတရား လေးပါး ဖြစ်ပါသည်ဘုရား။

မေး.... ဒါနဥ္စ အစရှိသော ပဉ္စမဒေသနာတော်၌ မဂ်လာလေးပါးကို သိရပါပြီ။ အာဇာတိ အစရှိသော ဆဋ္ဌ ဒေသနာတော်၌ မဂ်လာလေးပါးဆိုသော် အဘယ်သည်တို့နည်း။

ခဖြေ.... မဇ္ဈိမကာဠမှကို မပြုမှီ၌ ဝေးစွာကြဉ်ရခြင်းသည်လည်း မဂ်လာတပါး၊ ကိုယ်၏အသက်ကို ငဲ့ကွက်ခြင်းကင်း သောစိတ်ဖြင့် ငါသည် မကောင်းမှုကို မပြုပြီ။ ငါ၏ အသက်သေသော်လည်း သေပါစေ၊ သူ၏အသက်ကို မသတ်မှုရှိ သူ့ဥစ္စာကို ခိုးယူခြင်းအစရှိသော အမှုကို မပြုပြီဟု အထူးသဖြင့် ကြဉ်ရှောင်ရခြင်းသည်လည်း မဂ်လာတပါး။

www.dhammadownload.com

မေး.... သုရာငါးပါးဆိုသည် အဘယ်နည်း။

ဖြေ.... ဝိဋ္ဌသုရာ-မှုံညက်ဖြင့် ပြုသောသေ။ ပူဝသုရာ-မှုံဖြင့် ပြုသောသေ။ ညြဒနသုရာ—ထမင်းဖြင့် ပြုသောသေ။ ကိလ္လာပကွိတ္တသုရာ—တဆေးထည့်၍ ပြုသောသေ။ သမ္ဘာရ သံယုတ္တာ-များစွာသော အဆောက်အဦတို့ဖြင့် ပြုသောသေ။ ဤသည်ကား သေငါးပါး ဖြစ်ပါသည်ဘုရား။

မေး.... မေရယငါးပါးဆိုသည် အဘယ်နည်း။

ဖြေ.... ပပ္ပဘာသဝေါ-အပွင့်အရည် တိုဖြင့် ပြုသော အရက်။ ဖလာသဝေါ-သစ်မည်စည်သီး အစရှိသည် တိုဖြင့် ပြုသောအရက်။ မဒ္ဓဘာသဝေါ-မုဒရက်သီး အစရှိသည်တိုဖြင့် ပြုသောအရက်။ ဂုဠဘာသဝေါ-ကြံရည် တိုဖြင့် ပြုသောအရက်။ သမ္ဘာရသံယုတ္တာ- များစွာသော အဆောက်အဦတိုဖြင့် ပြုသောအရက်။ ဤသည်ကား မေရယ ငါးပါး ဖြစ်ပါသည်ဘုရား။ ဆိုအပ်ခဲ့ပြီးသော ယစ်မျိုးငါးပါးကို သောက်စားခြင်းမှ စောင့်စည်းရခြင်းသည်လည်း မဂ်လာတပါး၊ ဒါန, သီလ, ဘာဝနာ, အပစာယန, ဝေယျာဝစ္စ, ပတ္တိဒါန, ပတ္တာနုမောဒန, ဓမ္မသဝဏ, ဓမ္မဒေသနာ, ဒိဋ္ဌုကုမ္မ တည်းဟူသော ကုသိုလ်တရား ဆယ်ပါးတို့၌ မမေ့မလျော့ ရခြင်းသည်လည်း မဂ်လာတပါး။ ဤသို့အားဖြင့် အာရတိအစရှိသော ဆဋ္ဌဒေသနာတော်၌ မဂ်လာတရား လေးပါး ဖြစ်ပါသည်ဘုရား။

www.dhammadownload.com

မေး.... အာရုတိ အစရှိသော ဆဋ္ဌဒေသနာတော်၌ မင်္ဂလာတရားလေးပါးကို သိရပါပြီ။ ဂါရဝဝါစ အစရှိသော သတ္တမဒေသနာတော်၌ မင်္ဂလာတရား ငါးပါး ဟူသော်ကား အဘယ်သည်တို့နည်း။

ဖြေ.... ဇာတ်, ဂုဏ်ရှိသော သူတို့အား အရိုအသေ အလေးအမြတ်ပြုရခြင်းသည်သည်း မင်္ဂလာတပါး၊ မိမိကိုယ်ကို နှိမ့်ချရခြင်းသည်လည်း မင်္ဂလာတပါး၊ ရရသမျှသော ပစ္စည်း အသုံးအဆောင်တို့ဖြင့် ရောင့်ရဲလွယ်ရခြင်းသည်လည်း မင်္ဂလာတပါး၊ သူတပါးကျေးဇူးကို သိရခြင်းသည်လည်း မင်္ဂလာတပါး၊ လျောက်ပတ်သောအခါ၌ တရားတော်ကို နာရခြင်းသည်လည်း မင်္ဂလာတပါး၊ ဤသို့အားဖြင့် သတ္တမဒေသနာတော်၌ မင်္ဂလာတရား ငါးပါး ဖြစ်ပါသည်ဘုရား။

မေး.... သတ္တမဒေသနာတော်ဖြစ်သော ဂါရဝဝါစ၌ မင်္ဂလာတရားငါးပါးကို သိရပါပြီ။ ခန္ဓိစအစရှိသော အဋ္ဌမဒေသနာတော်၌ မင်္ဂလာတရား လေးပါးဟူသော်ကား အဘယ်သည်တို့နည်း။

ဖြေ.... ကိုယ့်အောက် ယုတ်သော သူတို့ကို သည်းခံရခြင်းသည်လည်း မင်္ဂလာတပါး၊ သူတော်ကောင်းတို့ ဆိုလွယ်သော သူ၏ အဖြစ်သည်လည်း မင်္ဂလာတပါး၊ ရဟန်း ပုဏ္ဏားတို့အား ဖူးမြင်ရခြင်းသည်လည်း မင်္ဂလာတပါး၊ လျောက်ပတ်သောအခါ၌ တရားစကားကို နှိုးနှောပြောဆို ဆွေးနွေး မေးမြန်း ရခြင်းသည်လည်း မင်္ဂလာတပါး၊ ဤသို့အားဖြင့် အဋ္ဌမဒေသနာ

www.dhammadownload.com

တော်ဖြစ်သော ခန္ဓိစဋ္ဌ မဂ်လာတရား လေးပါးဖြစ် ပါသည်ဘုရား။

မေး.... အဋ္ဌမ ဒေသနာတော် ဖြစ်သော ခန္ဓိစဋ္ဌ မဂ်လာ တရားလေးပါးကို သိရပါပြီ။ တပေါစ အစရှိသော နဝမ ဒေသနာတော်၌ မဂ်လာတရား လေးပါးဟူသည်ကား အဘယ်သည်တို့နည်း။

ဖြေ.... ခိုးခြိုစွာ ကျင့်ရခြင်းသည်လည်း မဂ်လာတပါး၊ မြတ်သော မေတ္တာ, တရကာ, မုဒိတာ, ဥပေက္ခာတည်းဟူသော မြဟ္မစိုရ်တရားကို ကျင့်ရခြင်း သည်လည်း မဂ်လာတပါး၊ အရိယ သစ္စာတရားမှန်တို့ကို သိမြင်ရခြင်း သည်လည်း မဂ်လာတပါး၊ အရဟတ္တဖိုလ် နိဗ္ဗာန်ကို မျက်မှောက် ပြုရခြင်းသည်လည်း မဂ်လာတပါး၊ ဤသို့အားဖြင့် တပေါစအစရှိသော နဝမ ဒေသနာတော်၌ မဂ်လာတရား လေးပါး ဖြစ်ပါသည်ဘုရား။

မေး.... နဝမ ဒေသနာတော်ဖြစ်သော တပေါစ၌ မဂ်လာ တရားလေးပါးကို သိရပါပြီ။ ဖုဋ္ဌသ အစရှိသော ဒသမ ဒေသနာတော်၌ မဂ်လာတရား လေးပါးဟူသော်ကား အဘယ်သည်တို့နည်း။

ဖြေ.... လာဘော, အလာဘော၊ ယသော, အယသော၊ နိန္ဒာ ပသံသာ၊ သုခံ, ဒုက္ခံတည်းဟူသော လောကဓံတရား ရှစ်ပါးတို့နှင့်တွေ့သော ရဟန္တာပုဂ္ဂိုလ်၏ စိတ်သည် တုန်လှုပ်ခြင်းမရှိသော အဖြစ်သည်လည်း မဂ်လာတပါး၊ ထိုလောကဓံတရား ရှစ်ပါးတို့ကိုတွေ့သော

www.dhammadownload.com

အခါ စိုးရိမ်ခြင်းမရှိသည်လည်း မင်္ဂလာတပါး၊ ကို လေသာ ရမ္မက်ဟူသော အညစ်အကြေးမတင် သန့် ရှင်း စင်သော အဖြစ်သည်လည်း မင်္ဂလာတပါး။ ကြောက်မက်ခြင်း ကင်းသောအဖြစ်သည်လည်း မင် လာ တပါး၊ ဤသို့အားဖြင့် ဒသမ ဒေသနာတော်၌ မင်္ဂလာတရား လေးပါးဖြစ်ပါသည်ဘုရား။

မေး.... မင်္ဂလာ တရားတော်ကို အရှင် အာနန္ဒာ မထေရ် သည် အရှင်မဟာကဿပ မထေရ်အား ပြောသည် ဆိုသော် အဘယ်အရပ်မှာ ပြောသနည်း။

ဖြေ.... ရာဇဂြိဟ်ပြည်မှာ ပြောပါသည်ဘုရား။

မေး.... ရာဇဂြိဟ်ပြည်ဟု အဘယ့်ကြောင့်ခေါ်ပါသနည်း။

ဖြေ.... စကြဝဠာတိုး အစရှိသော ဘုန်းကြီးသော မင်းတို့ သည် သိမ်းယူရာ ဖြစ်သောကြောင့် ရာဇဂြိဟ်ဟု ခေါ်တွင်ပါသည်ဘုရား။

မေး.... ရာဇဂြိဟ်ပြည် မြို့တွင်းမှာလော၊ မြို့ပြင် မှာလော၊ အရှေ့၊ အနောက်၊ တောင်၊ မြောက်စသော အရပ် တွင် အဘယ်အရပ်မှာ ပြောသနည်း။

ဖြေ.... ရာဇဂြိဟ်ပြည်မြို့ပြင်၊ မြောက်ဘက်အရပ်၊ ဝေဘာရ တောင်ခွမ်း၊ စရည်းပင်ရောက်သော ကျောက်ဂူလိုဏ် ဝဠဳ နတ်တို့ဘုံဆောင် ဗိမာန်နှင့်တူသော ရတနာ မျိုးတို့ဖြင့် တန်းဆာဆင်အပ်သော ချောမောပြေပြစ် ဆန်းကြယ်လှစွာသော ရတနာသဘင်မဏ္ဍပ်မှ ဇုန္ဒနီ လာ၊ မဿာရဂလ်၊ မနောမယ အစရှိသော ရတနာ မျိုးတို့ဖြင့် စိမံအပ်သော တွဲတွဲဒီးဒီး ရွှေချောင်းစိုး

www.dhammadownload.com

သကဲ့သို့ လျှံညီးတောက်ပသော ပလွင်ထက်၌ အဘိုး အတိုင်းမသိ ထိုက်သော ခင်းနှီး နေရာပေါ်တွင် ဆင်စွယ် စီသော ယပ်ကို ကိုင်၍ အရှေ့ စူးစူးသို့ မျက်နှာပြုလျက် နေတော်မူပြီးလျှင် ပဌမသင်္ဂါယနာ ကို အမှူးပြု၍ ဆောင်ရွက်တော် မူသော အရှင် မဟာကဿပရဟန္တာကြီးက မေးတော်မူလျှင် အရှင် အာနန္ဒာ ဖြေလျှောက်ပါသည် ဘုရား။ နတ်သား တောင်းပန်၍ ဟောတော် မူသောအခါ ကုဋေ ရှစ် သန်းမျှလောက်ကုန်သော နတ်သားတို့သည် ရဟန္တာ ဖြစ်ကြ၏ ဆိုပါသည်။ သောတာပန်, သကဒါဂါမ်, အနာဂါမ်ဖြစ်သူ အနန္တဆိုပါသည်ဘုရား။

မဂ်လသုတ် အမေးအဖြေ ပြီး၏။

မဂ်လသုတ်၌ အထူးမှတ်ရန် အဓိပ္ပါယ်

[မဂ်လသုတ်၌ အဓိပ္ပါယ်ကို အထူးမှတ်သားရန် အနည်းငယ်မျှ ထည့်သွင်းလိုက်ပါဦးအုံ]။

ကေမန္တံ အဋ္ဌသီ-ဟူသော ပါဠိ၏ အဓိပ္ပါယ်ကား.... နှီးလွန်းသောအရပ်၊ ဝေးလွန်းသော အရပ်၊ လေညာဖြစ် သောအရပ်၊ မြင့်သောအရပ်၊ ရွှေတူရွှ ဖြစ်သောအရပ်၊ နောက်တူရွှဖြစ်သော အရပ်၊ ဂုဏ် ခြောက်ရပ်မှလွတ်သော အရပ်ကို ဆိုလိုသည်။

www.dhammadownload.com

ပတိရူပ ဒေသ ဝါသေဝစ-ဟူသော ပါဠိ၏ အဓိပ္ပါယ်ကား....ရတနာသုံးပါး ထင်းရှားရှိသောအရပ်၌ နေရခြင်းကို ဆိုလိုသည်။

အတ္တာသမ္မာပဏိဓိစ-ဟူသော ပါဠိ၏ အဓိပ္ပါယ်ကား ဒုစ္စရိုက်ဆယ်ပါးမှ ရှောင်ကြဉ်ရမည် ဆိုလိုသည်။

သုဘာသိတဝစ ယာဝဝါစာ-ဟူသော ပါဠိ၏ အဓိပ္ပါယ်ကား....ပိသုဏဝါစာမှ ကြဉ်၍ဆိုသော သုဘာသိတစကား၊ ဖရုသဝါစာမှ ကြဉ်၍ဆိုသော ပိယဝါစာစကား၊ သပ္ပပွလာပမှ ကြဉ်၍ဆိုသော ဓမ္မစကား၊ မုသာဝါဒမှကြဉ်၍ဆိုသော သစ္စာစကား၊ ဤအင်္ဂါလေးပါးနှင့် ပြည့်စုံသော စကားကို ဆိုလိုသည်။

ပဋိဘဒါရဿသင်္ဃော-ဟူသော ပါဠိ၏ အဓိပ္ပါယ်ကား သရဏဂုံဆောက်တည်၍, ပဉ္စသီလကို ထိန်းစောင့်၍, ကုသိုလ်ကောင်းမှုကိုပြု၍, တရားတော်နှင့်အညီ သား,မယား,မွေးရမည် ဆိုလိုသည်။

ဒါနဥ္စ ဓမ္မစရိယာ-ဟူသော ပါဠိ၏ အဓိပ္ပါယ်ကား ဆွမ်း, အဖျော်, ကျောင်း,သင်္ကန်း, ယာဉ်, ပန်း,နံ့သာပျောင်း, နံ့သာ, အိပ်ရာနေရာ, ဆီမီး,ဂင်းဒါနဝတ္ထုဆယ်ပါး၊ သူနာတို့၏ အထောက်အပံ့ဖြစ်သောဆေး၊ ဤဆယ့်တပါးကို ဒါနဥဿ ပုဒ်၌သွင်းအပ်၏။ ။ငါးပါးသီလ, ဆယ်ပါးသီလ, စတုပါရိသုဒ္ဓိသီလတို့ကို ဓမ္မစရိယာပုဒ်၌ သွင်းအပ်၏ ။ ။အင်္ဂဉ်သီလကို အနဝဇ္ဇာနိ ကမ္မာနိ-ဟူသောပုဒ်၌ သွင်းအပ်၏၊

www.dhammadownload.com

အာရတိ ဝိရတိ - ပါဠိ၏ အဓိပ္ပါယ်ကား.... စိတ်နှလုံးဖြင့် ကြဉ်ခြင်းသည် အာရတိမည်၏။ ကိုယ်,နှုတ်နှစ်ပါးဖြင့် ကြဉ်ခြင်း သည် ဝိရတိမည်၏။

မဇ္ဇပါနာ-ပါဠိ၏ အဓိပ္ပါယ်ကား....သုရာငါးပါး, မေရယ ငါးပါးကို ကြဉ်ရှောင်ရမည် ဆိုလိုသည်။

သန္နိဒ္ဓိစ - ပါဠိ၏ အဓိပ္ပါယ်ကား .... ကိလေသာ တို့ကို ခေါင်းပါးစေခြင်းငှာ လောဘအာရုံသို့ မလိုက်မှု၌ ရရှိသမျှ သော ပစ္စည်းတို့ဖြင့် ရောင့်ရဲ၍ သုံးဆောင်ရမည် ဆိုလိုသည်။

ကာလေန ဓမ္မဿဝဏံ-ဟူသော ပါဠိ၏ အဓိပ္ပါယ်ကား.... ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသဝိတက်၊ ဤမိစ္ဆာ ဝိတက် မဝင်လာသောအခါသည် တရားတော်ကို နာခြင်းငှာ လျှောက်ပတ်သောအခါ မည်၏။

သောဝစဿတာ - ဟူသော ပါဠိ၏ အဓိပ္ပါယ်ကား.... သားတော် ရာဟုလာကို သြဝါဒ ပေးတော်မူသော အခါ တခွန်းတည်းသော စကားဖြင့် နာယူလွယ်သကဲ့သို့ သူတော် ကောင်းတို့ ဆုံးမစကားကို တခွန်းတည်းဖြင့် နားထောင် နာယူလွယ်ရမည် ဆိုလိုသည်။

သမဏာနဉ္စ ဒဿနံ - ဟူသော ပါဠိ၏ အဓိပ္ပါယ်ကား .... သီလဝန္တ ပုထုဇဉ်ပုဂ္ဂိုလ်နှင့် တကွ သေက္ခပုဂ္ဂိုလ် ခုနစ်ယောက် တို့အား ဖူးမြင်ရမည် ဆိုလိုသည်။

တပေါစ - ဟူသော ပါဠိ၏ အဓိပ္ပါယ်ကား .... ဝိရိယကို ဖြစ်စေ၍, ကုန်သြယ သံဝရသီလကို လုံအောင် ထိန်းသိမ်းရမည် ဆိုလိုသည်။

www.dhammadownload.com

ဖြဟ္မစရိယဥ္ဇ-ဟူသော ပါဠိ၏ အဓိပ္ပါယ်ကား မေထုန် ၇-ပါးမှ ကြဉ်ရှုမည် ဆိုလိုသည်။

အရိယသစ္စာနဒဿနံ - ဟူသော ပါဠိ၏ အဓိပ္ပါယ်ကား.... သစ္စာလေးပါးကို မဂ်ဉာဏ်ဖြင့် မြင်ရမည်ဟု ဆိုလိုသည်။

နိဗ္ဗာနသစ္ဆိကိရိယာစ - ဟူသောပါဠိ၏ အဓိပ္ပါယ်ကား ..... အရဟာတ္တဖိုလ်သို့ ရောက်ခြင်း, ဆင်ခြင်ခြင်းကို ဆိုလိုသည်။

လောကဓမ္မေဟိ-ဟူသော ပါဠိ၏ အဓိပ္ပါယ်ကား.....လာဘ် ရခြင်း, လာဘ် မရခြင်း၊ အခြံအရံ ရှိခြင်း, အခြံအရံ မရှိခြင်း၊ ကဲ့ရဲ့ခြင်း, ချီးမွမ်းခြင်း၊ ချမ်းသာခြင်း, ဆင်းရဲခြင်း ဤလောကဝံတရား ရှစ်ပါးကို ဆိုလိုသည်။

မင်္ဂလသုတ်၌ အထူးမှတ်ရန် အဓိပ္ပါယ်ပြီး၏။

မင်္ဂလာသံပေါက်

၁။ ကောလာဟလ၊ ကြိုကုန်ကြ၊ ဒေဝမနုဿာ။
၂။ သက္ကသိကြား၊ တောင်းပန်ငြား၊ ဟောထား ဒေသနာ။
၃။ အသေဝနာစ၊ ဗာလာန၊ ရှောင်ကြဝေးဝေးခွာ။
၄။ ပဏ္ဍိတာနဉ္စ။ သေဝန၊ ပေါင်းကြ မှီဝဲရာ။
၅။ ပူဇနီယ၊ ပူဇာစ၊ ပြုအပ်လှသည်သာ။
၆။ ပတိရူပ၊ တင့်အပ်လှ၊ ဒေသအာရပ်မှာ။
၇။ ပုဗ္ဗေကတ၊ လှုဒါန၊ ရှေးကပြုသော်သာ။
၈။ ကိုယ်ကိုစောင်မ၊ ဆောက်တည်က၊ လားကြနိဗ္ဗုတာ။

www.dhammadownload.com

၉။ အကြားအမြင်၊ များမြောက်ပင်၊ ကြည့်လင် အား
ထုတ်ပါ။
၁၀။ အပြစ်မရှိ၊ ကင်းလွတ်ဘိ၊ ကဝိမှတ်ကုန်ရာ။
၁၁။ ဝိနယောစ၊ သိက္ခိတ၊ သင်ကြမျိုးလေးဖြာ။
၁၂။ သုဘာသိတ၊ ယာဝါစ၊ ကောင်းလှဆိုအပ်စွာ။
၁၃။ မာတာ,ပိတ၊ မိနှင့်ဘ၊ နိစ္စလုပ်ကျွေးပါ။
၁၄။ မယား-သားအား၊ သင်္ဂြိဟ်ငြား၊ တပါးမင်္ဂလာ။
၁၅။ အနာကုလ၊ ကမ္မန္တ၊ ပြုကြမှုကိစ္စာ။
၁၆။ အလှူဒါန၊ ပေးဝေဥ၊ တတ်လှစေတနာ။
၁၇။ အကျင့်ဓမ္မ၊ ကောင်းမြတ်လှ၊ မဒွသူတော်စွာ။
၁၈။ ဉာတကာနဥ္စ၊ သင်္ဂဟ၊ မ,စ သင်္ဂြိဟ်ပါ။
၁၉။ အနဝဇ္ဇ၊ ပြစ်မရ၊ ပြုကြအပ်သည်သာ။
၂၀။ အာရတိစ၊ အဓမ္မ၊ နှေးညှကြဉ်ကုန်ပါ။
၂၁။ ဗိရတိစ၊ ထူးထွေလှ၊ ကြဉ်ကြမှုပါ့ပါ။
၂၂။ မဇ္ဇပါန၊ ယစ်မျိုးစ၊ ရှောင်ကြ လူတကာ။
၂၃။ ကုသိုလ်ဓမ္မ၊ အားထုတ်ကြ၊ နှေးညမမွေရာ။
၂၄။ ဂါရဝေါစ၊ ရိတုပ်ကွ၊ မြတ်လှဓမ္မတာ။
၂၅။ နိဝါတောစ ကိုယ်နှိမ့်ချ၊ မာနမထောင်ရာ။
၂၆။ သန္တုဋ္ဌိစ၊ ရောင့်ရဲကြ၊ နိစ္စအလွယ်သာ။
၂၇။ သူ၏ကျေးဇူး၊ မထိမ်မြူး၊ ကြည်နူးသိကုန်ပါ။
၂၈။ လျောက်ပတ်ကာလ၊ မြတ်ဓမ္မ၊ နာကြအပ်သည်သာ။
၂၉။ သည်းခံနှလုံး၊ သူတော်ထုံး၊ ရှင်ပြုံးကျင့်အပ်စွာ။
၃၀။ ကောင်းသည်စကား၊ ဆိုတတ်ငြား၊ အများ ကြည်
မေတ္တာ။

www.dhammadownload.com

၃၁။ မကောင်းမှုအား၊ ဝေးစွာရှား၊ လားလားကြည်ကုန်ပါ။
၃၂။ ရဟန်းသူမြတ်၊ ဖူးမြင်အပ်၊ ယွင်းချွတ်မရှိရာ။
၃၃။ သုံးခါတာလ၊ မြတ်ဓမ္မ၊ နေ့ညဆွေးနွေးရာ။
၃၄။ ဂြိုးခြီကျင့်ဝတ် သူတော်မြတ်၊ မပြတ်အရိယာ။
၃၅။ ဖြဟ္မစရိယ၊ ဖြူစင်လှ၊ ကျင့်ကြပလိုတာ။
၃၆။ အရိယသစ္စာ၊ ဒဿန၊ သိကြမျိုးလေးဖြာ။
၃၇။ နိဗ္ဗာန် မျက်မှောက်၊ ပြုကုန်မြောက်၊ ထွန်းတောက်မဂ်လာ။
၃၈။ လောကဓံတရား၊ တွေ့ကြုံငြား၊ လှုပ်ရှားမရှိရာ။
၃၉။ စိုးရိမ်သောက၊ စိတ်မခွ၊ ကင်းကြ လွတ်သည်သာ။
၄၀။ ကိလေသာမျိုး၊ နှောင်ဖွဲ့ကြိုး၊ ဖြတ်ချိုးရှင်းရှင်းကွာ။
၄၁။ အဇ္ဈတ္တိက၊ ဗာဟိရ၊ ဘေးမှလွတ်သည်သာ။
၄၂။ သုံးဆယ့်ရှစ်ပါး၊ ဤတရား၊ အများမှတ်ကုန်ပါ။
၄၃။ ကျက်ရှုအရ၊ ဆောင်လေက၊ ကြိုးလှမဂ်လာ။
၄၄။ ကျက်သရေမျိုး၊ နွေတိုင်းတိုး၊ ဟိုးဟိုးကျော်မည်သာ။

မဂ်လာသံပေါ်ကိုးပြီး၏။

www.dhammadownload.com

၂-အပြင်အောင်ခြင်းရှစ်ပါး ပါဠိ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

၁။ ဗာဟုံသဟဿ မဘိနိမ္မိတ သာဝုဓန္တံ၊
ဂိရိမေခလံ ဥဒိတဃောရုံ သသေန မာရုံ။
ဒါနာဒိ ဓမ္မဝိဓိနာ ဇိတဝါ မုနိန္ဒော။
တံ တေဇသာ ဘဝတု မေ ဇယ မင်္ဂလံ။

၂။ မာရာတိရေက မဘိယုဇ္ဈိတ သမ္ဗ ရတ္တိံ၊
ယောရုံ ပနာဠဝက မက္ခမ ထဒ္ဓ ယက္ခံ။
ခန္တီ သုဒန္တ ဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယ မင်္ဂလံ။

၃။ နာဠာဂိရိံ၊ ဂဇဝရံ အတိမတ္တဘူတံ၊
ဒါဝဂ္ဂိ စက္က မသနိဝ သုဒါရုဏန္တံ။
မေတ္တာမ္ဗုသေက ဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယ မင်္ဂလံ။

၄။ ဥက္ခိတ္တ ခဂ္ဂ မတိဟတ္ထ သုဒါရုဏန္တံ၊
ဓာဝံ တိယောဇန ပထင်္ဂုလိမာလဝန္တံ။
ဣဒ္ဓီ ဘိသင်္ခတ မနော ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယ မင်္ဂလံ။

၅။ ကတ္ဝာန ကဋ္ဌ မုဒရံ ဣဝ ဂဗ္ဘိနိယံ၊
စိဉ္စာယ ဒုဋ္ဌ ဝစနံ ဇနကာယ မဇ္ဈေ။
သန္တေန သောမ မဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယမင်္ဂလံ။

www.dhammadownload.com

၆။ သစ္စံ ဝိဟာယ အတိသစ္စက ဝါဒကဲတုံ၊
ဝါဒါ ဘိရောပိတ မနံ အတိဆန္ဒဘူတံ။
ပညာ ပဒီပ ဇလိတော ဇိတဝါ မုနိန္ဒေါ၊
တံ တေဇသာ ဘဝတု မေ ဇယ မင်္ဂလံ။

၇။ နန္ဒောပနန္ဒ ဘုဇင်္ဂံ ဝိဝိဓံ မဟိဒ္ဓိ၊
ပုတ္တေန ထေရ ဘုဇဂေန ဓုနာပယန္တော။
ဣဒ္ဓိ။ပဒေသ ဝိဓိနာ ဇိတဝါ မုနိန္ဒေါ၊
တံ တေဇသာ ဘဝတု မေ ဇယ မင်္ဂလံ။

၈။ ဒုဂ္ဂါဟ ဒိဋ္ဌိ ဘုဇဂေန သုဒဋ္ဌ ဟတ္ထံ၊
မြဟ္မံ သုတံ ဇုတိ မဟိဒ္ဓိ ဗကာဘိဓာနံ။
ဉာဏာဂဒေန ဝိဓိနာ ဇိတဝါ မုနိန္ဒေါ၊
တံ တေဇသာ ဘဝတု မေ ဇယ မင်္ဂလံ။

အပြင်အောင်ခြင်းရှစ်ပါးအနက်

၁။ ယောမုနိန္ဒေါ၊ အကြင် မြတ်စွာဘုရားသည်။ ဂိရိ မေခလံ၊ ဂိရိမေခလာ အမည်ရှိသော ဆင်ကို။ ဥဒိတံ၊ တက်စီးထံသော။ အဘိနိမ္မိတ သာဝုဓန်္တံ၊ အလွန်ဖန်ဆင်းအပ်သော လက်နက်နှင့်တကွ ဖြစ်သော။ ဗာဟုံသဟဿံ၊ တထောင်သော လက်ရုံး ရှိထံသော။ ယောရုံ၊ ကြမ်းထန်းစွာ ထံသော။ သသေန မာရုံ၊ စစ်သည်နှင့် တကွသော မာရ်နတ်သားကို။ ဒါနာဒိ ဓမ္မဝိဓိနာ၊ ဒါနပါရမီ အစရှိသော တရားတည်းဟူ

www.dhammadownload.com

သော အစိအရင်ဖြင့်။ ဇိုဘဝါ၊ အောင်တော် မူလေပြီ။ တံ တေဇသာ၊မာရ်နတ်သားကို အောင်တော်မူ သော ထိုမြတ် စွာဘုရား၏ တန်ခိုးတော်အားဖြင့်။ မေ၊ အကျွန်ုပ်အား။ အင်္ဂံ၊ မြတ်သော။ ဇယမင်္ဂလံ၊ အောင်ခြင်း မင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေသတည်း။

၂။ ယောမုနိန္ဒော၊ အကြင်မြတ်စွာဘုရားသည်။ မာရာတိ ရေကံ၊ မာရ်နတ်သားထက် အလွန်။ သဒ္ဓရတ္တိ၊ ညဉ့်သုံးယံ ပတ်လုံး။ အဘိယုဇ္ဈိတံ၊ အလွန် စစ်ထိုးနှိုင်ထသော။ ယေးရံ၊ ကြောက်မက်ဘွယ် ရှိထသော။ အကွမံ၊ သူတပါး၏တို့သည် သည်းခံနိုင်ခဲထသော။ ထဒ္ဓံ၊ ကြမ်းထန်း ခက်မာစွာထသော။ အာဠဝကံ၊ အာဠဝက အမည်ရှိသော။ ယက္ခံပန၊ ဘီလူးကို ကား။ ခန္တိသုဒန္တော ဝိဓိနော၊ သည်းခံတော်မူခြင်း, ကောင်းစွာ ယဉ်ကျေးစေတော်မူခြင်း တည်းဟူသော အစိ အရင်ဖြင့်။ ဇိတဝါ၊ အောင်တော်မူလေပြီ။ တံ တေဇသာ၊ အာဠဝက ဘီလူးကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုး တော်အားဖြင့်။ မေ၊ အကျွန်ုပ်အား။ အင်္ဂံ၊ မြတ်သော။ ဇယ မင်္ဂလံ၊ အောင်ခြင်း မင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေသတည်း။

၃။ ယောမုနိန္ဒော၊ အကြင် မြတ်စွာဘုရားသည်။ ဒါဝဂ္ဂိ စက္ကမသနိဝ၊ တောမီး, မိုးကြိုးစက်ကဲ့သို့။ သုဒါရုဏာန်၊ အလွန် ကြမ်းကြုတ်စွာထသော။ အတိမဒ္ဒဘူတံ၊ အလွန် မုန်ယစ်စွာထသော။ နာဠာဂိရိ၊ နာဠာဂိရိ အမည်ရှိသော။ ဂဇ ဝရံ၊ မြတ်သော မင်းဗိုးဆင်ကို။ မတ္တာမ္ဗုသေက ဝိဓိနော၊ မေတ္တာ တော်ရေကို သွန်းခြင်းတည်းဟူသော အစိအရင်ဖြင့်။ ဇိတဝါ၊ အောင်တော် မူလေပြီ။ တံ တေဇသာ၊ နာဠာဂိရိ ဆင်ကို

www.dhammadownload.com

အောင်တော်မှသော ထို မြတ်စွာဘုရား၏ တန်ခိုးတော် အားဖြင့်။ မေ၊ အကျွန်ုပ်အား။ အဝံ၊ မြတ်သော့ ဇယမင်္ဂလံ အောင်ခြင်း မင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေသတည်း။

၄။ ယောမုနိန္ဒော၊ အကြင် မြတ်စွာဘုရားသည်။ ဥက္ခိတ္တ ခဂ္ဂ မဘိဟတ္တာ သုဒါရုဏာန်္ကာ၊ ချီအပ်သော သံလျက် လက်၌ ရှိသည်ဖြစ်၍ အလွန် ကြမ်းကြုတ်စွာထသော၊ တိယောဇနပထံ၊ သုံးယူဇနာရှိသော ခရီးကို။ ဓာဝံ၊ တဟုန်တည်း ပြေးစွမ်းနိုင်ထသော။အင်္ဂုလိမာလဝန်္ကံ၊ လက်ညှိုး တည်းဟူသော ပန်းရှိသော ခိုးသူကို။ ဣဒ္ဓိဘိသင်္ခတမနော၊ တန်ခိုးတော် အားဖြင့် ဖန်ဆင်းအပ်သော နှလုံးတော် ရှိသည် ဖြစ်၍။ ဇိတဝါ၊ အောင်တော်မူလေပြီ။ တံ တေဇသာ၊ အင်္ဂုလိမာလ အမည်ရှိသော ခိုးသူကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်။ မေ၊ အကျွန်ုပ်အား။ အဝံ၊ မြတ်သော။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေသတည်း။

၅။ ယောမုနိန္ဒော၊ အကြင် မြတ်စွာဘုရားသည်။ ကဋ်၊ သစ်သားကို။ ဂဇ္ဇိနိယံ၊ ကိုယ်ဝန်ဆောင်သော။ ဥဒရံဂ္ဂဝ၊ ဝမ်းကဲ့သို့။ ကဘ္ဘာန၊ ပြုလတ်၌။ ဇနကာယမင်္ဂျ၊ တရားနာ ပရိသတ်ဖြစ်သော လူရဟန်း အပေါင်းတို့ အလယ်၌။ စိန္တာယ၊ စိန္တမာဏဝိကာ အမည်ရှိသော မိန်းမည်စ၏။ ဒုဋ္ဌဝစနံ၊ စွပ်စွဲသော အားဖြင့် ဖျက်ဆီးသော စကားကို။ သန္တေန၊ ငြိမ်သက်စွာသော။ သောမ ဝိမိနာ၊ ဖြူစင်စွာသော အစိအရင်ဖြင့်။ ဇိတဝါ၊ အောင်တော်မူလေပြီ။ တံ တေဇသာ၊ စိန္တမာဏ

www.dhammadownload.com

ဝိကာ အမည်ရှိသော မိန်းမည်စ်၏ စွပ်စွဲသော အား‌ဖြင့် ဖျက်ဆီးသောစကားကို အောင်တော်မူသော ထို မြတ်စွာဘုရား၏ တန်ခိုးတော်အား‌ဖြင့်။ မေ၊ အက္ခန္ဓိပ်အား။ အင်္ဂံ၊ မြတ်သော။ ဇယမင်္ဂလံ၊ အောင်ခြင်း မင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေသတည်း။

၆။ ယောမုနိန္ဒော၊ အကြင်မြတ်စွာဘုရားသည်။ သစ္စံ၊ မှန်သောစကားကို။ ဝိဟာယ၊ စွန့်၍။ အတိသစ္စကဝါဒကေ တုံ၊ မမှန်သည်ကို မှန်သည်ဟု ဆိုအပ်သော ဝါဒတည်းဟူသောမှန်ကင်းရှိထသော။ ဝါဒါဘိရောပိတမနံ၊ မိမိဝါဒဖြင့် သူတပါး‌တို့အား နှိမ်းနင်းလိုသောစိတ်ရှိထသော။ အတိအန္ဓဘူတံ၊ အလွန်မိုက်လွန်းသော ကုဋ္ဌဒန္တအမည်ရှိသော သစ္စကပရိဗိုဇ်ကို။ ပညာပဒီပ ဇလိတော၊ ပညာတော် တည်းဟူသော ဆီမီးတန်ဆောင်ကို ညှိထွန်းတော်မူသည် ဖြစ်၍။ ဇိတဝါ၊ အောင်တော်မူလေပြီ။ တံ တေဇသာ၊ ကုဋ္ဌဒန္တ အမည်ရှိသော သစ္စကပရိဗိုဇ်ကို အောင်တော်မူသော ထို မြတ်စွာဘုရား၏ တန်ခိုးတော်အား‌ဖြင့်။ မေ၊ အက္ခန္ဓိပ်အား။ အင်္ဂံ၊ မြတ်သော။ ဇယမင်္ဂလံ၊ အောင်ခြင်း မင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေသတည်း။

၇။ ယောမုနိန္ဒော၊ အကြင်မြတ်စွာဘုရားသည်။ ဝိပိဓံ၊ အထူးထူးအပြားပြားရှိသော။ မဟိဒ္ဓိံ၊ ကြီးသော တန်ခိုးရှိသော။ နန္ဒောပနန္ဒဘုဇင်္ဂံ၊ နန္ဒောပနန္ဒ အမည်ရှိသော နဂါးမင်းကို။ ထေရဘုဇင်္ဂေန၊ ကြီးမြတ်သော နဂါးမင်းဖြစ်တော်မူသော။ ပုတ္တေန။ သားတော် အရှင်မောဂ္ဂလာန်ကို။ ဓုနာပယန္တော၊ အခိုးအလှုံကို ထွက်စေလျက်။ ဣဒ္ဓိ။ပဒေသ

www.dhammadownload.com

ဝိဓိနာ၊ တန်းခိုးတော် ဖန်ဆင်းခြင်း၌ နည်းညွှန်ဥပဒေကို ပေးသော အစီအရင်ဖြင့်။ ဇာတဝါ၊ အောင်တော်မူလေပြီ။ တံတေဇသာ၊ နဇန္ဒာပနန္ဒ အမည်ရှိသော နဂါမင်းကို အောင်တော် မူသော ထို မြတ်စွာဘုရား၏ တန်းခိုးတော် အားဖြင့်။ မေ၊ အကျွန်ုပ်အား။ အဂ္ဂံ၊ မြတ်သော။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေသတည်း။

၈။ ဃောဓမုနိဇန္ဒာ၊ အကြင်မြတ်စွာဘုရားသည်။ ဒုဂ္ဂါဟဒိဋ္ဌိဘုဇင်္ဂေန၊ မကောင်းသော အယူဒိဋ္ဌိဆွဲငင်သည်း ဟူသော မြွေသည်။ သုဒဋ္ဌဟတ္ထံ၊ ပြင်းစွာ ကိုက်အပ်သော လက်ရှိထသော။ သုတံ၊ ကျော်စောစွာထသော။ ဇုတိမဟိဒ္ဓိ၊ ဘောက်ပသော ကြီးသောတန်းခိုးရှိထသော။ ဗကာဘိဓာနံ၊ ဗက အမည်ရှိသော။ ဗြဟ္မဒ်၊ ဗြဟ္မာမင်းကို။ ဉာဏာဂဒေန၊ ဉာဏ်တော်တည်းဟူသော အဆိပ်ကို ဖျောက်တတ်သော ဆေးဟု ဆိုအပ်သော။ ဝိဓိနာ၊ အစီအရင်ဖြင့်။ ဇာတဝါ၊ အောင်တော်မူလေပြီ။ တံတေဇသာ၊ ထိုမြတ်စွာဘုရား၏ တန်းခိုးတော် အားဖြင့်။ မေ၊ အကျွန်ုပ်အား။ အဂ္ဂံ၊ မြတ်သော။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေသတည်း။

အပြင်အောင်ခြင်းရှစ်ပါးအနက်ပြီး၏။

www.dhammadownload.com

၃-အာဘွင်းအောင်ခြင်းရှစ်ပါး ပါဠိ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

၁။ အဝိဇ္ဇာ အဏ္ဏကောသမ္မိ၊ သတ္တော တဏှာ ဇလာဗုံဇော၊
တမှာဌာနာ နိက္ခာမေသိ၊ ဒေသနာဉာဏတေဇသာ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယ မင်္ဂလံ။
၂။ မဟာမောဟန္ဓကာရေန၊ အာဝိဘူတေ မဟာဇနေ။
ပညာ စက္ခုံ လဘာ ပေသိ၊ ဉာဏာ လောကေန
သောဇိနော။
ဧတေန သစ္စ ဝဇ္ဇေန်၊ ဟောတု မေ ဇယ မင်္ဂလံ။
၃။ ရာဂါဒိ အင်္ဂိ ဇာလေဟိ၊ ဥဒ္ဓုကာယံ မဟာဇနံ။
နိဗ္ဗာပေသိ နရ နာထော၊ အဋ္ဌ မဂ္ဂင် ဝါရိနာ။
ဧတေန သစ္စံ ဝဇ္ဇေန၊ ဟော်တု မေ ဇယမင်္ဂလံ။
၄။ စတုရောယေဟိ ဝုယ္ဘန္တေ၊ ဂမ္ဘီရေ သံသာရဏ္ဏဝေ။
ဥတ္တာရေသိ မဟာဗီရော၊ ဓမ္မနာဝါယ နာယကော။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယ မင်္ဂလံ။
၅။ သံသာရ စာရကံ လောကံ၊ နိစ္စံ ဒုက္ခေန ပိဋ္ဌိတံ။
နိဗ္ဗာန ပုရံ ပါပေသိ၊ ယာနတ္တယေန သောဇိနော။
ဧတေန သစ္စ ဝဇ္ဇေန ၊ ဟော်တု မေ ဇယမင်္ဂလံ။
၆။ ကဋ္ဌမုခါဒိ သပ္ပေဟိ၊ ဥဋ္ဌကာယံမဟာဇနံ။ နိဗ္ဗာပေသိ
မဟာဗိရော၊ နာထော တိလောက ဝဇ္ဇကော။
ဧတေန သစ္စ ဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

www.dhammadownload.com

၇။ သံသာရ ဒုက္ခကန္တာရာ၊ ကိလေသ စောရ ပိဋိတံ၊
ခေမန္တံဘူမိ တာရေသိ၊ သတ္တဝါဟော ဝိနာယကော။
ဇေတန သစ္ဆ ဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
၈။ ပဒ္မတာလိသ ဝဿာနိ၊ ဒ္ဝတ္ဘာ လောကံ သဒေဝကံ။
ဝိဝယိတ္ဘာ ဓမ္မရသံ၊ နိဗ္ဗုတော သော သဿာဝကော။
ဇေတန သစ္ဆဝဇ္ဇေန၊ ဟော တု မေ ဇယ မင်္ဂလံ။

အတ္ဒင်းအောင်ခြင်း ရှစ်ပါးအနက်

၁။ အဝိဇ္ဇာအဏ္ဍကောသမှိ၊ အဝိဇ္ဇာ တည်းဟူသောဥဇ္ဈံ တွင်း၌။ တဏှာဇလာဗုဇေ၊ တဏှာတည်းဟူသော သားအိမ်၌ ဖြစ်ကုန်သော။ သတ္တော၊ သတ္တဝါတို့ကို။ ဒေသနာညာဏတေဇသာ၊ ဒေသနာညာဏ် တည်းဟူသော တန်းခိုးဖြင့်။ တမှာဒ္ဒါနံ၊ ထိုအဝိဇ္ဇာဥဇ္ဈံ တဏှာသားအိမ်အရပ်မှ။ နိက္ခာမေသိ၊ ထွက်မြောက်စေတော်မူပြီ။ ဇေတန သစ္ဆဝဇ္ဇေန၊ ဤသို့သော သစ္စာစကားကြောင့်။ မေ၊ အကျွန်ုပ်အား။ ဇယ မင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

၂။ သော ဇိနော၊ ထိုမြတ်စွာဘုရားသည်။ ဉာဏာလောကေန၊ ဉာဏ်တော်တည်းဟူသော အလင်းရောင်ဖြင့်။ မဟာမောဟန္ဓကာရေန၊ ကြီးစွာသော အမိုက်တိုက်တည်းဟူသော မောဟသည်။ အဘိဘူတော၊ အလွန် နှိပ်စက်အပ်ကုန်သော။ မဟာဇနေသတ္တော၊ များစွာကုန်သော သတ္တဝါတို့ကို။ ပညာစက္ခုံ၊ ပညာတည်းဟူသော စက္ခုကို။ လဘာပေသိ၊ ရစေတော်မူပြီ။ ဇေတန သစ္ဆဝဇ္ဇေန၊ ဤသို့သော သစ္စာစကား

www.dhammadownload.com

ကြောင့်။ ဗေ၊ အက္ခန္ဒိပ်အား။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

၃။ နရနာထော၊ လူသုံးပါးတို့၏ ကိုးကွယ်ရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ရာဂါဒိ အဂ္ဂိဇာလေဟိ၊ ရာဂ အစရှိသော မီးလျှံတို့ဖြင့်။ ဒုမ္မကာယံ၊ ပူလောင်သော ကိုယ်ရှိသော။ မဟာဇနံ၊ များစွာသောသတ္တဝါကို။ အဋ္ဌမဂ္ဂဂ် ဝါရိနာ၊ မဂ္ဂင်ရှစ်ပါး တည်းဟူသော ရေစင်ဖြင့်။ နိဗ္ဗာပေသိ၊ ငြိမ်းစေတော်မူပြီ။ ဧတေန သစ္စဝဇ္ဇေန၊ ဤသို့သော သစ္စာစကားကြောင့်။ ဗေ၊ အက္ခန္ဒိပ်အား။ ဇယမင်္ဂလံ၊ အောင်ခြင်း မင်္ဂလာသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

၄။ မဟာဗိရော၊ ကြီးမြတ်သော လှုံလ ရှိတော်မူသော။ နာယကော၊ လူသုံးပါးတို့ကို နိဗ္ဗာန်သို့ ပို့ဆောင်တော် မူတတ်သော မြတ်စွာဘုရား သခင်သည်။ ဂန္ဓိရော၊ နက်စွာသော။ သံသာရဏ္ဏဝေ၊ သံသရာ တည်းဟူသော သမုဒ္ဒရာ၌၊ စတုရောယေဟိ၊ လေးပါးသော အယာဉ်တို့ဖြင့်။ ဝုယ္ဟန္တေ။ မျောကုန်သော သတ္တဝါတို့ကို။ ဓမ္မနာဝါယ၊ တရား တည်းဟူသောလှေဖြင့်။ ဥတ္တာရေသိ၊ ကယ်တင်တော်မူပြီ။ ဧတေန သစ္စဝဇ္ဇေန၊ ဤသို့သော သစ္စာစကားကြောင့်။ ဗေ၊ အက္ခန္ဒိပ်အား။ ဇယမင်္ဂလံ၊ အောင်ခြင်း မင်္ဂလာသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

၅။ သောဇိနော၊ ထိုမြတ်စွာဘုရားသည်။ သံသာရ စာရကံ၊ သံသရာ၌ ကျင်လည်ထသော။ ဒုက္ခေန၊ ဇာတိ အစရှိသော ဒုက္ခဖြင့်။ နိစ္စံ၊ အမြဲ။ ဒိဋ္ဌတံ၊ နှိပ်စက်အပ်ထသော။

www.dhammadownload.com

လောကံ၊ လူအပေါင်းကို။ ယာနတ္တာယေန၊ ယာဉ်သုံးပါးတို့ ၏အပေါင်းဖြင့်။ နိဗ္ဗာနပုရံ၊ နိဗ္ဗာန် ပြည်မြတ်သို့။ ပါပေသိ၊ ရောက်စေတော်မူပြီ။ ဧတေန သစ္စဝဇ္ဇေန၊ ဤသို့သော သစ္စာစကားကြောင့်။ မေ၊ အက္ခန်ဝိအား။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

၆။ မဟာဓိရော၊ ကြီးမြတ်သော ပုဉ္ဇာရှိတော်မူထသော။ တိလောက ဝေဠကော၊ လူသုံးပါးတို့၏ ဆေးသမားသဘွယ် ဖြစ်တော်မူထသော။ နာထော၊ မြတ်စွာဘုရားသည်။ ကဋ္ဌမုခါဒိသပ္ပေဟိ၊ ကဋ္ဌမုခ အစရှိသော မြွေလေးစင်းတို့သည်။ ဒုဋ္ဌကာယံ၊ ကိုက်အပ်သော ကိုယ်ရှိသော။ မဟာဇနံ၊ များစွာသော သတ္တဝါကို။ နိဗ္ဗာပေသိ၊ ငြိမ်းစေတော်မူပြီ။ ဧတေန သစ္စဝဇ္ဇေန၊ ဤသို့သော သစ္စာစကားကြောင့်။ မေ၊ အက္ခန်ဝိအား။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

၇။ သတ္တဝါဟော ယာဉ်မှူးသဘွယ် ဖြစ်တော်မူသော။ ဝိနာယကော၊ သတ္တဝါတို့ကို နိဗ္ဗာန်သို့ပို့ဆောင်တော် မူတတ်သော မြတ်စွာဘုရားသည်။ ကိလေသစောရပိဋ္ဌံ၊ ကိလေသာ တည်းဟူသော ခိုးသူတို့သည် နှိပ်စက်အပ်သော သတ္တဝါ အပေါင်းကို။ သံသာရဒုက္ခကန္တာရာ၊ သံသရာဆင်းရဲ တည်းဟူသော ခရီးခဲမှ။ ခေမန္တာဘူမိံ၊ ဘေးမရှိရာ နိဗ္ဗာန်သို့။ တာရေသိ၊ ပို့ဆောင်ထုတ်ချောက် ကူးမြောက်စေတော်မူပြီ။ ဧတေန သစ္စဝဇ္ဇေန၊ ဤသို့သော သစ္စာစကားကြောင့်။ မေ၊ အက္ခန်ဝိအား။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

www.dhammadownload.com

၈။ သေ၊ ထိုဆိုအပ်ခဲ့ပြီးသော ကျေးဇူးအပေါင်းတို့နှင့် ပြည့်စုံတော် မူပြီးသော မြတ်စွာဘုရားသည်။ ပဋ္ဌတာလီသ ဝဿာန်၊ လေးဆယ့်ငါးဝါတို့ပတ်လုံး။ ဌတွာ၊ တည်တော်မူ၍။ သဒေဝကံ၊ နတ်နှင့်တကွသော။ လောကံ၊ လူအပေါင်းကို၊ ဓမ္မရသံ၊ တရားတည်းဟူသော အမြိုက်အရသာကို။ ပိဝယိတ္ဝာ၊ သောက်စေတော်မူပြီး၍။ သသာဝကော၊ တပည့်သား သံဃာတော်အပေါင်းနှင့်တကွ။ နိဗ္ဗုတော။ ပရိနိဗ္ဗာန်ပြုတော်မူလေပြီ။ ဇေတန သစ္စဝဏ္ဏန၊ ဤသို့သော သစ္စာစကားကြောင့်။ မေ၊ အကျွန်ုပ်အား။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

အတွင်းအောင်ခြင်းရှစ်ပါးအနက် ပြီး၏။

၄-ရတနာရွှေချိုင့် ပါဠိ

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ။

၁။ ဇယာသနာဂတာ ဗုဒ္ဓါ၊ ဇိတ္ဝာ မာရံ သဝါဟနံ။
စတု သစ္စာမတ ရသံ၊ ယေ ပိဝိ သု နရာသဘာ။
၂။ တဏှက်ခ်ရာဒယော ဗုဒ္ဓါ၊ အဋ္ဌဝိသတိ နာယကာ။
သဗ္ဗေ ပတိဋ္ဌိဋ္ဌာ မယှံ၊ မတ္ထကေ ဘေ မုနိဿရာ။
၃။ သိသေပတိဋ္ဌိတောနောသိ၊ ဇုဒ္ဓါဓမ္မော ဒ္ဝိလောစနေ။
သံဃော ပတိဋ္ဌိဘော မယှံ၊ ဥရေ သဗ္ဗဂုဏာကရော။

www.dhammadownload.com

၄။ ဟဒယေ မေ အနုရုဒ္ဓါ၊
သာရိပုတ္တောစ ဒက္ခိဏော။
ကောဏ္ဍညော ပစ္ဆာ ဘာဂသ္မိံ၊
မောဂ္ဂလာနော စ ဝါမကေ။

၅။ ဒက္ခိဏော သဝဏော မယ္ဟံ၊
အာသုံ အာနန္ဒ ရာဟုလာ။
ကဿပေါ စ မဟာနာမော၊
ဥဘောသုံ ဝါမသောတကေ။

၆။ ကောသန္တေပိဋ္ဌိဘာဂသ္မိံ၊ သူရိယောဝ ပဘံကရော။
နိသိန္နော သိရိသမ္ပန္နော၊ သောဘိတော မုနိပုဂ်ဝေါ။

၇။ ကုမာရ ကဿပေါနာမ၊ မဟေသိ စိတြဝါစကော။
သော မယ္ဟံ ဝဒနေနိစ္ဆံ၊ ပတိဋ္ဌာသိ ဂုဏာကရော။

၈။ ပုဏ္ဏော အင်္ဂလိမာလော်စ၊ ဥပါလိ နန္ဒ သိဝလိ။
ဣမေ ပဉ္စမဟာထေရော၊ နလာဋ္ဌေ တိလကာဝိယ။

၉။ တေဟိသေသာ မဟာထေရော၊ ဇိတဝန္တော ဇိနောရ
သာ။ ဇလန္တော သိလတေဇေန၊ အဂ္ဂမင်္ဂသ သဏ္ဌိတာ။

၁၀။ ရတနံ ပုရတော အာသိ၊ ဒက္ခိဏော မေတ္တာသုတ္တကံ။
ဓဇဂ္ဂံ ပစ္ဆတော အာသိ၊ ဝါမေ အင်္ဂလိမာလကံ။

၁၁။ ခန္ဓ မောရ ပရိတ္တဉ္စ၊ အာဋာနာဋိယ သုတ္တကံ။ အာ
ကာသေ ဆဒနံအာသိ၊ သေသာ ပါကာရ လက်တာ။

၁၂။ ဇိနာနံ ဗလသံယုတ္တော၊ ဓမ္မပါ့ကာရ လက်တေ။
ဝသတော မေ အကိဒန္ဓန၊ သမ္မာသမ္ဗုဒ္ဓ ပဉ္စရေ။

၁၃။ ဝါတပိတ္တာဒိ သဉ္ဇာတာ၊ ဗာဟိရဉ္စတ္တာ၊ပဒ္ဒဝါ။
အသေသာ ဝိနာသံ ယန္တု၊၊ အနန္တဂုဏာ တေဇသာ။

www.dhammadownload.com

၁၄။ ဇိနပဉ္ဇရ မဇ္ဈမှိ၊ ဝိဟရန္တံ မဟိတလေ။
သဒါပါလေန္တော၊ မံသဇ္ဇေ၊ တေ မဟာပုရိသာသဘာ။

၁၅။ ဣစ္ဆေဝမေ ကန္တံကတော၊ သုရက္ခော ဇိနာနုဘာဝေ။
ဟတာရိသံဃော သံဃဿ၊ တေဇေန ဂုဏာကရဿ။

ရတနာဂ္ဂေချိုင့်အနက်

၁။ ဇယာသနာ ဂတာ၊ အောင်နေရာဌင် အပရာဇိတ ပလ္လင်သို့ ရောက်တော်မူကုန်ထသော။ နရာသဘာ၊ လူ နတ် ဗြဟ္မာ သတ္တဝါ တို့ထက်လည်း မြတ်တော် မူကုန်ထသော။ ယေဗုဒ္ဓါ၊ အကြင် မြတ်စွာဘုရားတို့သည်။ သန္တိ၊ ရှိတော်မူကုန်၏။ တေ ဗုဒ္ဓါ၊ ထိုမြတ်စွာဘုရားတို့သည်။ သဝါဟနံ၊ စစ်သည် ဗိုလ်ပါနှင့်တကွ ဖြစ်သော။ မာရံ၊ မာရ်နတ်သားကို။ ဇိတ္ဝာ၊ အောင်မြင်တော်မူလေကုန်သည်ဖြစ်၍။ စတုသစ္စာ မတရသံ သစ္စာလေးဖြာ မြိုက်ရသောကို။ ပိဂိ သု၊ သောက် တော်မူလေကုန်ပြီ။

၂။ မုနိဿရာ၊ ရသေ့ ရဟန်း အပေါင်းတို့ကို အစိုးရ တော် မူကုန်ထသော။ နာယကာ၊ လူ နတ် ဗြဟ္မာ သတ္တဝါ အပေါင်းတို့၏ ခရီးလမ်းညွှန် သဘင်္ဂယ်လည်း ဖြစ်တော်မူကုန် ထသော။ အဌဗီသတိ၊ နှစ်ကျိပ်ရှစ်ဆူကုန်သော။ တဏှာက်ရာ ဒယော၊ တဏှာက်ရာဘုရား အစရှိကုန်သော။ ယေဗုဒ္ဓါ၊ အကြင် မြတ်စွာဘုရားတို့သည်။ သန္တိ၊ ရှိတော် မူကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တေ ဗုဒ္ဓါ၊ ထိုမြတ်စွာဘုရားတို့ သည်။ မယံ၊ အကျွန်ုပ်၏။ မတ္ထကေ၊ ဦးခေါင်းထက်၌။ ပတိဋ္ဌိ တာ၊ တည်တော်မူကုန်သည်။ အဟေသုံ၊ ဖြစ်ကုန်ပြီ။

www.dhammadownload.com

ဧသော သာမိဧကာ မယှန္တိ၊
စိတ္တေ နိဋ္ဌံ သုဌာပယေ။

၁၃၆။ နာတိဒူရေ ဘဇေ ရညော၊
နာစ္စာသန္နေ ပဝါဘကေ၊
ဥဇုကေနာ တိနိဧန္ဒစ၊
နဘဇေ ဥစ္စမာသနေ။
ဆဒေါသေ ဝဇ္ဇေ သေဝတော၊
အဂ္ဂိဝ သံယဧတာ တိဏ္ဍေ။

www.dhammadownload.com

၁၃၇။ ဂုဏော သမ္ပညူ တုလျောပိ၊
နသောဘတိ အ-နိဿယော၊
အနံဿမပိ မဏိနာ၊
ဟေမံ နိဿာယ သောဘတေ။
ရာဇကဏ္ဍံ နိဋ္ဌိတံ။

၇-ပကိဏ္ဏက ကဏ္ဍ

၁၃၈။ ဣတ္ထိ-မိသေ ကုဘော သီလံ၊
မံသ-ဘက္ခေ ကုတော ဒယာ။
သုရာ-ပါနေ ကုတော သစ္စံ၊
မဟာလောဘေ ကုဘော လဇ္ဇာ။
မဟာတန္ဟေ ကုတော သိပ္ပံ၊
မဟာကောဓေ ကုတော ဓနံ။

၁၃၉။ သုရာ-ယောဂေါ ဝိကာလော၏၊
သမဏ္ဍ စရဏ်ဂတော။
ဒိန္နော-ဒုဏ္ဏော ပါပ-မိတ္တော။
ဘောဂါနံ အလသံ မုခံ။

၁၄၀၊ ဒိဝါ နာဒိက္ခော ဝတ္တမ္ပဇာ၊
ရတ္တော နာဝစနေနစ။
သဠ္ဠရဘိ ဘယာ ဘိတော၊
ဝနေ ဝနစရီ ယထာ။

၁၄၁။ ဇိဝန္တော်ပိ မတံ ပဇ္ဇ၊
ဗျာသေန ပရိကိတ္တိတာ။

www.dhammadownload.com

ဒုက္ခီတော ဗျာဓိတော မုဋ္ဌော၊
ဂုတ္တာဝါ နိသျ-သေဝကော။
၁၄၂။ အနာဂတံ ဘယံ ဒိသွာ၊
ဒုရတော ပရိဝဇ္ဇယေ။
အာဂတဉ္စ ဘယံ ဒိသွာ၊
အာဘီတော-ဟောတိ ပဏ္ဍိတော။
၁၄၃။ နိဒ္ဒါလုကော ပမာဒေါစ၊
သုခီတော ရောဂဝါလသော။
ဂုဆ္ဆန္နော ကမ္မာရာမော၏၊
သတ္တေ-တေ သတ္ထ-ဝဇ္ဇိတာ၊
၁၄၄။ ဒုဂ္ဂတံ ဂဆ္ဆ ဟေလာဘ၊
လာဘော လာဘေန ပုရတိ။
ထလေ ဝဿ ပဇ္ဇုန္ဒ၊
အာပေါ အာပေန ပူရတိ။
နတ္ထိဒံ ကမ္မပ္ပဓာနံ။
၁၄၅။ နဟိ ကောစိ ကတေ ကိစ္စေ၊
ကတ္ထာရံ သမုပေက္ခတေ။
တသ္မာ သမ္ဘဝနိ ကိစ္စာနိ၊
သာဝသေသေန ကာရယေ။
၁၄၆။ ထူလံ သလ္လဟုကံ သေဝကေ၊
တဝေဘာ စပလ-ဇာတိကော။
တတော ဝုမ္ပ-မနောဝါဒေါ၊
ပမာဒေါ ဗုဒ္ဓသာသနေ၊

www.dhammadownload.com

၁၄၇။ ပါသာဏ-ဆတ္တံ ဂရုကံ၊
တတော ဒေဝါနုစိက္ခတိ၊
တတော ဝုမ္ဗာနမော၀ါဒေါ။
တတော ဗုဒ္ဓဿ ဝါဒနံ။

၁၄၈။ ကာယဿ ဒက္ခိဏာ-ဟတ္ထော၊
ဒါသော ဗြာ္ဟဏ ကဏ်ိဋ္ဌကော၊
ကဏ္ဏ-ယာနဝနမက္ခိနံ။
ဝါမ-ဟတ္ထော ပါဒ-ဒါသော။

၁၄၉။ တမ္ဗါလဿ မဏ္ဍေ ပတ္တေ၊
ကုဝေရော ရက္ခတိ သဒါ။
မူလမ္ဟိ ရက္ခတိ ယက္ခော၊
အဂ္ဂမ္ဟိ စ ကာလကဏ္ဏိ၊
တာနိ ဘုဉ္ဇေယျ ဆဒ္ဒန္တော။
သိရိဒေ ပဝမုတိ။

၁၅၀။ သမ္ဗါဏ်-ရက္ခော ဗြဟ္မာ၀၊
အစ္ဆ၊ ရက္ခေစ-ဗိဿကော။
တဿာဟိ တေ ပူဇယန္တိ၊
သဒါ မာနေန္တိ တံ နရံ။

၁၅၁။ ဂေါဓာဟိ သဒ္ဓ-ဂိဟီနံ၊
ပေါသကာ ဘောဂဒါယကာ။
တဿာဟိ မာတာ-ပိတူ၀၊
စာနယေ သဏ္ဌရေယျစ။

www.dhammadownload.com

၁၅၂။ ယော-ခါဒန္တိ ဂေါ-မံသံ၊
မာတု မံသံဝ ခါဒယေ။
မတေသု ယေသု ဂိဠာနံ၊
ဒဒေ သောတေစ ဝါဟယေ။

၁၅၃။ ဂုရု သိဋ္ဌေါ သိပ္ပါရမ္ဘော၊
ရဝိ-ဒေသကြောစ မဇ္ဈိမော၊
နှ သိပ္ပေါ် ဗုဒ္ဓ-စန္ဒနော၊
သောရိ-အင်္ဂါစ မရဏံ။

၁၅၄။ အင္ဂမိယံ ဂုရုံ ဟန္ဒိ၊
သိဿံ ဟန္ဒိ စတုဒ္ဒသ။
သိပ္ပံ ဟန္ဒိ ဒသ သိပ္ပံ၊
မာတာပိဘာဝစ ပုဏ္ဏမိ။

၁၅၅။ နာဠိကံ သတ္တ နှ ဘုဉ္ဇေ၊
နှ လာဗိ နှဝမ် တထာ။
ဒွါဒသပြိန္နံ တြိဒိနံ၊
ဘုဉ္ဇေ သိပ္ပံ ဝိနာသတိ။

၁၅၆။ စဇေ ကုလဒ္ဓံ ဃံ၊
စဇေ ကုလံ ဂါမ-ဒ္ဓံ။
ဂါမံ ဇနပဒ-ဒ္ဓံ၊
အတ္တာတ္ထံ ပဏ်ိတော စဇေ။

၁၅၇။ ဒေသံ ဩသဇ္ဇ ဂဆ္ဆန္ဒိ၊
သိဟော သပ္ပုရိသော ဂဇော။
တတ္ထေဝ နိဓနံ ယန္တိ၊
ကာကော ကာ ပုရိသာ မိဂေါ။

www.dhammadownload.com

၁၅၀။ ယမ်ဟိ ပဒေသေ နမာနေဝ၊
နေ ပေမံ နစ ဗန္ဓဝါ။
နစ ဝိဇ္ဇာဂါဟော ကောဓိ၊
နေ တတ္ထ ဝသနံ ကရေ။

၁၅၁။ စရေ တျကေန ပါဒေန၊
တိဋ္ဌေတျကေန ပဏ္ဍိတော၊
အ နိသမ္မ ပရံ ဌာနံ၊
နေ ပုဗ္ဗမာလယံ ဇဟေ။

၁၅၀။ ဓန-ဉ္စ ပယောဇေသု၊
တထာ ဝိဒျာဂမေသုစ။
ဒ္ဝေတေသု အပစာရေသု၊
စဇ္ဇာ လဇ္ဇာ တဒါ ဘဝေ။

၁၅၁။ ဒ္ဝိ-ဂုဏော ထီနမာဟာရော၊
ဗုဒ္ဓိစာပိ စတုဂ္ဂုဏော။
ဆဂ္ဂုဏော ဟောတိ ဝါယာမော၊
ကာမောတ္ထဋ္ဌ-ဂုဏော ဘဝေ။

၁၅၂။ ပဗ္ဗေပဗ္ဗေ ကမေနုဇ္ဇု၊
ဝိသေသ-ရသဝါဂ္ဂဟော။
တထာ သု-မေတ္တိကော သာဓု၊
ဝိပရီဟော ဒုဇ္ဇနေ။

၁၅၃။ ကဿကော ဝါဏိဇော မစ္ဆော၊
သမဏော သုတ-သီသဝါ။
တေသု ဝိပုလ-ဇာတေသု၊
ရဋ္ဌံ ဝိပုလံ သိယာ။

www.dhammadownload.com

၁၆၅၊ အသက္ကာယ မလာ မန္တာ၊
အနုဇ္ဇာနံ မလာ ယာဂူ။
မလံ ဝဏ္ဏာဿ ကောသဇ္ဇံ၊
ပမာဒေါ ရက္ခတော မလံ။

၁၆၅။ ဟီနဉ္စနံ ဂစ္ဆတေ ဝိတ္တံ၊
ဝီရာနံဝ သန္တကတ္တံ။
ဝဒန္တိစ ဟီနာ ဇနာ၊
ပုဗ္ဗ-ကမ္မပဟေနာတိ။

၁၆၆။ နဝဒန္တိ စေဝံ ဗိဒူ၊
ဝါယမိံသု သဗ္ဗကမ္မေ။
နစေ သိဒ္ဓတိ တံကမ္မံ၊
အ-ဖလံဧဝ ကိံ ဒေါသော၊

၁၆၇။ နိစ-ကုလံ နိပ္ပညဝါ၊
နိရုပံ- နိဗလံ သမံ။
ဇုမံ ယာလံ ဆုဘ္ဘ-ကာလံ၊
ဓနမေဝ ဝိသေသကံ။

ပကိဏ္ဏက ကဏ္ဍော နဝဋ္ဌဝေ

www.dhammadownload.com

လောကနိတိ အနက်

၁-ပဏ္ဍိတ ကဏ္ဍ

၁။ အဟံ၊ ငါသည်။ ရတနတ္တယံ၊ ရတနာသုံးပါးတို့၏ အပေါင်းကို။ ဝန္ဒိတ္ဝာ၊ ရှိခိုးပြီး၍။ နာနာသတ္ထသမုဒ္ဓင်္၊ အထူးထူးသော ကျမ်းတို့မှ ထုတ်အပ်သော။ လောကနီတိ၊ လောကနိတိ အမည်ရှိသောကျမ်းကို။ မာဂဓေနေဝ၊ မာဂဓဘာသာဖြင့်လျှင်။ သံခေပံ-သံခေပေန၊ အကျဉ်း အားဖြင့်။ ပဝက္ခာမိ၊ ဟောပေလတ္တံ့။

၂။ ဟိ၊ ဂုဏ်အထူးကား။ နိတိ၊ နိတိကျမ်းသည်၊ လောကေ၊ လောကဌ်။ ပုရိသဿ၊ ယောက်ျား၏။ သာရော၊ အနှစ်လည်းမည်၏။ မာတာဝိတာစ၊ အမိအဘလည်း မည်၏။ အာစရိယောစ၊ ဆရာလည်းမည်၏။ မိတ္တောစ၊ အဆွေခင်ပွန်းလည်းမည်၏။ တဿ၊ ထို၎ကြောင့်။ နိတိ၊ နိတိကျမ်းကို၊ ဝိဇာနာ၊ တတ်သော။ ပုရိသော၊ ယောက်ျားသည်။ ဗဟုသုတော၊ များသော အကြားအမြင်ရှိသော။ မဟာ၊ မြတ်သော၊ ဉာဏီ၊ ပညာရှိသည်။ ဟောတိ၊ ဖြစ်၏။

၃။ အလသဿ၊ ပျင်းသောသူအား။ ကုတော၊ သိပ္ပံ၊ အတတ်အဘယ်မှာ တတ်အံ့နည်း။ အသိပ္ပဿ၊ အတတ်မရှိသောသူအား။ ကုတော၊ ဓနံ၊ အဘယ်မှာ ရအံ့နည်း၊ အဓနဿ၊ ဥစ္စာမရှိသောသူအား။ ကုတော၊ မိတ္တံ၊ အဆွေခင်ပွန်း အဘယ်မှာရအံ့နည်း။ အမိတ္တဿ၊ အဆွေခင်ပွန်းမရှိသောသူအား။ ကုတော၊ သုခံ၊ ချမ်းသာအဘယ်မှာ ရအံ့

www.dhammadownload.com

နည်း။ ဖြစ်သုခသည်၊ ချမ်းသာမရှိသောသူအား။ ကုတောပုည်၊ ကောင်းမှု အဘယ်မှာ ပြုရအံ့နည်း။ အပုညဿ၊ ကောင်းမှု မရှိသောသူအား။ ကုတော ဝရံ၊ နိဗ္ဗာန်ကို အဘယ်မှာရနိုင် အံ့နည်း။

၄။ သိပ္ပါ၊ အတတ်နှင့်။ သမံ၊ တူသော။ ဓနံ၊ ဥစ္စာသည်။ နတ္ထိ၊ မရှိ။ သိပ္ပံ၊ အတတ်ကို။ စောရာ၊ ခိုးသူတို့သည်။ နဂဏှန္တိ၊ မယူနိုင်ကုန်။ ဣဓလောကေ၊ ဤလောက၌။ သိပ္ပံ၊ အတတ် သည်ကား။ ဒိတ္တံ၊ အဆွေးငင်ပွန်းဖြစ်၏။ ပရလောကေ၊ တမလွန်ဘဝ၌။ သုခါဝဟံ၊ ချမ်းသာကို ဆောင်တတ်၏။

၅။ သုတံ၊ အကြားအမြင်ပညာကို။ အပ္ပကံ၊ နည်း၏ဟူ၍၊ နာတိမညေယျ၊ မအောက်မေ့ရ။ စိဇ္ဇော၊ စိတ်၌၊ နိဓာပယော၊ ထားရာသလျင်းဟုဆိုသည်။ ဝမ္မိကော၊ တောင်ပို့၌။ ဥဒ္ဓကဗိန္ဒု၊ ရေပေါက်သည်၊ စိရေန၊ ကျဖန်မျှးစွာရှည်ကြာသဖြင့်။ ပရိပူရတိဇာဝ၊ ပြည့်သကဲ့သို့တည်း။

၆။ ဝိဇ္ဇံဝါ၊ နှာဘ်မှုပညာကိုဂုဏ်း။ အထ၊ ထို့မှီ။ သိပ္ပံဝါ၊ လက်မှုပညာကိုဂုဏ်း။ ခုဇ္ဇေါတိ၊ ငယ်၏ဟူ၍။ နာတိမညေယျ၊ မအောက်မေ့ရ။ ပရိယောဒါတံ၊ ကုန်စင်အောင် တတ်မှုကား။ ဧကမ္ပိ၊ တခုသော အတတ်သည်လည်း။ ဇီဝိတကပ္ပကာရဏံ၊ အသက်မွေးကြောင်းဖြစ်ပါသလျင်ကတည်း။

၇။ သေလေသေလေ၊ တောင်တောင် ဟူသမျှ၌။ နမာဏိကံ၊ ပဲတွင်မြားမရှိ။ ဂဇေဂဇေ၊ ဆင်ဆင်ဟူသမျှ၌။ နမုတ္တိကံ၊ အမြုတေမရှိ။ ဝနေဝနေ၊ တောတော ဟူသမျှ၌။ နစန္ဒနံ၊

www.dhammadownload.com

စန္ဒကူးမရှိ။ ဌာနေ-ဌာနေ၊ အရပ်တိုင်း-အရပ်တိုင်း၌၊ နေပကြိုတံ၊ ပညာရှိသုခမိန် မရှိ။

၈။ သုတ သမ္မန္ဓော၊ သုတနှင့်ပြည့်စုံသော။ ပဂ္ဂိုဒတော၊ ပညာရှိသည်။ ယတ္ထ၊ အကြင်အရပ်၌။ အတ္ထိဘိ၊ ရှိ၏ဟူ၍။ စေသုဟေတာ၊ အကယ်၍ ကြားငြားအံ့။ ကံဌာနံ၊ ထိုအရပ်သို့။ သုဇေတသိနာ၊ သုတကိုရှာသော အမျိုကောင်းသားသည်။ မဟုဿာဟေန၊ သည်းစွာအားထုတ်သဖြင့်။ ဂန္တုဗ္ဗံဝ၊ သွားရာသလျင်ကတည်း။

၉။ သိပ္ပံ၊ အတတ်ကို။ သိနေ၊ ပြည်းဖြည်း သင်ရာ၏။ စနံ၊ ဥစ္စာကို။ သိနေ၊ ဖြည်းဖြည်းရှာရာ၏။ ပဗ္ဗာဂံ၊ တောင်ကို။ အာရုဟံ-အာရုဟန္တော၊ တက်သောသူသည်။ သိနေ၊ ဖြည်းဖြည်းတက်ရာ၏။ ကာမဿ၊ ကာမဂုဏ်ကို။ သိနေ၊ ဖြည်းဖြည်း တစတစသာ အလိုရှိရာ၏။ ကောဓဿ၊ အမျက်ကို။ သိနေ၊ ဖြည် ဖြည်းထွက်ရာ၏။ ဣဓမေဓဗ္ဗ၊ ဤငါးပါးတို့ကို။ သိနေသိနေ၊ ဖြည်းဖြည်း တစတစသာ အလိုရှိရာ၏။

၁၀။ သုတိစ၊ အကြားအမြင် အတတ်ဌင်း။ သမ္မုတိစ၊ ဓမ္မသတ် အတတ်ဌင်း။ သင်္ခါဝစ၊ ဂဏန်းအတတ်ဌင်း။ ယောဂါဝစ၊ တစည်း,စိုး,ဆောက် အတတ်ဌင်း။ နီတိစ၊ နီတိကျမ်း အတတ်ဌင်း။ ဝိသေသကာဝစ၊ ယာယီယတြားစသော ဗျာဂံရိုက်း အတတ်ဌင်း။ ဂန္ဓဗ္ဗာဝစ၊ စောင်းညှင်းစသော ဂဗျာလင်္ကာ အဘတ်ဌင်း။ ဂဏိကာစေဝ၊ လက်ပစ်အတတ်ဌင်း။ ဓနုဗေဒါစ၊ ဓူ'လေး, လင်းလေး အတတ်ဌင်း။ ပုရဏာစ၊ စကားဟောင်း အတတ်ဌင်း။

www.dhammadownload.com

၁၁။ တိကိုဆ္ဆာစ၊ ဆေးအတတ်ဌင်း။ ဣတိဟာသာစ၊ ရယ်ရွှင်မှု အတတ်ဌင်း။ ဇောတိစ၊ ဗေဒင် အတတ်ဌင်း။ မာယာစ၊ လှည့်ပတ်တတ်သော အတတ်ဌင်း။ ဆန္ဒတိစ၊ ဆန်းကျယ်းအာဘတ်ဌင်း။ ကေတုစ၊ သံတမန် အတတ်ဌင်း။ မန္တာစ၊ မန္တာန်အတတ်ဌင်း။ သဒ္ဒါစ၊ သဒါကျမ်းအတတ်ဌင်း။ ဣမေ၊ ဤသည်တို့ကား။ အဋ္ဌာရသကာ၊ တဆယ့်ရှစ်ပါးကုန်သော၊ သိပ္ပါ၊ အတတ်တို့တည်း။

၁၂။ လောကေ၊ လောကဒ္ဒိ။ ပဇ္ဇိတောဝါ၊ ပညာရှိသည်၊ အပုဋ္ဌော၊ သူမမေးမူကား။ ဘေရီ၊ စည်ကြိုးသဘွယ်။ ဟောတိ၊ ဖြစ်၏။ ပုစ္ဆိတော၊ သူတည်းမေးမူကား၊ ပဋ္ဌုန္ဒော၊ မိုယ်းကြိုး သဘွယ်။ ဟောတိ၊ ဖြစ်၏။ ဗာလော၊ သူမိုက်သည်။ ပုဋ္ဌောပိ၊ မေးသော်ဌင်း၊ အပုဋ္ဌောပိ၊ မမေးသော်ဌင်း။ သဒါ၊ အခါ ခပ်သိမ်း။ ဗဟုဒ္ဓိ၊ များစွာလည်း။ ဘဏတေ-ဘဏဆေ၀၊ ပြောဟောတတ်သလျင်ကတည်း။

၁၃။ လောကေ၊ လောကဒ္ဒိ။ ပေါတ္ထကေသု၊ ပေတို့ဒ္ဒိ။ ယံသိပ္ပဒ္ဓ၊ အကြင်အတတ်သည်ဌင်း။ ပရဟတ္ထေသု၊ သူတပါး၏လက်တို့ဒ္ဒိ။ ယံဓနဒ္ဓ၊ အကြင်ဥစ္စာသည်ဌင်း။ အတ္ထိ၊ ရှိ၏။ ယဿကိဓစ္စ၊ ပြုဘွယ်ကိစ္စသည်။ သမုပ္ပဒ္ဒေ၊ ဖြစ်လတ်သော်။ တံသိပ္ပံ၊ ထိုပေဒ္ဒိရှိသောအတတ်သည်။ နသိပ္ပံ၊ အတတ်မမည်။ တံဓနဒ္ဓ၊ ထိုသူတပါးတို့၏ လက်ဒ္ဒိရှိသော ဥစ္စာသည်လည်း၊ နဓနံ၊ ဥစ္စာမမည်။

၁၄။ လောကေ၊ လောကဒ္ဒိ။ ဇလပ္ပမာဏံ၊ ရေတိမ်ရေနက်ကိုကား။ ကုမုဒမာလံ၊ ကုမုဒ္ဒရာကြာကို မြင်သဖြင့်

www.dhammadownload.com

သိအပ်၏။ ကုလပုမာဏံ၊ အမျိုးယုတ်မြတ်ကိုကား။ ဝိနယော ပမာဏံ၊ ကိုယ်အမူအရာ နှုတ်အမူအရာအားဖြင့် သိအပ်၏။ (ထိုသူ၏အကျင့်အားဖြင့် သိအပ်၏သော်လည်းဟူ) ဗျတ္တိပုံ မာဏံ၊ ပညာရှိမရှိ ကိုကား။ ကထိတဝါကျံ၊ ဆိုသောစကား ဖြင့်သိအပ်၏။ ပထဝိပမာဏံ၊ မြေ ကောင်း မကောင်းကို ကား။ တိုဏမိလာတံ၊ မြက်ညှိုး-မညှိုးကိုမြင်သဖြင့်သိအပ်၏။

၁၅။ လောကေ၊ လောကဒ္ဒိ။ အပ္ပဿုတော၊ နည်းသော သုတရှိသောသူသည်။ အပ္ပံ၊ အနည်းငယ်သော။ သုတံ၊ သုတ ကို။ ဗဟုံမညတိ၊ အများအောက်မေ့တတ်၏။ မာနဝါ၊ မာန ရှိထတ်၏။ ကိမိဝ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ သိန္နုဒကံ၊ သမုဒ္ဒရာရေကို။ အပဿန္တော၊ မမြင်ဘူးသော။ မဏ္ဍူကော၊ ဘားသူငယ်သည်။ ကူပေ၊ တွင်းဝဒ္ဒ်။ ဇောယံ၊ ရေကို။ ဗဟုံ မညတိဇ္ဈဝ၊ အများထင်သကဲ့သို့တည်း။

၁၆။ လောကေ၊ လောကဒ္ဒိ။ ပဌမံ၊ ပဌမအရွယ်၌ကား နုပရာဇိတောသိပ်၊ အတတ်မရတုံအံ့။ ဒုတိယံ၊ ဒုတိယအရွယ် ၌ကား။ နုပရာဇိတောဓနံ၊ ဥစ္စာမရတုံအံ့။ တတိယံ၊ တတိယ အရွယ်၌ကား။ နုပရာဇိတောဓမ္မံ၊ တရားမရ တုံအံ့။ စတုတ္ထံ၊ စတုတ္ထအရွယ် တိုင်မှကား။ ကိံကရိဿတိ၊ အဘယ် မူစ အံ့နည်း။

၁၇။ ပုတြာ၊ ချစ်သားတို့။ ဗျတ္တာ၊ အတတ်ပညာသင်ကုန် လော။ ကိံ၊ အဘယ့်ကြောင့်။ အလသော၊ ပျင်းဘိသနည်း။ ပုတြာ၊ ချစ်သားတို့။ ဒိနေဒိနေ၊ နေ့တိုင်းနေ့တိုင်း။ ဗျတ္တာ၊ အတတ်ပညာ သင်ကုန်လော။ အဗျတ္တော၊ အတတ်ပညာ မှုရှိစသောသူသည်။ ဘာရဟာရိကော၊ သူ၏ဝန်ထမ်းဖြစ်တတ်

www.dhammadownload.com

၏။ ဗျဉ္ဇကော၊ အတတ်ပညာရှိသော သူကို။ လောကော၊ လော
က၌။ ပူဇိတော၊ သူတပါးတို့ ပူဇော်အပ်၏။

၁၀။ ယာယ၊ အကြင်အမိသည်။ ဗာလော၊ သား၊ငယ်ကို
နှ သိက္ခိ တာ၊ အတတ်ပညာ သင်ရှိမပေး။ သာ မာတာ၊
ထိုအတတ်ပုံ့ပွာ သင်ရှိမပေးသောအမိသည်။ သုတ္တာ၊ ရန်သူ
မည်၏၊ ယေန၊ အကြင်အဘသည်၊ ဗာလော၊ သား၊ငယ်ကို၊
နှ သိက္ခိတာ၊ အဘတ်ပညာ သင်ရှိမပေး။ သောပိတာ၊
ထိုအတတ်ပညာ သင်ရှိမပေးသောအဘသည်။ ဧရီ၊ ရန်သူ
မည်၏။ သော၊ ထိုအတတ်ပညာ မရှိသော သူသည်။ ဟံသ
မဇ္ဈေ၊ ဟသ်ာတို့၏အလယ်၌။ ဗကောယထာ၊ ဗျိုင်းကဲ့သို့။
သဘာမဇ္ဈေ၊ သဘင်အလယ်၌။ နသောဘတိ၊ မတင့်ဘယ်။
တသ္မာ၊ ထိုသို့အဘတ်ကို့မသင်စေသောကြောင့်။ ဧဝရီ၊ ရန်သူ
မည်၏။

၁၉။ ကဏ္ဍကာဂိရိ၊ တောင်ချောက်ကြား၌ ရောက်သော
ဆူးကို။ ကောတိက္ခတိ၊ အသူ ထက်စိမ့်ချွန်သနည်း။ သမတိ
ဘာဝေါ၊ မိမိအလိုလိုသာလျှင် ထက်ပရေ၏ရှင့်။ မိဂကွိယံ၊
သမင်တို့၏မျက်စိ၌။ ကောအဇ္ဇနံ၊ အသူမျက်စဉ်းခတ်ရှိကြည့်
သနည်း၊ သမတိ ဘာဝေါ၊ မိမိအလိုလိုသာလျှင် ကြည်ပ
ရေ၏ရှင့်။ ပလ္လလေ၊ ညွှန်၌။ ဥပ္ပလဿ၊ ကြာကို။ ကောသုဂန္ဓံ၊
အသူ အနံ့ကောင်း ထည့်ပရေသနည်း။ သမတိ ဘာဝေါ၊
မိမိအလိုလိုသာလျှင် အနံ့ကောင်းတုံ၏ရှင့်။ ကုလပုတ္တရူပေါ၊
အမျိုးကောင်းသားတို့၏ သဘောသည်။ ကောပဝတ္တတိ၊
အသူပြု၍ ဖြစ်သနည်း။ သမတိ ဘာဝေါ၊ မိမိအလိုလိုသာ
ဖြစ်ပရေ၏ရှင့်။

www.dhammadownload.com

၂၀။ အကောတမ္မုလံ၊ ထုံးမရှိသောကွမ်းသည်။ နရသံ၊ အရသာမရှိ။ အဓနဿ၊ ဥစ္စာမရှိသောသူ၏။ အလက််တမ်ပိ၊ တန်းဆာဆင်ခြင်းသည်လည်း။ နရသံ၊ အရသာမရှိ။ အလောဏကံ၊ ဆားမရှိသော။ ဗျဉ္ဇနံတု၊ စားဘွယ်သည်လည်း။ နရသံ၊ အရသာမရှိ။ အသိပ္ပဿ၊ အတတ်မရှိသောသူ၏။ ဗျာကရဏံ၊ ပျို့ကဗျာ ဘွဲ့ခြင်းသည်လည်း။ နရသံ၊ အရသာမရှိ။

၂၁။ သုဿုသာ၊ နာခြင်းမှတ်ခြင်း၌ ကောင်းစွာ အားထုတ်သောသူသည်။ သုတသမ္ပန္နော။ သုတနှင့် ပြည့်စုံ၏။ သုတပညာယ၊ သုတပညာဖြင့်။ ဝမုတိ၊ ပွား၏။ ပညာယ၊ သုတပညာဖြင့်။ အတ္ထံ၊ အနက်ကို။ ဇာနာတိ၊ သိ၏။ ဉာတော၊ သိအပ်သော။ အတ္ထော၊ အနက်သည်။ သုခါဝဟော၊ ချမ်းသာကို ဆောင်တတ်၏။

၂၂။ လောကေ၊ လောက၌။ ဘောဇနံ၊ အစာစားခြင်းသည်ဌင်း။ မေထုနံ၊ မေထုန်မှီဝဲခြင်းသည်ဌင်း။ နိဒ္ဒါအိပ်ခြင်းသည်ဌင်း။ ဂေါဏော၏၊ နွားဖြစ်ဌင်း။ ပေါသော၊ ယောကျ်ားဖြစ်ဌင်း။ ဝိဇ္ဇတိ၊ ရှိ၏။ ဒိဋ္ဌော၊ အတတ်ပညာသည်ကား။ ပေါသော၊ ယောကျ်ား အား။ ဝိသေသော၊ အထူးပေတည်း။ ဟီနော၊ အတတ်ပညာမှ ယုတ်ခဲ့မူကား။ ဂေါဏသမော၊ နွားနှင့်တူသည်။ ဘဝေ၊ ဖြစ်၏။

၂၃။ လောလေ၊ လောက၌။ ဝိဇ္ဇာသမံ၊ အတတ်နှင့်တူသော။ မိတ္တံ၊ အမျှခင်ပွန်းမည်သည်။ နတ္ထိ၊ မရှိ။ ဗျာဓိသမော၊ အနာနှင့်တူသော။ ရိပု၊ ရန်သူမည်သည်။ နစအတ္ထိ၊ မရှိ။ အတ္တဲသမံ၊ ကိုယ်နှင့်တူသော။ ပေမံ၊ ချစ်သောသူမည်

www.dhammadownload.com

သည်။ နစ အတ္ထိ၊ မရှိ။ ကမ္မသမံ၊ ကံနှင့်ဟူသော။ ဗလံ၊ အား မည်သည်။ နစအတ္ထိ၊ မရှိ။

၂၄။ လောကေ၊ လောကဒ္ဒါ။ ဟံသော၊ ဟာသ်ာသည်။ ကာကာဒနံ၊ ကျီးတို့၏။ မဇ္ဇေ၊ အလယ်၌။ နသောဘတေ၊ မတင့်တယ်။ သီဟော၊ ခြင်္သေ့သည်။ ဂုန္နံ၊ နွားတို့၏။ မဇ္ဇေ၊ ဖာလုယ်၌။ နသောဘတေ၊ မတင့်တယ်။ တုရင်္ဂါ၊ မြင်းသည်။ ဂဒြဘမဇ္ဇေ၊ မြည်းတို့၏ အလယ်၌။ နသောဘတေ၊ မတင့်တယ်၊ ဗာလမဇ္ဇေ၊ သူမိုက်တို့၏အလယ်၌။ ပဏ္ဍိတော၊ ပညာရှိသည်။ နသောဘတေ၊ မတင့်တယ်။

၂၅။ ဗာလော၊ သူမိုက်သည်။ ယာဝဇီဝံပိ၊ အသက်ထက်ဆုံးလည်း။ ပဏ္ဍိတံ၊ ပညာရှိကို။ စေပယိရုပါသတိ၊ အကယ်၍ ဆည်းကပ်ငြားအံ့။ သော ဗာလော၊ ထိုသူမိုက်သည်။ ဓမ္မံ၊ တရားကို။ နဝိဇာနာတိ၊ မသိ။ ကိမိဝ၊ အဘယ်ကဲ့သို့နည်း ဟူမူကား။ ဒဗ္ဗိ၊ ယောက်မသည်။ သူပရသံ၊ ဟင်း၏ အရသာကို။ နဝိဇာနာတိယထာ၊ မသိသကဲ့သို့တည်း။

၂၆။ ဝိညူ၊ ပညာရှိသည်။ မုဟုတ္တမပိ၊ တခဏမျှလည်း၊ ပဏ္ဍိတံ၊ ပညာရှိကို။ စေပယိရုပါသတိ၊ အကယ်၍ ဆည်းကပ်ငြားအံ့။ ခိပ္ပံ၊ လျင်စွာ။ ဓမ္မံ၊ တရားကို။ ဝိဇာနာတိ၊ သိ၏။ ကိမိဝ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ ဇိဝှံ၊ လျှာသည်။ သူပရသံ၊ ဟင်း၏ အရသာကို။ ဝိဇာနာတိယထာ၊ သိသကဲ့သို့တည်း။

၂၇။ သူရော၊ ရဲရင့်သောသူသည်။ သတ္တုံ၊ လက်နက်ကို၊ ဝိနာ၊ ကင်း၍။ သင်္ဂါမဘူမိယံ၊ စစ်မြေအရပ်သို့။ နဂစ္ဆေယျ၊

www.dhammadownload.com

မသွားရာ။ တထာ၊ ထိုအတူ။ ပဏ္ဍိတော၊ ပညာရှိသည်။ သတ္တံ၊ ကျမ်းဂန်ကို။ ဝိနာ၊ ကင်း၍။ နု ဘာသေယျ၊ စကား မဆိုရာ။ အဒ္ဓဂူ၊ အဓွန့်ရှည်သော ခရီးသို့သွားသော။ ဝါကိ ဇော၊ ကန်သည်သည်။ သတ္တံ၊ အဖော်ကို။ ဝိနာ၊ ကင်း၍။ နဂစ္ဆေယျ၊ မသွားရာ။ ဝိဒေသ ဂမနော၊ အရပ်တပါး သို့သွားသော သူသည်။ သတ္တံ၊ အဖော်ကို။ ဝိနာ၊ ကင်း၍။ နဂစ္ဆေယျ၊ မသွားရာ။

၂၀။ လောကေ၊ လောက၌။ ဓနနာသဉ္စ၊ ဥစ္စာပျက်ခြင်း ကိုဂုဏ်း။ မနောတာပဉ္စ၊ နှလုံးပူပန်ခြင်းကိုဂုဏ်း။ ဃရေ၊ အိမ်၌။ ဒုစ္စရိတာနိစ၊ မကောင်းမှုကို ပြုကျင့်ခြင်းတို့ကိုဂုဏ်း။ ဝဉ္စနဉ္စ၊ လှည့်ဖြားခြင်းကိုဂုဏ်း။ အဝမာနဉ္စ။ မထေမဲ့မြင်ပြုခြင်းကိုဂုဏ်း။ ပဏ္ဍိတော၊ ပညာရှိသည်၊ နပကာသယေ၊ ထင်ရှားမပြရာ။

၂၉။ လောကေ၊ လောက၌။ ပတ္တာနုရူပကံ၊ အရေး အခွင့်ရောက်သည်နှင့် လျော်သော။ ဝါကျံ၊ စကားကိုဂုဏ်း။ သဘာဝရူပကံ၊ ကိုယ်အားလျောက်ပတ်သော။ ဝိယံ၊ ချစ်အပ် သော သူကိုဂုဏ်း။ အတ္တာနုရူပကံ၊ ကိုယ်နှင့် တန်ရုံသော။ ကောဓံ၊ အမျက်ကိုဂုဏ်း။ ယော၊ အကြင်သူသည်။ ဇာနာတိ၊ သိတတ်၏။ သော၊ ထိုသူသည်။ ပဏ္ဍိတော၊ ပညာရှိမည်၏။

၃၀။ အဓနဿ၊ ဥစ္စာမရှိဘဲလျက်။ ရသံခါဒါ၊ အရသာ စားကြ။းသောသူ။ အဗလဿ၊ ခွန်အားမရှိဘဲလျက်။ ဟတာ နရာ၊ အသတ်အပုတ် ကြိုက်တတ်သောသူ။ အပညဿ၊ ပညာမရှိဘဲလျက်။ ဝါကျရတာ၊ စကား လိုလား သောသူ။ ဇာမေ၊ ဤသူတို့ကား။ ဥမ္မတ္တကသမာ၊ သူရူးနှင့် တူကုန်၏။

www.dhammadownload.com

၃၁။ အနဝဂ်ါယံ၊ သူမခေါ်ဘဲလျက်။ ဂမယာန္တော၊ သူ့အိမ်သို့ သွားဖန်များသောသူ။ အပုစ္ဆာ၊ သူမမေးဘဲ။ ဗဟုဘာသကော၊ များစွာ ပြောဟောတတ်သောသူ၊ အတ္တဂုတ္တိ၊ မိမိဂုတ်ကျေ့ဇူးကို။ ပကာသေန္တော၊ ပလွှားတတ်သောသူ။ ဇုဒံ တိဝိဓံ၊ ကျိသုံးပါးသည်။ ဟ၌ လက္ခဏံ၊ သူယုတ်၏။ လက္ခဏာတည်း။

၃၂။ အပဂ္ဘပေါ၊ အဆင်းမလှသောသူသည်။ ဗဟုံဘာသော၊ စကားများတတ်၏။ အပဂ္ဘပညော၊ ပညာနည်းသောသူသည်။ ပကာသကော။ ထင်ရှားပြဘတ်၏။ အပဂ္ဘရော၊ ရေမပြည့်သော။ ယဒေါ၊ အိုးသည်။ ခေါဒေါ၊ ချောက်ချားတတ်၏။ အပဂ္ဘဒိရာ၊ နို့ရည်မထွက်သော။ ဂါဒိ၊ နွားမသည်။ စလော၊ ကျောက်ကန်တတ်၏။

၃၃။ မက္ကဋကေဝိ၊ ဘားသူငယ် သည်လည်း။ ဥက္ကြံ ဆောင့်ကြွဲ့ ထိုင်တတ်ကာမူ။ သီဟော၊ ခြင်္သေ့ဟု ထင်၏။ ကာကဂေဟော၊ ကျီးဘည်းချိမူကား။ ပိယေ ပိယေ၊ ချစ်ဆဲ့ချစ်ဆွေဟု မြည်ကတ်၏။ အပက္ကိဒဒါ၊ ပညာမရှိသော သူမိုက်သည်လည်း။ ပက္ကိဟုတ္တာ၊ မိမိကိုယ်ကို ပညာရှိ ထင်ခြင်းကြောင့်။ ဓိရာ၊ ပညာရှိတို့သည်။ ပုစ္ဆာ၊ မေးလတ်သော်။ ဇယေ ဇယေ၊ ငါ့ရှင် ငါ့ရှင်ဟု ချစ်ဘွယ်သော စကားကို ဆိုတတ်၏။

၃၄။ မက္ကဋကေပိ၊ ဘားသူငယ် သည်လည်း။ ဥက္ကြံ၊ ဆောင့်ကြွဲ့ ထိုင်ခြင်း တူမူကား။ သီဟော၊ ခြင်္သေ့-ဟူကောင်းအံ့လော။ သူကဒရေပိ၊ ဝက်သည်လည်း။ ဥဟော၊ အုတ်အုတ် မြည်တတ်ကာမူ။ ဒီပေါ၊ ကျားသစ် ဟူကောင်းအံ့လော။

www.dhammadownload.com

ဗိဉ္ဇာရေဗိ၊ ကြောင်သည်လည်း။ သဒိသေ၊ အဆင်းသဏ္ဌာန် တူကာမူ။ ဗျဉ္ဇ၊ ကျားဟူကောင်းအံ့လော။ သဗ္ဗဓိရေ၊ ခပ် သိမ်းသော ပညာရှိတို့သည်လည်း။ သိပ္ပသမေ၊ အတတ်ချင်း တူကောင်းအံ့လော။

၃၅။ ရာဇာ၊ မင်းတို့ သဘောမည်သည်။ ဓနမှိ၊ ဥစ္စာ၌ နတိတ္တိ၊ ရောင့်ရဲခြင်း မရှိ။ ပဏ္ဍိတော၁ပိ၊ ပညာရှိသည်လည်း။ သုဘာသိတေ၊ စကားကောင်း၌။ နတိတ္တိ၊ ရောင့်ရဲခြင်းမရှိ။ စက္ခုပိ၊ မျက်စိသည်လည်း။ ပိယဒဿနေ၊ ချစ်သောသူကို မြင်ခြင်း၌။ နတိတ္တိ၊ ရောင့်ရဲခြင်း မရှိ။ သဂ္ဂရော။ သမုဒ္ဒရာသည်။ ဇလေ၊ ရေ၌။ နတိတ္တိ၊ ရောင့်ရဲခြင်းမရှိ။

၃၆။ ရူပယောဗ္ဗနသမ္ပန္နာ၊ အဆင်း အရွယ်နှင့် ပြည့်စုံလျှင်းမူလည်း။ ဝိသာလကုလ သမ္ဘူ၀၊ ပြန့်ပြော ကြွယ်၀သော အမျိုး၌ ဖြစ်လျှင်းမူလည်း။ ဝိဇ္ဇာဟီနာ၊ အတတ်ပညာမှ ယုတ် ခဲ့မူကား။ နသောဘန္တိ၊ မတင့်တယ်ကုန်။ ကိံသုကာ၊ ပေါက် ပန်းတို့သည်။ နိဂန္ဓာဇ္ဈ၀၊ အနံ့မှ ကင်းကုန်သကဲ့သို့တည်း။

၃၇။ လောကေ၊ လောက၌။ ဟီနပုတ္တော၊ အမျိုးယုတ် သောသူ၏ သားဖြစ်လျက်လည်း။ ရာဇာမစ္စော၊ မင်း၏ အမတ် ဖြစ်တတ်၏။ ဗာလပုတ္တောစ၊ သူမိုက်၏သား ဖြစ်လျက်လည်း။ ပဏ္ဍိတော၊ ပညာရှိ ဖြစ်တတ်၏။ အဓနဿ၊ ဥစ္စာမရှိသောသူ၏သား ဖြစ်လျက်လည်း။ ဓနံ၊ ဥစ္စာသည်။ ဗဟူ၊ များတတ်၏။ တဿာ၊ ထို့ကြောင့်။ ပုရိသာနံ၊ ယောကျ်ားတို့အား၊ နမညတ၊ မထေမဲ့မြင် မပြုကုန်ရာ။

www.dhammadownload.com

၃၀။ ယောသိသော၊ အကြင် တပည့်သည်။ သိပ္ပလော ဘေနု၊ အတတ်ကိုလိုသဖြင့်။ ဗဟုံ၊ အထူးထူး အပြားပြား များစွာ။ ဂဏှာတိ၊ သင်တတ်၏။ သောသိသော၊ ထိုတပည့် သည်။ တံသိပ္ပံ၊ ထိုအတတ်ကို။ သုဝိနံ၊ အိပ်မက်ကို။ ပဿန္တော၊ မြင်သော၊ မှုဂေါဝ၊ သူအ-ကဲ့သို့။ ကထေတုမိ၊ ပြန်ဆိုခြင်း ငှါလည်း။ နဉ်ဃဟော၊ မစွမ်းနိုင်ရာ။

၃၉။ ကုမ္ဘကာရော၊ အိုးထိန်းသည်သည်။ ကုမ္ဘံ၊ အိုး ကို။ ဘိန္ဒေတုံ၊ ကွဲစိမ့်သောငှါ။ နဃဋ္ဋတိ။ မခတ်။ သောဘေ တုံ၊ တင့်တယ်စိမ့်သောငှါ။ ဃဋ္ဋတိ၊ ခတ်၏။ အာစရိယော၊ ဆရာသည်။ သိဿာနံ၊ တပည့်တို့အား။ အပါယေသု၊ အ ပါယ်ဆင်းရဲတို့သို့။ ဒိပေတုံ၊ ကျစေခြင်းငှါ။ နဃဋ္ဋတိ၊ မပုတ် ခတ်။ ဝုဗ္ဘိကာရဏာ၊ အတတ်ပညာ အစီးအပွား ဟူသော အကြောင်းကြောင့်။ ဃဋ္ဋတိ၊ ပုတ်ခတ်၏။

၄၀။ ယောနရော၊ အကြင်သူသည်။ တဋ္ဌရဇ္ဇု၊ ဇောင် ဇလပ်ပန်းကိုလျှင်။ ပလာသေန၊ ပေါက်ဖက်နှင့်။ ဥပနယ္ဟတိ၊ ထုပ်၏။ တဿ၊ ထိုသူ၏။ တဋ္ဌရောဇဝေါ၊ တောင်ဇလပ်ပန်း သည်သာလျှင်။ သုရဘိံ၊ ကောင်းသောအနံ့ကို။ ဝါယတိ၊ လိုင်စေသည်ကား။ နှ၊ မဟုတ်။ ပတ္တာပိ၊ ပေါက်ဖက်တို့သည် လည်း။ သုရဘိံ၊ ကောင်းသောအနံ့ကို။ ဝါယန္တိ၊ လိုင်စေ ကုန်၏။ ဇဝံတထာ၊ ထိုအတူ။ ဓိရူပသေဝနာ၊ ပညာရှိနှင့် ပေါင်းဘက်မှီဝဲရသော သူတို့ကို။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်ကုန်၏။

ပဏ္ဍိတကထာလင်္ကာ၊ ပညာရှိကို ဆိုရာဖြစ်သော
အခန်းသည်။ နိဋ္ဌိတံ၊ ပြီးပြီ။

www.dhammadownload.com

၂-သုဇန ကဏ္ဍ

၄၁။ သန္တိရေဝ၊ သူတော်ကောင်းတို့နှင့်သာလျှင်။ သမာသေထ၊ ပေါင်းဘက်ရာ၏။ သန္တိ၊ သူတော်ကောင်းတို့နှင့်။ သန္ထဝံ၊ ပေါင်းဘက်ခြင်းကို။ ကုဗ္ဗထ၊ ပြုရာ၏။ သတံ၊ သူတော်ကောင်းတို့၏။ သဒ္ဓမ္မံ၊ တရားကို။ အညာယ၊ သိ၍။ သေယျော၊ မြတ်သည်။ ဟောတိ၊ ဖြစ်၏။ ပါပိယော၊ ယုတ်မာသည်။ နဟောတိ၊ မဖြစ်။

၄၂။ ဒုဇ္ဇနသံသဂ္ဂံ၊ သူယုတ်တို့နှင့် ပေါင်းဘက်ခြင်းကို၊ စဇ-စဇာဟိ၊ စွန့်လော့။ သာဓုသမာဂမံ၊ ပေါင်းဘက်အပ်သော သူတော်ကောင်းသို့။ ဘဇ-ဘဇာဟိ၊ ဆည်းကပ်လော့။ အဟောရတ္တိံ၊ နေ့ည၌ပတ်လုံး။ ပုညံ၊ ကောင်းမှုကို။ ကရ-ကရောဟိ၊ ပြုလော့။ အနိစ္စတံ၊ သင်္ခါရတရား၏ မမြဲသော အဖြစ်ကို။ နိစ္စံ၊ အမြဲ။ သရ-သရာဟိ၊ အောက်မေ့လော့။

၄၃။ ဥဒုမ္ဗရပက္ကာ၊ ရေသဖန်းသီး မှည့်တို့သည်။ ဗဟိ၊ အပဋ္ဌာ၊ ရတ္ထကမေဝစ၊ နီစွာသာလျှင်ကတည်း။ အန္တော၊ အတွင်းဋ္ဌကား။ ကိမိလသမ္ပုဏ္ဏာ ပိုးအတိ ပြည့်ကုန်သည်။ ဟောန္တိယထာ၊ ဖြစ်ကုန်သကဲ့သို့။ ဧဝံတထာ၊ ထိုအတူ။ ဒုဇ္ဇနဟဒယာ၊ သူယုတ်တို့၏ နှလုံးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

၄၄။ ပနသပက္ကာဝိ၊ ပိန္နဲသီးမှည့်တို့ သည်ကား။ ဗဟိ၊ အပဋ္ဌာ။ ကဏ္ဏကမေဝစ၊ ဆူးသာထင်ကုန်၏။ အန္တော၊ အတွင်းဋ္ဌကား။ အမတသမ္ပန္နာ၊ အမြိန် အရသာနှင့် ပြည့်စုံကုန်သည်။ ဟောန္တိယထာ၊ ဖြစ်ကုန်သကဲ့သို့။ ဧဝံတထာ ထိုအတူ။ သုဇန

www.dhammadownload.com

ဟဒယာ၊ သူတော်ကောင်းတို့၏ နှလုံးတို့သည်။ ဟောန်ဖြစ်ကုန်၏။

၄၅။ လောကေ၊ လောကဋ္ဌ။ စန္ဒနတရု၊ စန္ဒိကူးပင်သည်၊ သုက္ခေါပိ၊ ခြောက်သွေ့သော်လည်း။ ဂန္ဓံ၊ အနံ့ကို။ နာ၊ ဇဟာတိ၊ မစွန့်။ နာဂေါ၊ ဆင်ပြောင်သည်။ ဂတောပိ၊ စစ်မြေပြင်သို့ ရောက်သော်လည်း။ နရမုခေ၊ လူတို့၏ မျက်မှောက်၌။ လီဠံ၊ တင့်တယ်ခြင်းကို။ နဇဟာတိ၊ မစွန့်။ ဥစ္ဆဏ္ဏော၊ ကြီးသည်။ ယန္တာ ဂတောပိ၊ ယန္တယား စက်၏ အဝယ်သို့ ရောက်သော်လည်း။ မဓုရသံ၊ ချိုသောအရသာကို။ နဇဟာတိ၊ မစွန့်။ ပဏ္ဍိတဇနော၊ ပညာရှိ သူတော်ကောင်းသည်။ ဒုက္ခေါပိ၊ ဆင်းရဲခြင်းသို့ ရောက်သော်လည်း။ ဓမ္မံ၊ သူတော်ဂုဏ်တရားကို။ နဇဟာတိ ဧဝ၊ မစွန့်သတ်တည်း။

၄၆။ သီဟောနာမ၊ ခြင်္သေ့မည်သည်။ ဇိဃဿောပိ၊ မွတ်သိပ်သော်လည်း။ ပဏ္ဍာဒီနိ၊ သစ်ရွက် စသည်တို့ကို။ နခါဒတိ၊ မစား။ သီဟောနာမ၊ ခြင်္သေ့မည်သည်ကား။ ကိသောစာပိ၊ ကြိုးလိမ်သော်လည်း။ နာဂဓံသံ၊ ဆင်သားကို။ နခါဒတိ၊ မစား။

၄၇။ ကုလဇာတော၊ မြတ်သောအမျိုး၌ ဖြစ်ထသော၊ ကုလဝံသ သုရက္ခတော၊ အမျိုး အနွယ်ကို စောင့်တတ်ထသော။ ကုလပုတ္တော၊ အမျိုးကောင်းသား သည်။ အတ္တာနာ၊ မိမိသည်။ ဒုက္ခပတ္တောပိ၊ ဆင်းရဲခြင်းသို့ ရောက်သော်လည်း၊ ဟီနကမ္မံ၊ ယုတ်သောအမှုကို နကာရယေ၊ မပြုရာ။

၄၈။ လောကေ၊ ကောကဋ္ဌ။ စန္ဒနံ၊ စန္ဒကူးသည်။ သီတလံ ချမ်းမြေ့စွာ၏။ တတော၊ ထိုစန္ဒကူး ချမ်းမြေ့သည်ထက်၊

www.dhammadownload.com

စန္ဒောဝ။ လ-သည်သာလျှင်။ သီတလော၊ ချမ်းမြေ့၏။ စန္ဒနစန္ဒ သီတမှာ၊ စန္ဒကူး, လ, ချမ်းမြေ့သည်ထက်။ သုဘာသိတံ၊ ကောင်းစွာ ဆိုအပ်သော။ သာဓုဝါကျံ၊ သူတော်ကောင်း တို့၏ စကားသည်။ သီတလံ၊ ချမ်းမြေ့စွာ၏။

၄၉။ ဘာဏု၊ ရောင်ခြည်တထောင် ဆောင်သော နေမင်း သည်။ ပစ္ဆိမေ၊ အနောက်မျက်နှာ၌။ ဥဒေတိ၊ တက်ရာ၏။ မေရုဇာပီ၊ မြင့်မိုတောင်မင်းသည်လည်း။ နမတိ၊ ညွှတ်ရာ၏။ ယဒိ၊ အကယ်မလွဲ။ နရဂ္ဂိ၊ ငရဲမီးသည်။ သီတလံ။ ချမ်းမြေ့ရာ၏။ ပဗ္ဗတဂ္ဂေ၊ တောင်ထိပ်၌လည်း။ ဥပ္ပလံ၊ ကြာသည်။ ဝိကသေ၊ ပွင့်ရာ၏။ သာဓုဝါစာ၊ သူတော်ကောင်း တို့၏ စကားသည်။ ကုဒါစနံ၊ တရံတဆစ်မျှ။ နဝိပရိတံ၊ မဖောက်ပြန်ရာ။

၅၀။ ရုက္ခဿ၊ သစ်ပင်၏။ ဆာယာဝ၊ အရိပ်သည်လျှင်။ သုခါ၊ ချမ်းသာ၏။ တတော၊ ထိုသစ်ပင်ရိပ် ချမ်းသာသည်ထက်။ ဉာတိ မာတာပိတု၊ ဆွေမျိုးမိဘ၏။ ဆာယာ၊ အရိပ်သည်။ သုခါ၊ ချမ်းသာ၏။ တတော၊ ထိုဆွေမျိုးမိဘ၏ အရိပ်ချမ်းသာသည်ထက်။ အာစရိယော၊ ဆရာသမား၏ အရိပ်သည်။ သုခေါ၊ ချမ်းသာ၏။ တတော၊ ထိုဆရာသမားတို့၏ အရိပ်ချမ်းသာသည်ထက်။ ရညော၊ မင်း၏။ ဆာယာ၊ အရိပ်သည်။ သုခါ၊ ချမ်းသာ၏။ တတော၊ ထိုမင်း၏ အရိပ်ချမ်းသာသည်ထက်။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ ဆာယာ၊ အရိပ်ဟု ဆိုအပ်သော တရားတော်သည်။ အနေကဓာ၊ များစွာသော အပြားအားဖြင့်။ သုခံ၊ ချမ်းသာ၏။

www.dhammadownload.com

၅၁။ ဘမရာ၊ ပိတုန်းတို့သည်။ ပုပ္ပံ၊ ပန်းကို၊ ဇာစ်ဆွဲ၏။ အလိုရှိကုန်၏။ သုဇာနာ၊ သူတော်ကောင်းတို့သည်။ ဂုဏ်၊ ဂုဏ်ကျေးဇူးကို။ ဇာစ်ဆွဲ၏၊ အလိုရှိကုန်၏။ မက္ခိကာ၊ ယင်တို့သည်။ ပူတိ၊ အပုတ်ကို။ ဣစ္ဆွဲ၏၊ အလိုရှိကုန်၏။ ဒုဇ္ဇနာ၊ သူယုတ်တို့သည်။ ဒေါသံ။ အမျက်ကို။ ဣစ္ဆွဲ၏၊ အလိုရှိကုန်၏။

၅၂။ မာတာဟိနသဿ၊ အမိယုတ်သောသူအား။ ဒုဿာသာ၊ မကောင်းသော စကားရှိသည်။ ဟောတိ၊ ဖြစ်၏။ ဒိတာ ဟိနသဿ၊ အဘယုတ်သောသူအား။ ဒုက္ကိရိယာ၊ မကောင်းသော အမှုအကျင့်ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဉာတော မာတာပိတာ ဟိနာ၊ မိဘနှစ်ပါးစုံ ယုတ်မှုကား။ ဒုဿာသာစ၊ မကောင်းသော စကားရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဒုက္ကိရိယာစ၊ မကောင်းသော အမှုအကျင့်ရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။

၅၃။ မာတာသေဋ္ဌဿ၊ အမိမြတ်သောသူအား။ သုဘာသာ၊ ကောင်းသောစကားရှိ၏။ ပိတာသေဋ္ဌဿ၊ အဘ မြတ်သော သူအား။ သုကိရိယာ၊ ကောင်းသော အမှုအကျင့် ရှိ၏။ ဉာတော မာတာ ပိတာ သေဋ္ဌာ၊ မိဘနှစ်ပါးစုံ မြတ်မှုကား။ သုဘာသာစ၊ ကောင်းသော စကားလည်း ရှိ၏။ သုကိရိယာစ၊ ကောင်းသောအမှုအကျင့်လည်း ရှိ၏။

၅၄။ သင်္ဂါဓေ၊ စစ်မြေပြင်အရပ်၌။ သူရံ၊ ရဲရင့်သော သူကို။ ဣစ္ဆတိ၊ အလိုရှိကုန်၏။ ကုတ္ထဟာလေ၊ ဒိုက်ရန်ဖြစ်သော အခါ၌။ မန္ဒိသုခံ၊ စကား၌ လိမ်မာသော သူကို။ ဣစ္ဆတိ၊ အလိုရှိကုန်၏။ အန္ဒပါနေသု၊ ထမင်း အဖျော်ကောင်း စား

www.dhammadownload.com

သောက်သောအခါတို့၌။ ပိယံ၊ ချစ်သောသူကို။ ဣစ္ဆန်္တိ၊ အလို ရှိကုန်၏။ အတ္ထကိစ္စသု၊ အနက်သဒ္ဒါ ခဲခက်စွာသော အရေး အရာ အမှုကိစ္စရှိသော ကာလတို့၌။ ပဏ္ဍိတံ၊ ပညာရှိသော သူကို။ ဣစ္ဆန်္တိ၊ အလိုရှိကုန်၏။

၅၅၊ သုနခေ၊။ခွေးတ၊ကောင်သည်၊ သုနံ၊ ခွေး၊တကောင် ကို၊ ဒိသ္ဝာ၊ မြင်၍။ ရောသယံ၊ ချုတ်ချယ်လျက်။ ဟိ ံသိတုံ၊ ညှဉ်းဆဲအံ့သောငှါ။ ဒန္တံ၊ သွားကို။ ဒဿေတိ၊ ပြ၏။ ဒုဇ္ဇနော၊ သူယုတ်သည်။ သုဇနံ၊ သူတော်ကောင်းကို။ ဒိသ္ဝာ၊ မြင်၍။ ရောသယံ၊ ချုတ်ချယ်လျက်။ ဟိ ံသံ၊ ညှဉ်းဆဲခြင်း အမှုကို။ ဣစ္ဆတိ၊ ပြုခြင်းငှါ အလိုရှိ၏။

၅၆။ ဝေဂေန၊ လျင်စွာ။ ကိစ္စာနိ၊ အမှု ကိစ္စ ဟူသမျှတို့ ကို။ မာစကရောသိ၊ မိမိလည်း မပြုလင့်။ မာစ ကာရာပေ သိ ဝါ၊ သူတပါးကိုလည်း မပြုစေလင့်။ ကမ္မံ၊ အမှုကို။ သာဟသာ သာ၊ အဆောတလျင်။ ကာရိတံ၊ ပြုမူကား။ မန္ဒော၊ ပညာနည်းသောသူသည်။ ပစ္ဆာ၊ နောက်မှ။ အနုတပ္ပတိ၊ ပူပန်ရတတ်၏။

၅၇။ လောကေ၊ လောက၌။ ကောဓံ၊ အမျက်ကို။ ဝိဂတံ တ္ဝာ၊ ဖျောက်နိုင်မူကား။ ကဒါစိ၊ တရံတဆစ်မျှလျှင်။ နသော စတိ။ မစိုးရိမ်ရ။ မက္ခပ္ပဟာနံ၊ သူ့ကျေးဇူးကိုဆိုတတ်သောသူ ကို။ ဣသယော၊ ဘုရား စသော သူတော်ကောင်း တို့သည်၊ ဝဏ္ဏယန္တိ၊ ချီးမွမ်းကုန်၏၊ သဗ္ဗေသံ၊ ခပ်သိမ်း ကုန်သော သူတို့၏။ ဖရုသဝါစံ၊ ကြမ်းကြုတ်သော စကားကို။ ခမထ၊ သည်းခံကုန်လော့။ ဧတံခန္တိ ံ၊ ဤသို့သော သည်းခံခြင်းကို၊

www.dhammadownload.com

ဥတ္တမံ၊ မြတ်၏ဟူ၍။ သနေ့နော၊ ဘုရားစသော သူတော်ကောင်းတို့သည်။ အာဟု၊ ဆိုကုန်၏။

၅၀။ လောကော၊ လောကဋ္ဌ။ အသုစိသက်တော၊ မစင်အတိပြည့်သော။ သမ္မာဓေ၊ ကျဉ်းမြောင်းသော၊ ဌာနေ၊ အရပ်၌။ နိဝါသော၊ နေရခြင်းသည်။ ဒုက္ခော၊ ဆင်းရဲ၏။ တဘော၊ ထိုထက်။ အပိုယေ။ မချစ်မနှစ်သက်လိုသော။ အရိမ်္ဘိ၊ ရန်သူ့ထံ၌။ နိဝါသော၊ နေရခြင်းသည်။ ဒုက္ခော၊ ဆင်းရဲ၏။ တဇော၀ပိ၊ ထိုထက်လည်း။ အကတညုနော၊ သူ့ကျေးဇူးကို မသိတတ်သောသူနှင့်။ နိဝါသော၊ နေရခြင်းသည်။ ဒုက္ခော၊ ဆင်းရဲ၏။

၅၉။ ဩဝဒေယျ၊ ဆုံးမသင့်သော အရာ၌ ဆုံးမရာ၏၊ အနုသာသေယျ၊ မပြတ်ဆုံးမရာ၏။ အသပ္ပါဒ၊ ယုတ်မာသော အကျင့်မှလည်း။ နိဝါရယေ၊ တားမြစ်ရာ၏။ ဟိ၊ ထိုစကား သင့်စွ။ သော၊ ထိုဆုံးမတတ်သော သူကို။ သတံ၊ သူတော်ကောင်းတို့သည်၊ ဒိယော၊ ချစ်ခင်အပ်သည်။ ဟောတိ၊ ဖြစ်၏။ အသတံ၊ သူတော်မဟုတ် သူယုတ်တို့သည်။ အပိယော၊ မချစ်ခင်အပ်သည်။ ဟောတိ၊ ဖြစ်၏။

၆၀။ ဥတ္တမံ၊ ကိုယ့်ထက်မြတ်သောသူကို။ အတ္တာနိဝါတေန၊ ကိုယ်ကိုနှိမ့်ချသဖြင့်။ နိဇ္ဈာယေ၊ အောင်ရာ၏။ သူရံ၊ ရဲရင့်သော သူကို။ ဘေဒေန၊ သင်းခွဲသဖြင့်။ နိဇ္ဈာယေ၊ အောင်ရာ၏။ နိစံ၊ ကိုယ့်အောက်နိမ့်သောသူကို။ အပ္ပကဒါနေန၊ တစိုးတစိ ပေးသဖြင့်။ နိဇ္ဈာယေ၊ အောင်ရာ၏။ သမံ၊ ကိုယ်နှင့် တူသော သူကို။ စ ပါယာမေန၊ လုံ့လပြုသဖြင့်။ ဇယေ၊ အောင်ရာ၏။

www.dhammadownload.com

၆၁။ လောကေ၊လောကဒ္ဒိ။ ဝိသံ၊ အဆိပ်ကို။ ဒိသံ့ကတိ၊ အဆိပ်ဟူ၍။ နု အာဟု၊ မဆိုကုန်။ သံဃဿ၊ သဃ်ာ၏။ ဓနံ၊ ဥစ္စာကို။ ဝိသံ့ကတိ၊ အဆိပ်ဟူ၍။ ဥစ္စတေ၊ ဆိုအပ်၏။ ဝိသံ။ အဆိပ်သည်။ ဧကံဝဟန္တိ၊ တကြိမ်သာလျှင် သတ်တတ်၏။ သံဃဿ၊ သဃ်ာ၏။ ဓနံ၊ ဥစ္စာသည်ကား။ သဗ္ဗံ၊ အကြိမ်ကြိမ် အဖန်ဖန်။ ဟန္တိ၊ သတ်တတ်၏။

၆၂။ ဇဝေန၊လျင်မြန်ခြင်းဖြင့်။ အဿဘဋ္ဌိ၊ မြင်းကောင်းကျေးဇူးကို။ ဇာနန္တိ၊ သိကုန်၏။ ဝါဟေန၊ လေးသောဝန်ကို ရွက်ဆောင်သဖြင့်။ ဗလိဗဒ္ဓံ၊ နွားကျေးဇူးကို။ ဇာနန္တိ၊ သိကုန်၏။ ဒုဟေန၊ နို့သွန်ခြင်းဖြင့်။ ဓေနုံ၊ နို့ထွက်သော နွားမ၏ကျေးဇူးကို။ ဇာနန္တိ၊ သိကုန်၏။ ဘာသမာနေန၊ ကြိုစည်လှိုက်ရာ၌ ပြောဆိုနှင်ခြင်းဖြင့်။ ပဏ္ဍိတံ၊ ပညာရှိ ကျေးဇူးကို။ ဇာနန္တိ၊ သိကုန်၏။

၆၃။ သာဓုနံ၊ သူတော်ကောင်းတို့၏။ ဓနံ၊ ဥစ္စာသည်။ အာပဒ္ဓိ၊ အနည်းငယ်သော်လည်း။ ကူပေ၊ တွင်းဝ၌။ ဝါရိဝ ရေကဲ့သို့။ နိဿယော၊ သူတပါးတို့ မှီခိုရာရ၏။ အသာဓုနံ၊ သူတော်ကောင်းမဟုတ်သော သူတို့၏။ ဓနံ၊ ဥစ္စာသည်။ ဗဟုံ အပိ၊ များသော်လည်း။ အဏ္ဏဝေ၊ သမုဒ္ဒရာ၌။ ဝါရိဝ၊ရေကဲ့သို့။ နဿယော၊ သောက်ချိုးရာ မှီရာမရ။

၆၄။ အာပံ၊ ရေကို။ နဒ္ဓာ၊ မြစ်တို့သည်၊ နောပဝဒ္တိ၊ မသောက်ကုန်၊ ရုက္ခာ၊ သစ်ပင်တို့သည်။ ဖလံ၊ အသီးကို၊ နောခါဒန္တိ၊ မစားကုန်။ မေဃာ၊ မိုးတို့သည်လည်း။ ကွဓိ၊ အချို့သော အရပ်တို့၌။ နော ဝဿန္တိ၊ မရွာကုန်။ သတံ။

www.dhammadownload.com

သူတော်ကောင်းတို့၏။ ဓနံ၊ ဥစ္စာသည်လည်း။ ပရတ္ထာဃယ၊ သူစာပါးတို့၏ အကျိုးငှါသာတည်း။

၆၅။ အာပတ္တေယျံ၊ မတောင့်တအပ်သည်ကို။ နပတ္တေယျ၊ မတောင့်တရာ။ အစိန္တေယျံ၊ မကြံအပ်သည်ကို။ နစိန္တယေ၊ မကြံရာ။ ဓမ္မ မေဝ၊ တရားသဘောနှင့် စပ်ယှဉ် သည်ကို သာလျှင်။ သုစိန္တေယျ၊ ကောင်းစွာ ကြံရာ၏။ မောဃံ၊ အချည်းနှီးသော။ ကာလံ၊ ကာလကို။ နက္ကစ္ဆယေ၊ အလိုမရှိရာ။

၆၆။ အစိန္တိတမ်ပိ၊ မကြံဘဲလျက်လည်း။ ဘဝတိ၊ ဖြစ်တတ်၏။ စိန္တိတမ်ပိ၊ ကြံသော်လည်း၊ ဝိနဿတိ၊ ပျက်တတ်၏။ ဟိ၊ ထိုစကားသင့်စွ။ ဣတ္ထိယာ ဝါ၊ မိန်းမအားဖြင့်။ ပုရိသဿ ဝါ၊ ယောကျ်ားအားဖြင့်။ သော ဝါ၊ စည်းစိမ်တို့သည်။ နစိန္တာဝမယာ၊ ကြိုတိုင်းလည်း မပြီးကုန်။

၆၇။ ယော၊ အကြင်သူသည်။ အသန္တော်သ၊ သူတော်မဟုတ်သောသူအား။ ပိယော၊ ချစ်အပ်သည်။ ဟောတိ၊ ဖြစ်၏။ သန္တံ၊ သူတော်ကောင်းကို။ ပိယံ၊ ချစ်ခြင်းကို။ နကုရုတေ၊ မပြု။ အသတံ၊ မသူတော်တို့၏။ ဧဝံ၊ တရားကိုသာလျှင်။ ရောစတိ၊ နှစ်သက်၏။ တသ၊ ထိုသူ၏။ တံ၊ ထိုအမှုအကျင့်သည်။ ပရာဘဝတေ၊ ပျက်စီးအံ့သည်၏။ မုခံ၊ အကြောင်းတည်း။

သုဇနကလ္လံ၊ သူတော်ကောင်းတို့ကို ဆိုရာ အခက်းသည်။ နိဋ္ဌိတံ၊ ပြီးပြီ။

www.dhammadownload.com

၃-ဗာလဒုဇ္ဇန ကဏ္ဍ

၆၀။ ခလော၊ သူယုတ်ကို။ အတိပိယော၊ အလွန်ချစ်အပ်သည်ကို။ နာ ကာတဗ္ဗော၊ မပြုအပ်။ သိရသော၊ ဦးခေါင်းဖြင့်။ ဝဟမာနောပိ၊ ရွက်ဆောင် အပ်သော်ထည်း။ အဓုပုရော၊ မပြည့်သော ရေရှိသော်။ ဃဋော်ဃထော၊ အိုးကဲ့သို့။ ကော တုဟလံ၊ အုတ်အုတ်ကျက်ကျက်ကို။ ကရော၊ ပြုတတ်၏။

၆၁။ သပ္ပေါ၊ မြွေသည်။ ဒုဋ္ဌော၊ အမျက်လွန်၏။ ခလော၊ သူယုတ်သည်လည်း။ ဒုဋ္ဌော၊ အမျက်လွန်၏။ သပ္ပေါ၊ မြွေထက်။ ခလော၊ သူယုတ်သည်ကား။ ဒုဋ္ဌတရော၊ အမျက်လွန်၏။ သောသပ္ပေါ၊ ထိုမြွေကိုကား။ မန္တော သဓေတိ၊ မန္တယား ဆေးဝါးတို့ဖြင့်။ သမ္မတိ၊ ငြိမ်းစေနိုင်၏။ ခလော သူယုတ်ကိုကား။ ကေန၊ အဘယ်မည်သော ဆေးဖြင့်။ ဥပသမ္မတိ၊ ငြိမ်းစေနိုင်အံ့နည်း။

၇၀။ ယောဗာလော၊ အကြင် သူမိုက်သည်။ ဗာလံ၊ မိမိမိုက်သောအဖြစ်ကို။ မညတိ၊ သိ၏။ တေန၊ ထိုသို့သိခြင်းကြောင့်။ သောဝါဝိ၊ ထိုသို့ မိုက်သောသူ ဖြစ်လျက်လည်း။ ပဏ္ဍိတော၊ ပညာရှိ မည်၏။ ယော ဗာလော၊ အကြင် သူမိုက်သည်ကား။ ဗာလောစ၊ မိုက်လျက်လျှင်။ ပဏ္ဍိတမာနီ၊ မိမိကိုယ်ကို ပညာရှိဟု ထင်၏။ သ-သော၊ ထိုသူကိုသာလျှင်။ ဓေ၊ စင်စစ်။ ဗာလောတိ၊ သူမုက်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

၇၁။ ဗာလော၊ သူမိုက်သည်! ယာဝ၊ အကြင်မျှလောက်။ ပဝိသံ၊ မိမိ ပြုသော မကောင်းမှုသည်။ နှ ပစ္စတိ၊ အကျိုး။

www.dhammadownload.com

မပေးသေး။ တာဝ၊ ထိုမျှလောက်။ မရှဝ၊ ပျားရည်ကဲ့သို့ မည်ဘီ၊ အောက်မေ့တတ်၏။ ယဒါစ၊ အကြင်အခါ၌ကား၊ ပါပံ၊ မိမိ ပြုသော မကောင်းမှုသည်။ ပစ္စတိ၊ အကျိုးပေး၏၊ အထ၊ ထိုအခါ၌။ ဒုက္ခံ၊ ဆင်းရဲခြင်းသို့။ နိဂစ္ဆတိ၊ ရောက်၏။

၇၂။ ဗာလော၊ သူမိုက်သည်။ ဗဿဝါ၊ ကိုက်အားရှိမှု။ နသာဓု၊ မကောင်း။ သာဟသာ၊ အနိုင်အထက်၊ ဓနံ၊ သူ၏ ဥစ္စာကို။ ဝိန္ဒတေ၊ ရအောင်ယူတတ်၏။ ဒုဗ္ဘဉော၊ ပညာ နည်းသော။ သောဗာလော၊ ထိုသူမိုက်သည်။ ကာယဿ၊ ကိုယ်ခန္ဓာ၏။ ဘေဒါ၊ ပျက်သည်မှ။ ပရံ၊ နောက်၌၊ နိရယံ၊ ငရဲသို့၊ ဥပပဇ္ဇတိ၊ ရောက်ဘတ်၏။

၇၃။ ဃနရာ၊ အိမ်၌။ ဒုဗ္ဘေဝစ၊ ဖျက်ဆီးတတ်သည်ကား။ မှုသိဓကော၊ ကြွက်တည်း။ ဝဓေ၊ တောင်၌။ ဒုဗ္ဘေဝစ၊ ဖျက်ဆီး တတ်သည်ကား။ ဝါနရော၊ မျောက်တည်း။ သကုဓဏာ၊ ငှက်၌။ ဒုဗ္ဘေဝစ၊ ဖျက်ဆီးတတ်သည်ကား၊ ကာကော၊ ကျီးတည်း။ နရော၊ လူ၌။ ဒုဗ္ဘေဝစ၊ ဖျက်ဆီးတတ်သည်ကား၊ မြဟ္မဏော၊ ပုဏ္ဏားတည်း။

၇၄။ ဇာဝရတော၊ နိုးကြားသောသူအား။ ရတ္တိ၊ ညဉ့် သည်။ ဒီဃာ၊ ရှည်၏။ သန္တသ်၊ ခရီးပန်းသောသူအား။ ယောဇနံ၊ တယူဇနာခရီးသည်။ ဒီဃံ၊ ရှည်၏။ သဒ္ဓမ္မံ၊ သူးတော် ကောင်းကျေးကို။ အဝိဇာနတံ၊ မသိကုန်သော။ ဗာလာနံ၊ သူမိုက်တို့အား။ သံသာရော၊ သံသရာသည်၊ ဒီဃော၊ ရှည်၏။

၇၅။ ခလဇာတော၊ ယုတ်သော သဘောရှိသော သူ သည်။ ပရေသံ၊ သူတပါးတို့၏။ တိလမတ္တံဒဝ၊ နှမ်းစေ့ခန့်မျှ

www.dhammadownload.com

သာ ရှိသော။ အပ္ပဒေါသဉ္ဆ-အပ္ပဒေါသံ ဇဝ၊ အနည်းငယ် သော အပြစ်ကိုသာလျှင်။ ပဿတိ၊ မြင်တတ်၏။ နာဠိကေရံ၊ အုန်းသီးလောက် ရှိသော။ သဒေါသံပိ၊ မိမိ၏ အပြစ်ကို ကား။ နု ပဿတိ၊ မမြင်တတ်။

၇၆။ ပလ္လိတော၊ ပညာရှိသောသူသည်။ အတ္တဒေါသံ၊ မိမိအပြစ်ကို။ ပရေ၊ သူတပါးတို့ကို။ နု ဇာနာ။ မသိစေရာ။ ပရဿ၊ သူတပါး၏။ ဒေါသံတု၊ အပြစ်ကိုကား။ ဇာနာ၊ သိအောင် ပြုရာ၏။ ကိမိဝ၊ အဘယ်ကဲ့သို့နည်း ဟူမူကား။ ကုမ္မာ၊ လိပ်တို့သည်။ အင်္ဂါနိ၊ လက်, ခြေ, ဦးခေါင်းတို့ကို။ ဂုယ္ဟတ္ထံ၊ ဝှက်ကုန်သကဲ့သို့။ အတ္တဒေါသံ၊ မိမိအပြစ်ကို။ ဂုဓေယ္ယ၊ လျှို့ဝှက်ရာ၏။ ပရဒေါသဉ္ဆ၊ သူတပါးတို့၏ အပြစ်ကို။ လည်း။ လက္ခယေ။ မှတ်ရာ၏။

၇၇။ ဗာလေန၊ သူမိုက်သည်။ ပလ္လိတသ၊ ပညာရှိအား။ ပသံသာယ၊ ချီးမွမ်းခြင်းဖြင့်။ ဒဠ္ဟော၊ ဒဏ်ကို ဒိယျတေ။ ပေးသည်မည်၏။ ပဿံတံ၊ ပညာရှိကို။ ပလ္လိတေနေဝ၊ ပညာရှိ သည်သာလျှင်။ ဝဏ္ဏိတော၊ ချီးမွမ်းခြင်းသည်။ သုဝဏ္ဏံတံ၊ ကောင်းစွာချီးမွမ်းခြင်း မည်၏။

၇၈။ လုဒ္ဒံ၊ လိုချင် တပ်မက်မောခြင်း ရှိသော သူကို။ အတ္ထေန၊ တံစို့လက်ဆောင်ပေးသဖြင့်။ ဂဏ္ဍေယျ၊ ယူရာ၏။ ထဒ္ဓံ၊ မာန ခက်ထန်သောသူကို၊ အဉ္ဇလိကမ္မုနာ၊ လက်အုပ်ချီ သဖြင့်။ ဂဏ္ဍေ ယျ၊ ယူရာ၏။ မုဠှံ၊ သူမိုက်ကိုကား။ ဆန္ဒာနုဝတ္တိ ယာ၊ အလိုသို့လိုက်သဖြင့်။ ဂဏ္ဍေယျ၊ ယူရာ၏။ ပဿိတံ၊ ပညာ

www.dhammadownload.com

ရှိကို။ ယထာဘူတေန၊ အဟုတ်အမှန်ဆိုသဖြင့်။ ဂကြောယျ၊ ယူရာ၏။

ဗာလဒုဇ္ဇနကတ္တံ၊ သူမိုက် သူယုတ်တို့ကိုဆိုသော အခက်းသည်။ နိဋ္ဌိတံ၊ ပြီးပြီ။

၄-မိတ္တ ကတ္တ

၇၉။ ဟိတ ကာရော၊ စီးပွားကို ဆောင်သည် ရှိသော်။ ပရောပိ၊ သူတပါးသည်လည်း။ ဗန္ဓု၊ အဆွေမည်၏။ အဟိတော၊ စီးပွားကို မဆောင်မူ။ ဗန္ဓုပိ၊ အဆွေသည်လည်း။ ပရော၊ သူတပါးမည်၏။ ဗျာဓိ၊ အနာသာည်။ ဒေဟဇော၊ ကိုယ်၌ဖြစ်လျက်။ အဟိတော၊ စီးပွားကို မဆောင်လေ။ ဩသဓံ၊ ဆေးကား။ အရည်၊ တောဋ္ဌဖြစ်လျက်။ ဟိတံ၊ စီးပွားကို ဆောင်လေသဲ့လျင်ကတည်း။

၈၀။ ပရောက္ခေ၊ မျက်ကွယ်၌။ ဂုဏဟန္တာရံ၊ ကျေးဇူးကို ချေတတ်သော။ ပစ္စက္ခေ၊ မျက်မှောက်၌။ ပိယဝါဒိနံ၊ ချစ်ဖွယ်သော စကားကို ဆိုတတ်သော။ တာဒိသံ၊ ထိုသို့ သဘော ရှိသော။ မိတ္တံ၊ အဆွေခင်ပွန်းကို။ ဝိသကုမ္ဘော၊ အဆိပ်အိုး၌၊ မဓုံ၊ ပျားကို။ ဝဇ္ဇေယျယထာ၊ ကြဉ်ရှာသကဲ့သို့။ ဝဇ္ဇေယျ၊ ကြဉ်ရာ၏။

၈၁။ ဓနဟီနေ၊ ဥစ္စာတည်း ယုတ်မှုကား။ မိတ္ထော၊ အဆွေခင်ပွန်းသည်။ စဇေ၊ စွန့်တတ်၏။ ပုတ္တဒါရော၊ သားမယားတို့ သည်ဌင်း။ သဟောဒရာ၊ ညီသားအစ်ကိုတို့သည်ဌင်း။ စဇန္တိ၊ စွန့်တတ်ကုန်၏။ ဓနဝန္တော၊ ဥစ္စာရှိသော သူတို့ကိုသာလျှင်။

www.dhammadownload.com

သေဝန္တိ၊ မိဝဲကုန်၏။ တဿ၃၊ ထို့ကြောင့်။ ဓနံ၊ ဥစ္စာသည် သာလျှင်။ လောကေ၊ လောက၌။ မဟာသခါ၊ ခင်ပွန်းကြီးတည်း။

၈၂။ လောကေ၊ လောက၌၊ ဘစ္စံ၊ ကျွန် သူခစားကို။ ပသေန၊ စေပါးခိုင်းခန့်မှသာလျှင်။ ဇာနေယျ၊ ကောင်းမကောင်းကို သိရ၏။ ဗန္ဓဝါပိ၊ ဆွမျိုးတို့ကိုလည်း။ ဘယာဂတေ၊ ဘေးရောက်သောအခါ၌။ ဇာနေယျ၊ သိရ၏။ တထာ၊ ထိုမြို့။ မိတ္တံ၊ အဆွေခင်ပွန်းကို။ အပ္ပကာသု၊ ဥစ္စာနည်းသော အခါတို့၌။ ဇာနေယျ၊ သိရ၏။ ဒါရဥ္စ၊ မယားကိုလည်း။ ဝိဘဝက္ခယေ၊ စည်းစိမ်ကုန်မှသာလျှင်။ ဇာနေယျ၊ သိရ၏။

၈၃။ ယော၊ အကြင်သူသည်။ ဟိတေ၊ အစီးအပွားဌ။ ယုတ္တော၊ ယှဉ်စေတတ်၏။ သော၊ ထိုသူသည်၊ ဗန္ဓု၊ အဆွခင်ပွန်းမည်၏။ ယော၊ အကြင်သူသည်။ ပေါသကော။ ငကျွေးမွေးတတ်သည်။ ဟောတိ၊ ဖြစ်၏။ သော၊ ထိုသူသည်။ ပိတရော၊ မိဘမည်၏။ ယတ္ထ၊ အကြင်သူ၌။ ဝိဿာသော၊ ချစ်ကျွမ်းဝင်၏။ တံ၊ ထိုသူသည်။ မိတ္တံ၊ ခင်ပွန်းမည်၏။ ယတ္ထ၊ အကြင်သူ၌။ နိဗ္ဘရံ၊ နှလုံးငြိမ်း၏။ သာ၊ ထိုသို့ ငြိမ်းစေတတ်သော သူသည်။ ဘရိယာ၊ မယားမည်၏။

၈၄။ အမိတ္တော်ဿ၊ ရန်သူနှင့်လည်း။ နဝိဿသေ၊ အကျွမ်းမဝင်ရာ။ မိတ္တေဥဝပိ၊ အဆွခင်ပွန်းနှင့်လည်း။ နဝိဿသေ၊ အကျွမ်းမဝင်ရာ။ ကဒါစိ၊ တရံတခါ။ မိတ္တော၊ အဆွခင်ပွန်းသည်။ ကုပိတော၊ အမျက် ထွက်လတ်သော်။ သဗ္ဗဒေါသံ၊ ခပ်သိမ်းသော အပြစ်ကို။ ပကာသတိ။ ထင်ရှား ပြတတ်၏။

www.dhammadownload.com

၀၅။ ယော၊ အကြင်သူသည်။ မိတျာ၊ ခင်ပွန်းနှင့်။ သကိ တကြိမ်။ ဒုဋ္ဌတိ၊ အမျက်ထွက်ဘူး၏။ သော၊ ထိုသူသည်။ ပုန၊ တဖန်။ သန္ဓိတုံ၊ စေ့စပ်ခြင်းငှါ။ ဣစ္ဆတိ၊ အလိုရှိငြားအုံး။ ဂန္ဒော၊ ကိုယ်ဝန်သည်။ အသတရိ ယထာ၊ အသမိုရ် မြင်းကို ဖွားအုံးသော မြင်းမကဲ့သို့။ မစ္ဆုံ၊ သေမင်းနှိုင်ငံသို့။ ဥပဂစ္ဆာတိ၊ ဆောင်၏။

၀၆။ ယာဝ၊ အကြင်မျှလောက်။ ကာလံ၊ မိမိ၏ အကြိုကာလသည်။ အနာဂတံ၊ မရောက်သေး။ တာဝ၊ ထိုရွှဲလောက်။ အမိတ္တံ၊ ရန်သူကိုလျှင်။ ခန္ဓေန၊ ပခုံးဖြင့်။ ဝဟေ၊ ရွက်ဆောင်ရာ၏။ ကာလေ၊ မိမိအကြိုကာလသည်။ အာဂတေ၊ ပြည့်စုံခြင်းသို့ ရောက်လေပြီးသော်။ တမေဝ၊ ထိုရန်သူကိုလျှင်။ သေလေ၊ ကျောက်၌။ ယဋ္ဌံ၊ ရွက်ဆောင်သော အိုးကို။ ဘိန္ဒေဣဝ၊ ခွဲသကဲ့သို့။ ဘိန္ဒေ၊ ဖျက်ရာ၏။

၀၇။ ဣဏသေသော၊ မြွေကြွင်းငှင်း။ အဂ္ဂိသေသော၊ မီးကြွင်းငှင်း။ တာထေဝစ၊ ထိုအတူလျှင်။ ရောဂ သေသော၊ ရောဂါကြွင်းငှင်း၊ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ ဝိဝဒုန္တိ၊ ပွားတတ်ကုန်၏။ တသ္မာ၊ ထိုကြောင့်။ သေသံ၊ အကြွင်းကို။ နာ-ကာရယေ၊ မပြုရာ။

၀၀။ ယဿ၊ အကြင်သူ၏။ မုခံ၊ မျက်နှာကား။ ပဒုမံ-ပဒုမံဣဝ၊ ပဒုမာကြာကဲ့သို့ ရှင်၏။ ဝါစာ၊ ဆိုသောစကား သည်လည်း။ စန္ဒနသီတလာ၊ စန္ဒကူးကဲ့သို့ ချမ်းအေး၏။ ဟဒယေတု၊ နှလုံးဥကား။ ဟလာဟလံ၊ လျင်စွာ သေစေတတ်သော အဆိပ်ကဲ့သို့ ရှိ၏။ တံဒိသံ၊ ထိုသို့ သဘောရှိသော သူကို။ နောပသေဝေယျ၊ မမှီဝဲရာ။

www.dhammadownload.com

၈၉။ ဖရဲသံ၊ ကြမ်းကြုတ်သော။ သာမိ၊ အရှင်ကို။ နသေဝေ၊ မမှီဝဲရာ။ တတော၊ ထိုထက်။ မစ္ဆရိ၊ ဝန်တိုသော။ သာမိ၊ အရှင်ကို။ နစသေဝေယျ၊ မမှီဝဲရာ။ တတော၊ ထိုထက်။ အပဂ္ဂဏှံ၊ မချီးမြှင့်တတ်သော။ သာမိ၊ အရှင်ကို။ နသေဝေယျ၊ မမှီဝဲရာ။ တတော၊ ထိုထက်။ နိဂ္ဂဟိတံ၊ နှိပ်စက်တတ်သော။ သာမိ၊ အရှင်ကို။ နေဝသေဝေယျ၊ မမှီဝဲရာသာလျှင်ကတည်း။

၉၀။ သိဂ်ီ၊ ဦးချိုရှိသောသတ္တဝါကို။ ပညာသဟတ္ထေန၊ အတောင် ငါးဆယ်ရှိသော အရပ်မှ။ ဝဇ္ဇော၊ ကြဉ်ရာ၏။ ဝါဇိနံ၊ မြင်းကိုကား။ သတေန၊ အတောင်တရာမှ။ ဝဇ္ဇော၊ ကြဉ်ရာ၏။ ဟတ္ထိ ဒန္တိ၊ အစွယ်ရှိသော ဆင်ကိုကား။ ဆဟဿေန၊ အတောင်တထောင်ကသာလျှင်။ ဝဇ္ဇော၊ ကြဉ်ရာ၏။ ဒုဇ္ဇနံ၊ သူမကောင်း ကိုကား။ ဒေဿ စာဂေန၊ အရပ်ကို စွန့်သဖြင့်။ ဝဇ္ဇော၊ ကြဉ်ရာ၏။

၉၁။ ကုဒေဿ၌၊ မကောင်းသောအရပ်ကိုဂုဏ်း။ ကုမိတ္တ၌၊ မကောင်းသော ခင်ပွန်းကိုဂုဏ်း။ ကုကုလ၌၊ မကောင်းသော အမျိုးကိုဂုဏ်း။ ကုဗန္ဓဝ၌၊ မကောင်းသော အဆွေခင်ပွန်းကိုဂုဏ်း။ ကုဒါရု၌၊ မကောင်းသော မယားကိုဂုဏ်း။ ကုဒါသ၌၊ မကောင်းသောကျွန်ကိုဂုဏ်း၊ ဒုရတော၊ ဝေးစွာ။ ပရိဝဇ္ဇယော၊ ကြဉ်ရာ၏။

၉၂။ ယေသဓါ၊ အကြင် ခင်ပွန်းတို့သည်။ ရောဂါတုရေစ၊ အနာနှိပ်စက်သော ကာလ၌ဂုဏ်း။ ဒုမ္ဘိက္ခေ၊ ငတ်မွတ်ခေါင်းပါးသော ကာလ၌ဂုဏ်း။ ဗျသနေစ၊ စည်းစိမ်ပျက်စီး

www.dhammadownload.com

သောကာလဒ္ဒဂုဏ်း။ သတြုဂဟော၊ ရန်သူမိသော ကာလဒ္ဒဂုဏ်း။ ရာဇဒ္ဒါဒရေစ၊ မင်းအိမ်တံခါးဒ္ဒဂုဏ်း။ သုသာနေစ၊ သုသာန်တစပြင်ဒ္ဒဂုဏ်း။ တိဋ္ဌာ၊ တည်ရပ်ပေကုန်၏။ တေသခါ၊ ထိုခင်ပွန်းတို့သည်သာလျှင်။ သု-မိတ္တကာ၊ ခင်ပွန်းကောင်း မည်ကုန်၏။

၉၃။ သီတဝါစော၊ နှုတ်ခွန်းချိုသော စကားရှိသော သူသည်။ ဗဟုမိတ္တော၊ များသော အဒဆွခင်ပွန်းရှိ၏။ ဖရုသော၊ ကြမ်းကြုတ်သော သူသည်။ အပ္ပမိတ္တကော၊ နည်းသော အဆံဆွခင်ပွန်းရှိ၏။ သူရိယစန္ဒရာဇူနံ၊ နေမင်း,လမင်းတို့၏။ ဥပမံ၊ ဥပမာကို။ ဇတ္ထ၊ ဤအရာ၌။ ဉာတဗ္ဗံ၊ သိအပ်၏။

မိတ္တကထော၊ ခင်ပွန်းကိုဆိုရာအခန်းသည်။
နိဋ္ဌိတော၊ ပြီးပြီ။

၅-ဇာတိကထာ

၉၄။ ကောကိလာနံ၊ ဥဩဘို့၏။ ရူပံ၊ အဆင်းကား။ သဒ္ဒံ အသံလျှင်တည်း။ နာရီရူပံ၊ မိန်းမတို့၏ အဆင်းကား။ ပတိဗ္ဗတာ၊ လင်ကို မြတ်နိုးခြင်းတည်း။ အရူပါနံ၊ ရုပ်သဏ္ဌာန်မကောင်းသောသူဘို့၏။ ရူပံ၊ အဆင်းကား။ ဝိဇ္ဇာ၊ အတတ်တည်း။ တပဿိနံ၊ ရသေ့ဘို့၏။ ရူပံ၊ အဆင်းကား။ ခမာ၊ သည်းခံခြင်းတည်း။

၉၅။ ဣတ္ထိနံ၊ မိန်းမတို့၏။ ဓနံ၊ ဥစ္စာကား။ ရူပံ၊ အဆင်းတည်း။ ပုရိသာနံ၊ ယောကျ်းတို့၏။ ဓနံ၊ ဥစ္စာကား။ ဝိဇ္ဇာ၊

www.dhammadownload.com

အတတ်လျင်တည်း။ ဘိက္ခူနံ၊ ရဟန်းတို့၏။ ဓနံ၊ ဥစ္စာဂကား။ သီလံ၊ သီလဘည်း။ ရာဇာနံ၊ မင်းတို့၏။ ဓနံ၊ ဥစ္စာဂကား။ ဗလံ၊ ရဲမက်ဗိုလ်ပါတည်း။

၉၆။ တာပသာ၊ ရသွေ့ရဟန်းတို့သည်ကား။ ကိသာဝ၊ ကြီကုန်မှသာလျင်။ သောဘာ၊ တင့်တယ်ကုန်၏။ စတုပ္ပဒါ၊ အခြေလေးခုရှိသော သတ္တဝါတို့သည်ကား။ ထူလာဝ။ ဆူကုန်မှသာလျင်။ သောဘာ၊ တင့်တယ်ကုန်၏။ ပုရိသာစ၊ ယောကျ်ားတို့သည်ကား။ ဝိဇ္ဇာ၊ အတတ်ပညာ ရှိမှသာလျင်။ သောဘာ၊ တင့်တယ်ကုန်၏။ ဣတ္ထိစ၊ မိန်းမတို့သည်ကား။ သာမိကာဝ၊ လင်ရှိကုန်မှသာလျင်။ သောဘာ၊ တင့်တယ်ကုန်၏။

၉၇။ သုခဿ ပဿာ၊ တဘ်လှစ္ဘာသော စောင်းသမားသည်။ ပဏ္ဍုရတျာ၊ ငါးရက်မျှ စောင်းနှင့်ကင်းမူ။ မလာ၊ ပျက်၏။ ဓနုဂ္ဂဟာ၊ တတ်လှစ္ဘာသော လေးသမားသည်။ သတ္တာရတျာ၊ ခုနစ်ရက်မျှ လေးနှင့်ကင်းမူ။ မလာ၊ ပျက်၏။ သုဘာရိယာ တော်မှန်လှစ္ဘာသော မယားဖြစ်လျှင်းမူလည်း။ ဓကမာသာ၊ လင်နှင့် တလကင်းမူ။ မလာ၊ ပျက်၏။ သိဿာ၊ တပည့်တို့ကား။ အမုမာသာ၊ လခွဲမျှ ဆရာနှင့်ကင်းမူ။ မလာ၊ ပျက်၏။

၉၈။ ဟိ၊ ကျွဲကား။ ပဉ်၊ ညွှန်ရှိသာလျှင်။ ရမဘိ၊ မွေ့လျော်၏။ ဟဉ်၊ ဟာသ်ာငှက်ကား။ ပေါက်၊ ရေကန်ရှိမှသာလျှင်။ ရမတိ၊ မွေ့လျော်၏။ ထီ၊ မိန်းမကား၊ ပု၊ ယောကျ်ား ရှိမှသာလျှင်။ ရမတိ၊ မွေ့လျော်၏။ ခု၊ ရဟန်းကား။ ဓံ၊ တရား ရှိမှသာလျှင်။ ရမတိ၊ မွေ့လျော်၏။

www.dhammadownload.com

၉၉။ အနှံ၊ ထမင်းကိုကား။ ဇိတ္ထံ၊ အစာကျေမှ။ ပသံသေယျ၊ ချီးမွမ်းရာ၏။ ဒါရဥ္စု၊ မယားကိုလည်း။ ဂတယောဗ္ဗနံ၊ အရွယ်လွန်မှ။ ပသံသေယျ၊ ချီးမွမ်းရ၏။ သူရံ၊ ရဲမက်ကို ကာ်း။ ရဏာပုနာဂတာ၊ စစ်အောင်၍ပြန်မှ။ ပသံသေယျ၊ ချီးမွမ်းရာ၏။ သသံ၊ ကောက်ကို။ ဂေဟမာဂတံ၊ အိမ်သို့ရောက်မှ။ ပသံသေယျ၊ ချီးမွမ်းရာ၏။

၁၀၀။ ဒွိတရိပတိ၊ နှစ်လင်သုံးလင်ကွာပြီးသော။ နာရီစ၊ မိန်းမသည်ဌင်း။ ဝိဟဝဲရ ဒွိတရိ၊ နှစ်ကျောင်း သုံးကျောင်း ပြောင်းပြီးသော။ ဘိက္ခု၊စ၊ ရဟန်းသည်ဌင်း။ ဒွိတရိ ပါသံ၊ ကျော့ကွင်းမှ နှစ်ကြိမ် သုံးကြိမ် လွတ်ပြီးသော။ သကုဏော၊စ၊ ငှက်သည်ဌင်း။ ကတမာယာဗဟုတရံ၊ ပြုအပ်သော မာယာများ သလျင်ကဏည်း။

၁၀၁။ ဒုဇ္ဇနံ၊ သူယုတ်ကို။ ပဟရာ၊ ပုတ်ခတ်သဖြင့်။ ဒန္တို၊ ယဉ်စေရာ၏။ အမိတ္တံ၊ မကောင်းသောခင်ပွန်းကို။ အဘာဂိကာ၊ စကားဆိုမြဲ မဆိုသဖြင့်။ ဒန္တို၊ ယဉ်စေရာ၏။ ဣတ္ထိံ၊ မကောင်းသောမိန်းမတို့ကို။ ဗျသနာ၊ စည်းစိမ်ကို မအပ်နှင်းသဖြင့်။ ဒန္တို၊ ယဉ်စေရာ၏။ ရာဂိနံ၊ အစာ၌ တပ်မက်မောတတ်သောသူကို။ အပ္ပဘောဇနာ၊ အစာကိုယုတ်စေသဖြင့်။ ဒန္တို၊ ယဉ်စေရာ၏။

၁၀၂။ စန္ဒိမာ၊ လမှ။ ဝိနာ၊ ကင်းသော။ ရတ္တိ၊ ညဉ့်သည်။ နသောဘာတေ၊ မဟင့်တယ်ရာ။ ဗီစိဝိနာ၊ လှိုင်းတံပိုးမှကင်းသော။ အဏ္ဏဝါစ၊ သမုဒ္ဒရာသည်လည်း။ နသောဘာတေ၊ မတင့်တယ်ရာ။ ဟံသဝိနာ၊ ဟင်္သာမှကင်းသော။ ပေါက္ခရဏီ၊

www.dhammadownload.com

ရေကန်သည်၊ နသောဘတေ၊ မတင့်တယ်ရာ။ ပကိဝိနာ၊ လင်မှကင်းသော။ ကညာ၊ သတ္တိသမီးသည်။ နသောဘတေ၊ မတင့်တယ်ရာ။

၁၀၃။ ပတိနာ၊ လင်သည်သာလျှင်။ ဘောဂံ၊ စည်းစိမ်ဥစ္စာကို။ ဇနိတံ၊ ဖြစ်စေအပ်၏။ ဣတ္ထိယာ။ မိန်းမမှကား။ သံဂတ္တာနံဝ၊ လုံစေသည်သာတည်း။ ဟိ၊ ထိုစကား သင့်စွ။ ပုရိသော၀၊ ယောဂ်ကျား သည်သာလျှင်။ ပဓာနံဝ၊ ပဓာနတည်း။ ဣတ္ထိ၊ မိန်းမမှကား။ သူစိသုတ္တံ ယထာ၊ အပ်၌ ချည်နှင့်သာ တူပါသတည်း။

၁၀၄။ သဗ္ဗာနဒီ၊ ခပ်သိမ်းသော မြစ်တို့သည်။ ဝက်နဒီ၊ မြစ်ကောက်သာ ရှိကုန်၏။ သဗ္ဗေ၀နာ၊ ခပ်သိမ်းသော တောတို့သည်။ ကဋ္ဌမယာ၊ ထင်းဖြင့်သာ ပြီးကုန်၏။ သဗ္ဗိတ္ထိယော၊ ခပ်သိမ်းသော မိန်းမတို့သည်။ နိ၀ါတကေ၊ ဆိတ်ငြိမ်သော အရပ်ကို။ လဘမာနေ၊ ရသည်ရှိသော်။ ပါပံ၊ မကောင်းမှုကို ကရေ၊ ပြုမြဲတည်း။

၁၀၅။ ယာနဒီ၊ အကြင်မိန်းမသည်။ ဝါဒသီလီ၊ ငြင်းခုံတတ်သော အလေ့ရှိ၏။ ဥဿူယဘာဏိနီ၊ ဥ။စူ စောင်းမြောင်း၍ ပြောဆိုလေ့ ရှိ၏။ ပဿတဏ္ဍိ၊ မြင်တိုင်းကိုလည်း တပ်၏။ ဗဟုပါဂတ္ထနီ၊ များစွာလည်း ချက်၍ စားတတ်၏။ အဂုန္ဆဘုတ္တီ၊ လင်၏အဦး စားတတ်သော အလေ့ရှိ၏။ ပရဂေဟ၀ါသီ၊ သူ့အိမ်သို့ သွားတတ် နေတတ်သော အလေ့ရှိ၏။ သာနဒီ၊ ထိုမိန်းမကို။ ပုတ္တသတံပိ၊ သားတရာပင် မြင်ငြားသော်လည်း။ ပမာ၊ ယောဂျ်ကျား သည်။ စတ္တာ၊ စွန့်အပ်၏။

www.dhammadownload.com

၁၀၆။ ယာနာရီ၊ အကြင် မိန်းမသည်။ ဘုတ္တေသုစ၊ စား:သော အခါတို့၌ဌင်း။ မတ္တေသုစ၊ အဝတ်တန်း:ဆာ ပြုပြင်ဆင်ယင်သော အခါတို့၌ဌင်း။ ဇနိဝ၊ အမိကဲ့သို့။ ကန္တိနီ၊ နှစ်သက်ဘွယ်ပြုပြင်တတ်၏။ ဂုယ်သု၊ လျှို့ဝှက်အပ်ကုန်သော။ ဌာနေသု၊ မကျစ်မလစ်သော အရာတို့၌။ ဘဂိနီ၊ နှမကဲ့သို့။ ဟိရီ၊ လွန်စွာရှက်တတ်၏။ ကမ္မေသု၊ အမှုလုပ်သော အခါတို့၌ဌင်း၊ ပဇ္ဇေသု၊ လင်၏အပါး:သို့ သွား:သော အခါတို့၌ဌင်း။ ဒါသိနီဝ၊ ကျွန်မကဲ့သို့။ ကရီ၊ ရိုးသွာပြုဘာ်၏။ ဘဒယသု၊ ဘေး:ရှိသော အခါတို့၌။ မန္တို၊ တိုင်ပင်ဘက်ရ၏။ သယနေသု၊ အိပ်သော အခါတို့၌။ ရမတီ၊ မွေ့လျော်စေတတ်၏။ ရူပိသု၊ အရောင်အဆင်း:ကို ပြုပြင်ခြင်း:တို့၌။ သိက္ခိ၊ တင့်တယ်စွာ၏။ ကုပ္ပနေသု၊ အမျက်ထွက်သော အခါတို့၌။ ခမနီ၊ သည်း:ခံတတ်၏။ သာနာရီ၊ ထိုမိန်းမကို။ သေဋ္ဌိတိ၊ မြတ်၏ဟူ၍။ ပဏ္ဍိတာ၊ ပညာရှိတို့သည်။ ဝဒန္တိ၊ ဆိုကုန်၏။ သာနာရီ၊ ထိုမိန်းမသည်။ ကာယဿ ဘေဒါ၊ သေသည်၏ အခြား:မဲ့၌လည်း။ ဒိဝေ၊ နတ်ပြည်၌၊ ဘဝေ ယျ၊ ဖြစ်ရာ၏။

၁၀၇။ ယာ ယုဝတီ၊ အကြင်မိန်းမငယ်သည်။ သာမာ၊ ရွှေသော အသား:အရေလည်း ရှိ၏။ မိဂက္ခိ၊ သမင်မျက်စိကဲ့သို့ ညိုသော မျက်စိလည်း:ရှိ၏။ တနုမဇ္ဈာတ္တာ၊ ခါး:စည်း တင်ကျယ် ငယ်သော ဝမ်း:လည်း:ရှိ၏။ သူရူ၊ ဆင်နှာမောင်း:ကဲ့သို့ အရင်း:မှသည် အဖျား:တိုင်အောင် သွယ်သော ပေါင် ရှိ၏။ သုကေသီ၊ ဖြူ၍ နောက်သို့ လှန်သော် ရှည်သော အဖျား:ကော့တက်သော ဆံလည်း:ရှိ၏။ သမပန္တိ၊ ဒန္တိ၊ ကြီး:ငယ်မထင်

www.dhammadownload.com

ညီညွတ်သော သွားအစဉ်လည်း ရှိ၏။ ဂန္ဓိရ နာဘီ၊ နက် သော ချက်လည်း ရှိ၏။ သုသီလီ၊ ကောင်းသော အလွေ့ အကျင့်လည်းရှိ၏။ သာ ယုဝတီ၊ ထိုသို့သော မိန်းမငယ်ကို၊ ဟိ နကုလေသု၊ ယုတ်သော အမျိုးတို့၌။ ဇာတာဝိ၊ ဖြစ်သော် လည်း။ တံ၊ ထိုမိန်းမပျိုကို။ ဝိဝါဟေ၊ ဆက်ဆံထိမ်းမြားရာ၏။

၁၀၈။ ကာလာနံ၊ ကာလတို့တွင်။ သရဒံဥတု၊ တန် ဆောင်မုန်းလ သရဒဥတုသည်။ ပဓာနံ၊ မြတ်၏။ ဘရိယာနံ၊ မယား၌တို့တွင်။ ရူပဝတီ၊ အဆင်းလှသော မိန်းမသည်။ ပဓာ နံ၊ မြတ်၏။ ပုတ္တာနံ၊ သား၌တို့တွင်။ ဇေဋ္ဌော၊ သားကြီးသည်။ ပဓာနံ၊ မြတ်၏။ ဒိသာနံ၊ အရပ်မျက်နှာတို့တွင်။ ဥတ္တရာဒိ သာ၊ မြောက်အရပ်သည်၊ ပဓာနံ၊ မြတ်၏။

၁၀၉။ ယာနာရီ၊ အကြင်မိန်းမသည်။ဇာတိ ဇာတိ၊ဖြစ် တိုင်း ဖြစ်တိုင်း။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ ပေါရိသံ၊ယောကျ်ား ၏ အဖြစ်ကို။ ဇာ ဇ္ဈေ ယျ၊ အလိုရှိငြားအံ့။ သာနာရီ၊ ထိုမိန်းမ သည်။ ပါရိစာရိကာ၊ သိကြားမင်း၏ မယားသည်။ ဇာနံ၊ သိကြားမင်းကို။ အပစာယတိ ဇ္ဈ ဝ၊ အရိအသေ လုပ်ကျွေး သကဲ့သို့။ သာမိကံ၊ လင်ကို အပစာယေယျ၊ အရိအသေ လုပ်ကျွေးရာ၏။

၁၁၀။ ယောပေါသော၊ အကြင် ယောကျ်ားသည်။ ဇာ တိ ဇာတိ၊ ဖြစ်တိုင်းဖြစ်တိုင်း။ ပုနပ္ပုနံ၊ အဖန် တလဲလဲ။ ပေါရိသံ၊ ယောကျ်း၏ အဖြစ်ကို။ ဇာ ဇ္ဈေ ဩ၊ အလိုရှိငြားအံ့။ သောပေါသော၊ ထိုယောကျ်းသည်။ ပရဒါရံ၊ သူတပါး၏ မယား၌။ ဓောတပါဒေါ၊ ခြေဆေးပြီးသော။ ပေါသော၊

www.dhammadownload.com

ယောက်ျားသည်။ ကဒ္ဒမံ၊ ညွှန်ကို။ ဝိဝဇ္ဇတိယထာ၊ ရှောင်ကြဉ်သကဲ့သို့။ ဝိဝဇ္ဇေယျ၊ ရှောင်ကြဉ်ရာ၏။

၁၁၁။ အတိတယောဗ္ဗနော၊ အရွယ်လွန်ပြီးသော။ ပေါဿော၊ ယောက်ျားသည်။ တိမ္မရတ္ထနိ၊ တည်သီးမျှ ငယ်သော သားမြတ်ရှိသော။ ယုဝတိ၊ မိန်းမပျိုကို။ အာနေတိ၊ ယူဆောင် သိမ်းဆည်း၏။ တဿာ၊ ထိုမိန်းမပျိုအား။ ဇုဿာ၊ မိမိအလိုရှိရာ မပါသည်ဖြစ်၍ စောင်းမြောင်း ငြူစူတတ်၏။ နသဒ္ဒဟတိ၊ လင်အို တယောက်၌သာ မွေ့လျော် လတ္တံ့ဟု မယုံကြည်။ ဣတိတဿာ၊ ထိုကြောင့်။ တံ၊ ထိုငယ်သောမယား ကို သိမ်းဆည်းခြင်းသည်၊ ပရာဘဝတော၊ ပျက်စီးအံ့သည်၏။ မုခံ၊ အကြောင်းတည်း။

ဣတ္ထိဂ္ဂဏော၊ မိန်းမကို ဆိုရာဖြစ်သော အခန်းသည်။
နိဋ္ဌိတော၊ ပြီးပြီ။

၆-ရာဇ ကဏ္ဍ

၁၁၂။ ရာဇာ၊ မင်းကား။ ဧကယာမံ တယာမ်သော။ သယေ၊ အိပ်ရာ၏။ ပဏ္ဍိတော၊ ပညာရှိကား။ ဒွိယာမညော၊ နှစ်ယာမ်သာလျှင်။ သယေ၊ အိပ်ရာ၏။ ယရာဝါသော၊ အိမ်ရာထောင်သော လူအပေါင်းကား၊ တိယာမော၀၊ သုံးယာမ်သာလျှင်။ သယေ၊ အိပ်ရာ၏။ ယာစကောတု၊ ဘုန်းတောင်းယာစကာကား။ စတုယာမော၀၊ လေးယာမ်လုံး သာလျှင်၊ သယေ၊ အိပ်ရာ၏။

၁၁၃။ ယတ္ထ၊ အကြင်အရပ်၌။ ဓနဝါ၊ ဥစ္စာရှိသော သူဌဂင်း၊ သုတိယောဝါ၊ အကြားအမြင် များသော ပညာရှိ

www.dhammadownload.com

၎င်း။ ရာဇာ၊ မင်းဌင်း။ နဒီ၊ မြစ်ဌင်း။ တထာ၊ ထိုမြို့။ ဝေဇ်္ဇော၊ ဆေးသမား၎င်း။ ဤမေပဉ္ဉ၊ ဤ ငါးပါးတို့သည်။ နပိဇ္ဇန္တိ၊ မရှိကုန်။ တတ္ထ၊ ထိုအရပ်၌။ ဒိဝသံ၊ တနေ့ တရက်မျှ။ နဝတေ၊ မနေရာ။

၁၁၄။ ယသ္မိံ ပဒေသေ၊ အကြင်အရပ်၌။ နမာနေနာ၊ မြတ်နိုင်းခြင်းလည်း မရှိ။ နပေမံ၊ ချစ်ခြင်းလည်း မရှိ။ နစဗန္ဓဝါ၊ အဆွေခင်ပွန်းလည်း မရှိ။ ကောစိ၊ တစုံတယောက်မျှ၊ နစဝိဇ္ဇာဂမော၊ အတတ်ပညာ သင်စိမ့်သောသူသည်း မရှိ။ တတြိပဒေသေ၊ ထိုအရပ်၌။ ဒိဝသံ၊ တနေ့တရက်မျှ။ နဝတေသေ၊ မနေရာ။

၁၁၅။ လောကေ၊ လောကဋ္ဌ၊ အပုတ္တကံ၊ သားမရှိသော။ ဃရံ၊ အိမ်သည်။ သုညံ၊ ဆိတ်ငြိမ်၏။ အရာဇကံ၊ မင်းမရှိသော။ ရဋ္ဌံ၊ တိုင်းသည်။ သုညံ၊ ဆိတ်ငြိမ်၏။ အ-သိပ္ပဿ၊ အတတ်မရှိသောသူ၏။ မုခံ၊ ခံတွင်းသည်။ သုညံ၊ ဆိတ်ငြိမ်၏။ ဒလိဒ္ဒံ၊ ဆင်းရဲခြင်းကား။ သဗ္ဗသုညံ၊ အလုံးစုံ ဆိတ်ငြိမ်၏။

၁၁၆။ လောကေ၊ လောကဋ္ဌ။ ဓနံ၊ ဥစ္စာကို။ ဣစ္ဆာ၊ အလိုရှိခြင်းအံ့။ ဝါဏိဇေယျ၊ ကုန်သွယ်ရာ၏။ ဝိဒျံ၊ အတတ်ကို။ ဣစ္ဆေ၊ အလိုရှိမူကား၊ သုတံ။ အကြားအမြင် ရှိသောပဂ္ဂိုလ်ကို။ ဘဇေ၊ ဆည်းကပ်ရာ၏။ ပုတ္တံ၊ သားကို၊ ဣစ္ဆေ၊ အလိုရှိမူကား။ တရုဏိတ္တိံ၊ မိန်းမငယ်ကို။ ဝဇေ၊ နေရာ၏။ ရာဇာမစ္စံ၊ မင်း၏ အမတ်ဖြစ်ခြင်းကို။ ဣစ္ဆေ၊ အလိုရှိမူကား။ ဣစ္ဆာဝဂတော။ မင်း၏အလိုသို့ လိုက်ရာ၏။

www.dhammadownload.com

၁၁၇။ ယတိ၊ ရဟန်းသည်။ အသန္တာ၌ဌာ၊ မရောင့်ရဲမှု၊ နဌော၊ ပျက်၏။ မဟီပတိစ၊ မြေကြီးသေဒ္ဓနင်း ပြည့်ရှင်မင်းသည်လည်း။ သန္တာ၌ဌာ၊ ရောင့်ရဲတတ်မှု။ နဌော၊ ပျက်၏။ ဂဏိကာ၊ ပြည့်တန်ဆာမသည်။ လဇ္ဇာ၊ ရှက်တတ်မှု။ နဌာ၊ ပျက်၏။ ကုလဓိတာ၊ အမျိုးကောင်းသမီးသည်၊ နိလ္လဇ္ဇာ၊ မရှက်တတ်မှု။ နဌာ၊ ပျက်၏။

၁၁၈။ ပက္ခိနံ၊ ငှက်တို့၏၊ ဗလံ၊ အားကား။ အာကာသေ၊ ကောင်းကင်တည်း။ မစ္ဆာနံ၊ ငါးတို့၏။ ဗလံ၊ အားကား။ ဥဒကံ၊ ရေတည်း။ ဒုဗ္ဗလဿ၊ အားနည်းသောသူ၏။ ဗလံ၊ အားကား။ ရာဇာ၊ မင်းတည်း၊ ကုမာရာနံ၊ သူငယ်တို့၏။ ဗလံ၊ အားကား။ ရုဒ္ဓံ၊ ငိုခြင်းတည်း။

၁၁၉။ ခမာ၊ သည်းခံခြင်းငင်း။ ဇာဂရိယံ၊ နိုးကြားခြင်းငင်း။ ဥဋ္ဌာနံ၊ ထကြွလုံလရှိခြင်းငင်း။ သံဝိဘာဂေါ၊ ဝေဘန်ပေးကမ်းခြင်းငင်း။ ဒယာ၊ သနားခြင်းငင်း။ ဇုက္ခဏာ၊ မြော်မြင်ခြင်းငင်း။ ဇေတာ၊ ဤခြောက်ပါးတို့ကား။ နာယကဿ၊ မင်းစသော လူကြီး မိဘ၏၊ ဂုဏာ၊ ဂုဏ်ကျေးဇူးတို့တည်း။ သတံ၊ သူတော်ကောင်းတို့၏။ ဥုတ္တိတပုဗ္ဗာ၊ အလိုရှိအပ်ကုန်သော။ ဂုဏာ၊ ဂုဏ်ကျေးဇူးတို့တည်း။

၁၂၀။ လောကေ။ လောကဒ္ဓါ၊ ရာဇာနော၊ မင်းတို့သည်။ သကိံ၊ တကြိမ်သာ။ ဝဒန္တိ၊ ဆိုကုန်၏။ သမဏာ ပြာဟ္မဏာ၊ ရဟန်းပုဏ္ဏားတို့သည်။ သကိံ၊ တကြိမ်သာ။ ဝဒန္တိ၊ ဆိုကုန်၏။ သပ္ပုရိသာ၊ ဘုရား အစရှိသော သူတော်ကောင်းတို့သည်။ သကိံ၊ တကြိမ်သာ။ ဝဒန္တိ၊ ဆိုကုန်၏၊ ဧသ ဧသော

www.dhammadownload.com

ဓမ္မော၊ ဤသို့သော သဘောတရားသည်။ သနန္တနော၊ ရှေးသူတော်ကောင်းတို့၏ အကျင့်တည်း။

၁၂၁။ လောကေ၊ လော်ကဉ်။ အလသော၊ ပျင်းသော။ ကာမဘောဂီ၊ အိမ်ရာထောင်သော။ ဂိဟိ၊ လူသည်၊ နသာဓု၊ မကောင်း။ အသညတော၊ ကိုယ် နှုတ် နှလုံး မစောင့်သော။ ပဗ္ဗဇိတော၊ ရဟန်းသည်။ နသာဓု၊ မကောင်း။ အနိသမ္မကာရီ၊ မဆင်မခြင် ပြုလေ့ရှိသော။ ရာဇာ၊ မင်းသည်။ နသာဓု၊ မကောင်း။ ပဏ္ဍိတော၊ ပညာရှိသည်။ ကောဓနော၊ အမျက်ထုက်တတ်၏။ တံဝိ၊ ထို အမျက်ထွက်သော ပညာရှိသည်လည်း။ နသာဓု၊ မကောင်း။

၁၂၂။ ယတ္ထ၊ အကြင်အရပ်၌။ နတ္ထာရော၊ အကြီးအကဲတို့သည်။ ဗဟုဝေါ၊ များကုန်၏၊ သမ္ဗေ၊ ခပ်သိမ်းကုန်သော သူတို့သည်၊ ပဏ္ဍိတ မာနိနော၊ မညာရှိသာ ပြုလိုကုန်၏။ သမ္ဗေ၊ ခပ်သိမ်းကုန်သော သူတို့သည်။ မဟတ္တံ၊ အကြီးအမြတ်၏ အဖြစ်ကို။ ဇာနန္တိ၊ အလိုရှိကုန်၏။ တေသံ၊ သူတို့၏။ ကမ္မံ၊ အမှုသည်။ ဇိနသတိ။ ပျက်တတ်၏။

၁၂၃။ ရာဇနာဝမ၊ မင်းမည်သည်ကား။ အာယံ၊ အခွန် အတုတ်၏ ထွက် မထွက်ကိုဂုဏ်း။ ခယံ၊ မျိုးရိက္ခာ ကုန် မကုန်ကိုဂုဏ်း။ ဘယံ၊ ကိုယ်တိုင်။ ဇာညာ၊ သိအောင်ပြုရာ၏။ ကတာကဘံ၊ အမှုထမ်းသည် မထမ်းသည်ကိုလည်း။ သယံ၊ ကိုယ်တိုင်။ ဇာညာ၊ သိအောင်ပြုရာ၏။ နိဂ္ဂဟာရဟံ၊ နှိပ်ခြင်းငှါ ထိုက်သောသူကို။ နိဂ္ဂဟေ၊ နှိပ်ရာ၏။ ပဂ္ဂဟာရဟံ၊ ချီးမြှောက်ခြင်းငှါ ထိုက်သောသူကို။ ပဂ္ဂဟေ၊ ချီးမြှောက်ရာ၏။

www.dhammadownload.com

၁၂၄။ လောကေ၊ လောကဋ္ဌ။ အက္ကံ၊ နေမင်းကို။ ဝိဋ္ဌ
တောဝ၊ ကျောက်ဖြင့်သာလျှင်။ နိသေဝယျ၊ ကပ်ရာ၏၊ ဟု
တာလနံ၊ မီးကို။ ကုဆိုနာဝ၊ ဝမ်းဖြင့်သာလျှင်။ နိသေဝယျ၊
ကပ်ရာ၏။ သာမိကံ၊ အရှင်ကိုကား။ သမ္မာဘာဝေန၊ အလုံးစုံ
သော အဘိုဖြင့်။ နိသေဝယျ၊ ကပ်ရာ၏။ ပရလောကံ၊ တမ
လွန် ဘဝကိုကား။ အမောဟံဝ၊ မမိုက်သဖြင့်သာလျှင်။ နိသေ
ဝယျ၊ ကပ်ရာ၏။

၁၂၅။ လောကေ၊ လောကဋ္ဌ။ အဂ္ဂိ၊ မီးကိုဌင်း။ အာပေါ၊
ရေကိုဌင်း။ ဣတ္ထိ၊ မိန်းမကိုဌင်း။ မုဋ္ဌေါ၊ သူမိုက်ကိုဌင်း၊ သပ္ပေါ၊
မြွေကိုဌင်း။ ရာဇကုလာနိစ၊ မင်းမျိုးတို့ကိုဌင်း။ အပယဓမ္မာန၊
မထိမပါဒိ ရှောင်ရှားသဖြင့်။ ဂန္ဓာဗ္ဗော၊ သွားအပ်၏။ အစ္ဆေ
က ပါဏာဟရာနိ၊ လတ်တလော အသက်ကို ချတတ်ကုန်၏။

၁၂၆။ လောကေ၊ လောကဋ္ဌ။ ဒုဋ္ဌ ဘရိယ သံဝါသော၊
မကောင်းသော မယားနှင့် ပေါင်းဖော်သောသူဌင်း။ ဒေါ
သော စိတ္တရ ဒါသကော၊ ကြမ်းလွန်သော စိတ်ရှိသော
ကျွန်ကို စေသောသူဌင်း။ သသပ္ပေါ၊ မြွေရှိသော။ ဃရေ၊အိမ်၌
ဝါသော၊ နေသောသူဌင်း။ မစ္ဆေ-ဓေဝ၊ သေအံ့သည်လျှင်
အမှန်တည်း။ နံ သံသယော၊ ယုံမှားမရှိရာ။

၁၂၇။ လောကေ၊ လောကဋ္ဌ။ သမ္မဒ္ဒသိသော ပဒေ
သေန၊ မိုက်လွန်သော တပည့်ကို အတတ်ပညာ သင်ကြား
သဖြင့်ဌင်း။ ကုနာရီ ဘရကောနံစ၊ ယုတ်လွန်သော မိန်းမကို
အိမ်ထောင်ဘက် ပြုသဖြင့်ဌင်း။ အသတံ သမ္မဲယောဂေန၊
မသူတော်နှင့် ပေါင်းဖော်သဖြင့်ဌင်း။ ပဏ္ဍိတော၊ ပညာ

www.dhammadownload.com

ရှိသောသူပင် ဖြစ်သော်လည်း။ အဝသီဒတိ၊ နစ်တတ်ချေ သလျှင်ကတည်း။

၁၂၀။ လောကေ၊ လောကဋ္ဌ။ ပါဖ်၊ ယုတ်မာသော အမှုကို။ ပုတ္တကရုံ၊ သားတည်း ပြုလေမူကား။ မာတာ၊ အမိပြုသည် မည်၏။ တထာ၊ ထိုအတူ။ သိသပါပံ၊ စာပည့်တည်း မကောင်းမှု ပြုမူကား၊ ဂုရု၊ ဆရာပြုသည် မည်၏။ ပါပံ၊ မကောင်းမှုကို၊ ရဋ္ဌကရုံ၊ တိုင်းသူပြည်သားတည်း ပြုမူကား။ ရာဇာ၊ မင်းပြုသည်မည်၏။ ရာဇ-ပါပံ၊ မင်းတည်း မကောင်းမှု ပြုမူကား။ ပုရောဟိတော၊ ပုရောဟိတ် မကောင်းမှုပြုသည် မည်၏။

၁၂၂။ အာကာသဋ္ဌာ၊ ကောင်းကင်၌ တည်ကုန်သော။ ဒေဝါစ၊ နတ်တို့သည်ဌင်း။ ဘူမဋ္ဌာ၊ မြေ၌တည်ကုန်သော။ ဒေဝါစ၊ နတ်တို့သည်ဌင်း။ နဂါစ၊ နဂါးတို့သည်ဌင်း၊ မဟိဒ္ဓိကာ၊ ကြီးသော တန်းခိုးရှိကုန်၏။ တေပိ၊ ထိုနတ်, နဂါးတို့သည်လည်း။ အရောဂေနစ၊ အနာမရှိသဖြင့်ဌင်း။ သုခေနစ၊ ချမ်းသာသဖြင့်ဌင်း။ အမှေ၊ ငါတို့ကို။ အနုရက္ခန္တာ၊ စောင့်စေကုန်သတည်း။

၁၂၃။ ဣဒ္ဓိမန္တောစ၊ တန်းခိုးကြီးသည်လည်း ဖြစ်ကုန်သော။ ယေဒေဝါစ၊ အကြင်နတ်တို့သည်လည်း။ ဣဓ-သာသနေ၊ ဤသာသနာတော်၌။ ဝသန္တာ၊ နေကုန်၏။ တေပိ၊ ထိုနတ်တို့သည်လည်း။ အရောဂေနစ၊ အနာမရှိသဖြင့်ဌင်း။ သုခေနစ၊ ချမ်းသာသဖြင့်ဌင်း။ အမှေ၊ ငါတို့ကို။ အနုရက္ခန္တု၊ စောင့်စေကုန်သတည်း။

၁၂၀။ သပ္ပိတိယော၊ ခပ်သိမ်းသော ဥပဒ္ဒဝေါတို့သည်၊ ဝိဝဇ္ဇန္တု၊ ကင်းစေကုန်သတည်း။ သောကော၊ စိုးရိမ်ခြင်းသည်ဌင်း။ ရောဂေါ၊ အနာသည်ဌင်း။ ဝိနဿတု၊ ပျောက်စေသတည်း။ ဇေတ၊ သင့်အား။ အန္တရာယော၊ အန္တရာယ်တို့သည်၊ မာဘဝန္တု၊ မဖြစ်စေကုန်သတည်း။ သုခိ၊ ချမ်းသာခြင်းနှင့် ပြည့်စုံသည်ဖြစ်၍။ ဒီဃာယုကော၊ ရှည်သော အသက်ရှိသည်။ ဘဝ၊ ဖြစ်စေသတည်း။

၁၃၁။ အဘိဝါဒနသီလိဿ၊ ရတနာသုံးပါးအား ရှိခြင်းသစ်သော ရှိခိုးသောအလေ့ရှိထသော။ နိစ္စံ၊ အမြဲလျှင်။ ဝုဍ္ဎာပစာယိနော၊ သိလစသော ဂုဏ်ဌင်းဖြင့် ကြီးသောသူကို ရှိ

www.dhammadownload.com

သေသော အလွန်ရှိထသော။ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်အား။ အာယူ၊ အသက်သည်ဌင်း။ ဝဏ္ဏော၊ အဆင်းသည်ဌင်း။ သုခံ၊ ချမ်းသာသည်ဌင်း။ ဗလံ၊ ခွန်အားသည်ဌင်း။ စတ္တာရော၊ လေးပါးကုန်သော။ ဓမ္မာ၊ ကျေးဇူးတရားသည်။ ဝဓုန်၊ ပွားကုန်၏။

အာဌာနာဠိယသုတ်ကို၊ အာဌာနာဠိယ သုတ်သည်။


နိဋ္ဌိတံ၊ ပြီး၏။

၉-အင်္ဂုလိမာလသုတ် အနက်


၁၃၂။ ယံပရိတ်ကို၊ အင်္ဂြိုင်အင်္ဂုလိမာလ ပရိတ်တော်ကို။ ဘဂဝန္တာသည်၊ ရွှေတိဿဘုရားထွေ၏၊ နိသိန္နဌာနံဓောဝနံ၊ နေရာအရပ်ကိုဆေးသော။ ဥဒကမ္ပိ၊ ရေမျှသည်လည်း။ သပ္ပံ၊ ခပ်သိမ်းသော။ ပရိဿယံ၊ ဘေးရန်ကို။ ဝိနာသေတိ ဇဝ၊ ပျောက်စေသလျင်ကတည်း။

၁၃၃။ ယံ၊ အင်္ဂြိုင်အင်္ဂုလိမာလပရိတ်သည်။ သောတ္ထိနာ ချမ်းသာသဖြင့်။ ဂဗ္ဘာဝုဋ္ဌာနာ၌၊ ကိုယ်ဝန် ဖွားခြင်းကိုလည်း၊ တခ်ဏော၊ ထိုခဏ၌။ သာဓေတိ၊ ပြီးစေတတ်၏။ အင်္ဂုလိမာလသဿ၊ အင်္ဂုလိမာလအမည်ရှိသော။ ထေရဿ၊ မထေရ်အား။ လောကနာထေန၊ မြတ်စွာဘုရားသည်။ ဘာသိတံ၊ ဟော တော်မူအပ်ထသော။ ကပ္ပဋ္ဌာယိ၊ အာယုကပ်ပတ်လုံးတည် ထသော။ မဟာတေဇံ၊ ကြီးသောတန်းခိုးလည်း ရှိထသော။ တံပရိတ်ကို၊ ထိုအင်္ဂုလိမာလ ပရိတ်တော်ကို။ ဟေ၊ အရှင်သူ တော်ကောင်းတို့။ မယံ၊ ငါတို့သည်။ ဘဏာမ၊ ရွတ်ကြကုန်အံ့။

www.dhammadownload.com



အင်္ဂုလိမာလ တောတွင်းလူဆိုးကြီး အား ဗုဒ္ဓမြတ်စွာ ချုတ်တော်မူနေသောပုံ။



အင်္ဂုလိမာလသည် အကျွတ်တရား ရ၍ ရဟန်းဘောင် သို့ ရောက်သောအခါ ဆွမ်းခံဝင်တိုင်း
မျှာသားမျှားက အမှန်းကြီး မှန်း၍ ခဲ-တုတ်မျှားဖြင့် ပစ်ခတ်နှင်ထုတ်နေပုံ။



အင်္ဂုလိမာလသည် သားမယားနှင့်ဝေသော မိန်းမအား ပရိတ် ရွတ်ပေးနေသောပုံ။

www.dhammadownload.com

၁၃၄။ ဘဂိနိ၊ နှမ။ အဟံ၊ ငါသည်။ ယတော၊ အကြင် အခါမှ။ ပဋ္ဌာယ၊ စ၍။ အရိယာယ၊ မြတ်သော။ ဇာတိယာ၊ အဖြစ်ဖြင့်။ ဇာတော၊ ဖြစ်၏။ တတော၊ ထိုအခါမှစ၍။ သဉ္ဉီစ္စ၊ သေစေလိုသော စေတနာရှိသည်ဖြစ်၍။ ပါဏံ၊ အသက်ရှိသော သတ္တဝါကို။ ဇီဝိတာ၊ အသက်မှ။ ဝေါရောပေတာ ဣတိ၊ ချဉ်း၏ဟူ၍။ နာဘိဇာနာမိ၊ ငါမသိ။ တေနသစ္စေန၊ ထိုသို့မှန်သောစကားဖြင့်။ တေ၊ သင့်အား။ သောတ္ထိ၊ ချမ်းသာခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။ ဂန္ဟာသ၊ ဝမ်းဥ၌ရှိသော သတ္တဝါအား။ သောတ္ထိ၊ ချမ်းသာခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။

အင်္ဂလိမာလသုတ္တံ၊ အင်္ဂလိမာလသုတ်သည်။
နိဋ္ဌိတံ၊ ပြီး၏။

၁၀-ဗောဇ္ဈင်သုတ် အနက်

၁၃၅။ သံသာရေ၊ သံသရာ၌။ သံသရန္တောနံ၊ ကျင်လည် ကုန်သော သူတို့၏။ သဗ္ဗဒုက္ခ ဝိနာသနေ၊ ခပ်သိမ်းသော ဆင်းရဲကို ပျောက်တတ်ကုန်ထသော။ မာရသေနာပမဒ္ဒနေ၊ ကိလေသာ ဟူသော မာရ်၏စစ်သည်ကို နှိပ်စက်တတ်ကုန်ထသော။ သတ္တေ၊ ခုနစ်ပါးကုန်သော။ ဗောဇ္ဈင်္ဂေ၊ အရဟတ္တမဂ်၏ အင်္ဂါဖြစ်ကုန်ထသော။

၁၃၆။ ယေကုမေမေမွေ၊ အကြင်စာရား တို့ကို။ ဗုဇ္ဈိတ္ထဝဝ၊ သိရှိသာလျှင်။ သတ္တာ၊ သတ္တဝါတို့သည်။ တိဘဝါ၊ သုံးပါးသော ဘဝမှ။ မုတ္တကာ၊ ကင်းလွတ်ကုန်၏။ ဥတ္တမာ၊ မြတ်

www.dhammadownload.com

ကုန်၏။ အဇာတိ၊ ပဋိသန္ဓေနေခြင်း မရှိထသော၊ အဇရံ၊ အိုခြင်းမရှိထသော။ အဗျာဓိ၊ နာခြင်းမရှိထသော၊ နိဿယံ၊ ဘေးလည်းမရှိထသော။ အမတံ၊ သေခြင်းမရှိသော နိဗ္ဗာန်သို့။ ဂတာ၊ ရောက်ကုန်၏။

၁၃၇။ မောဒိဂုဏ္ဍူပေတံ၊ ဤသို့ အစရှိသော ကျေးဇူးတို့နှင့်ပြည့်စုံထသော။ အနေက ဂုဏ သင်္ဂဟံ၊ များသော ကျေးဇူးတို့ကိုလည်း တက္ခယ္ဟရ ဖြစ်ထသော။ သြသဓ္ဓ၊ ဆေးလည်း ဖြစ်ထသော။ မန္တ၌၊ မန္တရားလည်း ဖြစ်ထသော။ ဣမံမောဇ္ဈဂ်၌၊ ဤမောဇ္ဈင်္ဂကိုလည်း။ ဟေ၊ အရှင်သူတော်ကောင်းတို့။ မယံ၊ ငါတို့သည်။ ဘဏာမ၊ ရွတ်ကြကုန်အံ့။

၁၃၈။ သတိ သန်ဓိတော၊ သတိ ဟ္ဂ၌ ဆိုအပ်သော။ မောဇ္ဈင်္ဂဂ်ါစ၊ သမ္ဗောဇ္ဈင်ဂင်း။ တထာ၊ ထိုမြို့။ ဓမ္မာနံဝိစယော။ ဓမ္မဝိစယသမ္ဗောဇ္ဈင်ဂင်း။ ဝိရိယ၌၊ ဧရိယ သမ္ဗောဇ္ဈင်ဂင်း။ ပီတိစ၊ ပီတိသမ္ဗောဇ္ဈင်ဂင်း။ ပဿဒ္ဓိစ၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်ဂင်း။ တထာ၊ ထိုမြို့။ အပရေ၊ တပါးကုန်သော။

၁၃၉။ သမာဓုပေက္ခာ၊ သမာဓိ, ဥပေက္ခာဖြစ်ကုန်သော။ မောဇ္ဈဂ်ါစ၊ သမ္ဗောဇ္ဈင်းတို့ဂင်း။ သတ္တ၊ ခုနစ်ပါးကုန်သော။ ဧတေမောဇ္ဈဂ်ါ၊ ထိုသမ္ဗောဇ္ဈင်းတို့ကို။ သဗ္ဗဒဿိနာ၊ ခပ်သိမ်းသောတရားတို့ကို မြင်တော်မူတတ်သော။ မုနိနာ၊ မြတ်စွာဘုရားသည်။ သမ္မာ၊ ကောင်းသောအပြားဖြင့်။ အက္ခာတာ၊ ဟောတော်မူအပ်ကုန်၏။ ဘာဝိတာ၊ ပွားစေအပ်ကုန်၏။ ဗဟုလီကတာ၊ အကြိမ်များစွာ ပြုအပ်ကုန်၏။

၁၄၀။ အဘိညာဲယ၊ ရှေရှ သိအပ်သော တရားတို့ကို သိခြင်းအကျိုးငှါဂင်း။ နိဗ္ဗာနာယ စ။ ကိလေသာငြိမ်းခြင်း

www.dhammadownload.com

အကျိုးငှါငုံး။ ဗေဒဓိယာစ၊ အရဟာတ္တမဂ်ဉာဏ် အကျိုးငှါငုံး၊ သံဝတ္တန်၊ ဖြစ်ကုန်၏။ ဧတေန သစ္စဝဇ္ဇေန၊ ထိုသို့ မှန်သော စကားကို ဆိုသဖြင့်။ သဗ္ဗဒါ၊ ခပ်သိမ်းသော အခါ၌။ တေ၊ သင်၏။ သောတ္ထိ၊ စီးပွားချမ်းသာသည်။ ဟောတု၊ ဖြစ်စေသတည်း။

၁၄၁။ ကေသို့၊ တပါးသော အခါ၌။ နာထေဝ၊ မြတ်စွာဘုရားသည်။ မောဂ္ဂလာနဠ္ဟ၊ မောဂ္ဂလာန် မထေရ်ကို ငုံး။ ကဿပဠ္ဟ၊ ကဿပမထေရ်ကိုငုံး။ ဂိလာနေ၊ နာကုန်သော။ ဒုက္ခိတေ၊ ဆင်းရဲကုန်သော။ တေ၊ ထိုမထေရ်တို့ကို။ ဒိဿွာ၊ မြင်၍။ သတ္တာ၊ ခုနစ်ပါးကုန်သော။ ဗောဇ္ဈင်၊ ဗောဇ္ဈင်တို့ကို။ အဒေသယိ၊ ဟောတော်မူ၏။

၁၄၂။ တေစ၊ ထိုမထေရ်တို့သည်လည်း။ တံ၊ ထို ဟောတော်မူသော ဗောဇ္ဈင်တရားတော်ကို။ အဘိနန္ဒိတ္ဝာ၊ အလွန်နှစ်လို၍။ တခ်ဏော၊ ထိုခဏ၌။ ရောဂါ၊ အနာမှ၊ မုစ်ဈ်သု၊ လွတ်ကုန်၏။ ဧတေန သစ္စဝဇ္ဇေန၊ ထိုသို့ မှန်သောစကားကို ဆိုသဖြင့်။ သဗ္ဗဒါ၊ ခပ်သိမ်းသော အခါ၌။ တေ၊ သင်၏။ သောတ္ထိ၊ စီးပွားချမ်းသာခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။

၁၄၃။ ဧကဒါ၊ တပါးသော အခါ၌။ ဓမ္မရာဇာပိ၊ တရားမင်း ဘုရားသည်လည်း။ ဂေလညေန၊ အနာဆာသည်။ အဘိပိဠိတော၊ လွန်စွာ နှိပ်စက်အပ်သည် ဖြစ်၍။ စုန္ဒတ္ထေရေန၊ စုန္ဒမထေရ်ကို။ တံ ယော၀၊ ထို ဗောဇ္ဈင် ခုနစ်ပါး တရားကို

www.dhammadownload.com

သာလျှင်။ သာဒရုံ၊ ရှိစေသခြင်းနှင့်တကွ။ တဏှာပေတွာန၊ ဟောစေလတ်၍။

၁၄၄။ သမ္မောဒိတွာန၊ နှစ်လိုတော်မူ၍။ ဌာနသော၊ ဟောသော ခဏ၌။ တမှာ အာဗာဓာ၊ ထိုအနာမှ။ ဝုဋ္ဌာသိ၊ ထတော်မူ၏။ ဧတေန သစ္စဝဇ္ဇေန၊ ထိုသို့ မှန်သောစကားကို ဆိုသဖြင့်။ သမ္ဗဒါ၊ ခပ်သိမ်းသော အခါ၌။ တေ၊ သင်၏။ သောတ္ထိ၊ စီးပွားချမ်းသာသည်၊ ဟောတု၊ ဖြစ်စေသတည်း။

၁၄၅။ တိဏ္ဏန္နမ္ပိ၊ သုံးပါလည်း ဖြစ်ကုန်ထသော၊ မဟေသံနှံ၊ မဟာကဿပမထေရ်, မောဂ္ဂလာန်မထေရ်, မြတ်စွာဘုရား တို့အား။ တေအာဗာဓာစ၊ ထို အနာတို့သည်လည်း။ ပဟီနာ၊ ပျောက်ကုန်၏။ မဂ္ဂဟတာ ကိလေသာဝ၊ မဂ်ဖြင့် ပယ်အပ်သော ကိလေသာတို့ကဲ့သို့။ အနုပ္ပတ္တိ ဓမ္မတံ၊ တဖန် မဖြစ်ကောင်းသော သဘောသို့။ ပတ္တာဧဝ၊ ရောက်ကုန်သည်သာတည်း။ ဧတေန သစ္စဝဇ္ဇေန၊ ထိုသို့ မှန်သောစကားကို ဆိုသဖြင့်။ သမ္ဗဒါ၊ ခပ်သိမ်းသောအခါ၌။ တေ၊ သင်၏။ သောတ္ထိ၊ စီးပွားချမ်းသာသည်။ ဟောတု၊ ဖြစ်စေသတည်း။

ပေါစ္ဆာက်သုတ်၊ ပေါစ္ဆာင်သုတ် ပရိတ်တော်သည်။

နိဋ္ဌိတံ၊ ပြီး၍။

www.dhammadownload.com

၁၁-ပုဗ္ဗဏှသုတ် အနက်

၁၄၆-၇-၈။ ယံ ဒုန္နိမိတ္တာ၌၊ အကြင် မကောင်းသော နိမိတ်သည်၎င်း။ ယံ အဝမင်္ဂလာ၌၊ အကြင် မကောင်းသော အမင်္ဂလာသည် ၎င်း။ သကုဏာသု၊ ငှက်၏။ အမနာပေါ၊ မနှစ်လိုဘွယ်သော။ ယော သဒ္ဒေါ၊ အကြင် အသံသည်၎င်း၊ ယောပါပကော၊ အကြင် မကောင်းသော ဂြိုဟ်သည်၎င်း၊ အကန္တော၊ မနှစ်လို ဘွယ်သော။ ယံ ဒုဿုပိနာ၌၊ အကြင် မကောင်းသော အိပ်မက်သည်၎င်း။ အတ္ထိ၊ ရှိ၏။ ဧတေ ဒုန္နိမိတ္တာဒယော၊ ထို မကောင်းသော နိမိတ် အစရှိသည် တို့သည်။ ပုဒ္ဓါနုဘာဝေန၊ မြတ်စွာဘုရား၏ အာနုဘော် ကြောင့်။ ဓမ္မာ နုဘာဝေန၊ တရား တော်၏ အာနုဘော် ကြောင့်။ သံဃာ နုဘာဝေန၊ သဃ်ာတော်၏ အာနုဘော် ကြောင့်။ ဝိနာသံ၊ ပျက်စီးခြင်းသို့။ ဓန္တု၊၊ ရောက်စေကုန် သတည်း။

၁၄၉။ ဒုက္ခ-ပတ္တာ၊ ဆင်းရဲခြင်းသို့ ရောက်ကုန်သော။ သမ္ပဓိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ပါဏိနော၊ သတ္တဝါ တို့သည်။ နိဒ္ဒါက္ခယာဝ၊ ဆင်းရဲမရှိကုန်သည်လည်း။ ဟောန္တု၊၊ ဖြစ်စေကုန်သတည်း။ ဘယပတ္တာ၊ ဘေးသို့ ရောက်ကုန် သော။ သမ္ပဓိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ပါဏိနော၊ သတ္တဝါတို့သည်။ နိဗ္ဘယာဝ၊ ဘေးမရှိ ကုန်သည်လည်း။ ဟောန္တု၊၊ ဖြစ်စေကုန်သတည်း။ သောကပတ္တာ၊ စိုးရိမ် ခြင်းသို့ ရောက်ကုန်သော။ သမ္ပဓိ၊ အလုံးစုံလည်း ဖြစ်

www.dhammadownload.com

ကုန်သော။ ပါဏိနော၊ သတ္တဝါတို့သည်။ နိဿောကာဝစ၊ စိုးရိမ်ခြင်း မရှိကြကုန်သည်လည်း။ ဖောန္တ၊ ဖြစ်စေကုန်သတည်း။

၁၅၀။ ဧတ္တာဝတာဝစ၊ ဤမျှ လောက်သော အစဉ်ဖြင့်။ အမှေဟိ၊ ငါတို့သည်။ သမ္ဟာတံ၊ ဆည်းပူးအပ်သော။ ပုည သမ္ပဒံ၊ ကောင်းမှု၏ ပြည့်စုံခြင်းကို။ သမ္ပဒေ၊ ခပ်သိမ်းကုန်သော။ ဒေဝါ၊ နတ်တို့သည်။ အနုမောဒန္တ၊၊ ဝမ်းမြောက်စေကုန်သတည်း။ သမ္ပဒ သမ္ပတ္တိ သိဒ္ဓိယာ၊ ခပ်သိမ်းသော စည်းစိမ်၏ ပြီးခြင်းငှါ။

၁၅၁။ သဒ္ဓါယ၊ ယုံကြည်သဖြင့်။ ဒါနံ၊ အလှူကို။ ဒဒန္တ၊၊ ပေးစေကုန် သတည်း။ သမ္ပဒါ၊ ခပ်သိမ်းသော အခါဌ်။ သီလံ၊ သီတင်းကို။ ရက္ခန္တ၊၊ စောင့်စေကုန်သတည်း၊ ဘာဝနာ ဘိရတာ၊ ကမ္မဋ္ဌာန်းစီးဖြန်းခြင်းဌ် အလွန်မွေ့လျော်ကုန်သည်။ ဖောန္တ၊၊ ဖြစ်စေကုန် သတည်း။ အာဂတာ၊ တရား နာအံ့သောငှါ လာကုန်သော။ ဒေဝါ၊ နတ်တို့သည်။ ဂစ္ဆန္တ၊၊ သွားကုန်လော၊

၁၅၂။ ဗလပတ္တာ၊ အားဆယ်ပါးသို့ ရောက်ကုန်သော၊ သမ္ပဒေ၊ ခပ်သိမ်းကုန်သော။ ပုဒ္ဓါစ၊ မြတ်စွာဘုရားတို့၏ ၎င်း။ ပစ္စေကာနုဗုဒ္ဓါ၊ ပစ္စေကဗုဒ္ဓါတို့၏၎င်း။ အရဟန္တောနုဗုဒ္ဓါ၊ ရဟန္တာတို့၏၎င်း။ ယံဗလံ၊ အကြင် ဉာဏဗလသည်။ အတ္ထိ။ ရှိ၏။ တဿ ဉာဏဗလဿ၊ ထိုဉာဏဗလ၏။ တေဇေန၊ တန်းခိုးဖြင့်။ သမ္ပဒေသော၊ ထက်ဝန်းကျင်သော အရပ်မှ။ ရက္ခံ၊ အစောင့်အရှောက်ကို။ ဗန္ဓာမိ၊ ဘွဲ့၏။

www.dhammadownload.com

၁၅၃-၄-၅။ ဇာဓဝါ၊ ဤလူ့ပြည်၌ဖြင်း။ ဟုရုံဝါ၊ နဂါးပြည်, ဂဠုန်ပြည်၌ဖြင်း။ သင်္ဂဠသုဝါ၊ နတ်ပြည်တို့၌ဖြင်း။ ယံကိဉ္စိ၊ အမှတ်မရှိသော။ ဝိတ္တံ၊ နှစ်သက်အပ်သော၊ ပဏီတံ၊ တောင့်တ အပ်သော။ ယံ ရတနံ၊ အကြင် ရတနာသည်။ အတ္ထိ၊ ရှိ၏။ တံရတနံ၊ ထိုရတနာသည်။ တထာဂတေန၊ မြတ်စွာဘုရားနှင့်။ သမံ၊ တူသော ရတနာသည်။ နနော အတ္ထိ၊ မရှိသည်သာလျှင် ကတည်း။ ဗုဒ္ဓေ-ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ ဓမ္မေ-ဓမ္မဿ၊ တရားတော်၏။ သံဃေ-သံဃဿ၊ သဃ်ာတော်၏။ ဂဒမ်ဳ ရတနံ-အယမ်ဳ ရတနာဘာဝေါ၊ ဤရတနာ၏ အဖြစ်သည်လည်း။ ပဏီတံ-ပဏီတေတာ၊ မြတ်၏။ ဧတေန သစ္စေန၊ ဤသို့သော သစ္စာကြောင့်။ ပါဏိနံ၊ သတ္တဝါတို့အား။ သုဝတ္ထိ၊ ကောင်းသော စီးပွား ချမ်းသာသည်။ ဟောတု၊ ဖြစ်စေသတည်း။

၁၅၆-၇-၈။ တေ၊ သင့်အား။ သဗ္ဗမဂ်လံ၊ ခပ်သိမ်းသော မင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေသတည်း။ သဗ္ဗ ဒေဝတာ၊ ခပ်သိမ်းသော နတ်တို့သည်၊ တံ၊ သင့်ကို။ ရက္ခန္တု၊ စောင့်စေကုန်သတည်း။ သဗ္ဗ ဗုဒ္ဓါ နုဘာဝေန၊ ခပ်သိမ်းသော မြတ်စွာဘုရားတို့၏ အာနုဘော်တော်ကြောင့်။ သဗ္ဗ ဓမ္မာ နုဘာဝေန၊ ခပ်သိမ်းသော တရားတော်တို့၏ အာနုဘော်တော်ကြောင့်။ သဗ္ဗသံဃာ နုဘာဝေန၊ ခပ်သိမ်းသော သဃ်ာတော်တို့၏ အာနုဘော်တော်ကြောင့်။ သဒါ၊ အခါခပ်သိမ်း။ တေ၊ သင့်အား။ သုခီ၊ ချမ်းသာခြင်းတို့သည်။ ဘဝန္တု၊ ဖြစ်စေကုန်သတည်း။ (နှစ်ဂါထာကား ဓမ္မာ နုဘာဝေန၊ သံဃာနုဘာဝေန, သာ ထူးသည်)။

www.dhammadownload.com

၁၅၉။ မဟာ ကာရုဏိကော၊ မြတ်သော ကရုဏာနှင့် ယှဉ်ထစေသော။ တနည်းကား- များသော ကရုဏာနှင့် ယှဉ်ထသော။ နာထော၊ မြတ်စွာ ဘုရား သည်။ သဗ္ဗ ပါဏီနံ၊ ခပ်သိမ်းသော သတ္တဝါတို့၏။ ဟိတာယ၊ အစီးအပွား အလိုငှါ။ သဗ္ဗာ၊ ခပ်သိမ်းသော။ ပါရမီ၊ ဆယ်ပါးသော ပါရမီတို့ကို။ ပူရေတွာ၊ ဖြည့်တော်မူ၍။ ဥတ္တမံ၊ မြတ်စွာ သော။ သမ္မောဓိံ၊ အရဟတ္တ မဂ်ဉာဏ်, သဗ္ဗညုတ ဉာဏ်သို့။ ပတ္တော၊ ရောက်တော်မူပြီ။ ဇေတန သစ္စဝဏ္ဏေန၊ ထိုသို့ မှန်သောစကားကို ဆိုခြင်းကြောင့်။ တေ၊ သင်၏။ သောတ္ထိ၊ စီးပွားချမ်းသာသည်။ ဟောတု၊ ဖြစ်စေသတည်း။

၁၆၀။ သကျာနံ၊ သာကိဝင် မင်းတို့၏၊ နန္ဒိဝဒ္ဎနော၊ နှစ်လိုခြင်းကို ပွားစေ တတ်သော မြတ်စွာ ဘုရားသည်။ ဗောဓိယာ၊ ဗောဓိပင်၏။ မူလေ၊ အရင်း၌။ ဇယန္တော ယာထာ၊ မာရ်ငါးပါးကို အောင်တော် မူလေသကဲ့သို့။ ဇေ ဝေ၊ ထိုအတူ ၎င်း။ ဇယော၊ အောင်ခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။ ဇယမင်္ဂလေ၊ အောင်အပ်သော မင်္ဂလာ၌။ တဝ၊ သင့်အား။ ဇယသ္တု၊ အောင်စေသတည်း။

၁၆၁။ သဗ္ဗဗုဒ္ဓါနံ၊ ခပ်သိမ်းသော မြတ်စွာဘုရားတို့၏။ အာဘိသေကော၊ ဗုဒ္ဓါဘိသေက မင်္ဂလာကို ခံယူရာ ဖြစ်ထသော။ ပထဝိပုက္ခလေ၊ မြေပြင်၌ အထူး တင့်တယ်ထသော။ သီသေ၊ မြေပြင်၌ ဦးထိပ်လည်း ဖြစ်ထသော။ အပရာဇိတ ပလ္လင်ကေ၊ မာရ်ဝါးပါးကို အောင်မြင်သော ပလ္လင်တော်၌၊

www.dhammadownload.com

အဂ္ဂပဏ္ဍောဘ၊ လူသုံးပါးတိုထက် မြတ်သော သပ္ပညူတညာဏ် ကျေးဇူးသို ရောက်တော်မူသော မြတ်စွာဘုရားသည်။ ပမော ဒတိ၊ စမ်းမြောက်တော်မူ၏။

၁၆၂။ ဧဝံ၊ ဤအတူဂုဏ်း။ တဝ၊ သင့်အား။ သုနက္ခတ္တံ၊ ကောင်းသော နက္ခတ်သည်၊ ဟောတု၊ ဖြစ်စေသတည်း။ သုမင်္ဂလံ၊ ကောင်းသော မင်္ဂလာသည်။ ဟောတု၊ ဖြစ်စေသတည်း။ သုပဘာတံ၊ ကောင်းစွာ မိုးသောက်ခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။ သု-ဟုဒ္ဒိတံ၊ ကောင်းစွာ စီးပွားခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။ သုခဏောဒစ၊ ကောင်းသော ခဏာသည်လည်း။ ဟောတု၊ ဖြစ်စေသတည်း။ သုမုဟုတ္တောဒစ၊ ကောင်းသော မုဟုတ်သည်လည်း။ ဟောတု၊ ဖြစ်စေသတည်း။ မြဟ္မစာရိသု၊ မြတ်သော အကျင့်ကို ကျင့်သော သူတော်ကောင်းတို့အား။ သုယိဋ္ဌံ၊ ကောင်းစွာ ပူဇော်ခြင်းသည်၊ ဟောတု၊ ဖြစ်စေသတည်း။

၁၆၃။ ပဒက္ခိဏံ၊ မြတ်သော။ ကာယကမ္မံ၊ ကာယကံသည်ဌင်း။ ပဒက္ခိဏံ၊ မြတ်သော။ ဝါစာကမ္မံ၊ ဝစီကံသည်ဌင်း။ ပဒက္ခိဏံ၊ မြတ်သော။ မနောကမ္မံ၊ မနောကံသည်ဌင်း။ ဟောတု၊ ဖြစ်စေသတည်း။ ပဒက္ခိဏော၊ မြတ်သော ကာယကံ, ဝစီကံ, မနောကံဌ။ တေ၊ သင်၏။ ပဏိဓိ၊ ဆောက်တည်ခြင်းသည်။ ဟောတု။ ဖြစ်စေသတည်း။

၁၆၄။ တေ၊ ထိုဒဝိသိန်းသော လူနတ်တို့သည်။ ပဒက္ခိဏာနိ၊ မြတ်သော အမှုတို့ကို။ ကတ္ဝာန၊ ပြု၍။ ပဒက္ခိဏော၊

www.dhammadownload.com

မြတ်ကုန်သော။ အတ္ထော၊ အကျိုးတို့ကို။ လဘန္တီ၊ ရကုန်၏။ အတ္ထလဒ္ဓါ၊ ရအပ်သော အကျိုးရှိကုန်သော။ တေ၊ ထိုသူတော် ကောင်းတို့သည်။ သုခိတာ၊ ချမ်းသာခြင်း ရှိကုန်သည်။ ဗုဒ္ဓသာသနေ၊ မြတ်စွာဘုရား သာသနာတော်၌။ ဝိရဒ္ဓာ၊ ပြန့်ပွားခြင်းသို့ ရောက်ကုန်သည်။ သဗ္ဗေဟိ၊ ခပ်သိမ်းကုန်သော။ ဉာတိဘိ၊ အဆွေအမျိုးတို့နှင့်။ သဟ၊ တကွ။ အာရောဂ်၊ အနာကင်းကုန်သည်။ သုခိတာ၊ ချမ်းသာခြင်း ရှိကုန်သည်။ ဟောထ၊ ဖြစ်ကုန်လော၊

ပုဗ္ဗဏ္ဟသုတ်၊ ပုဗ္ဗဏ္ဟသုတ်သည်။
နိဋ္ဌိတံ၊ ပြီးပြီ။
ပရိတ်ကြီးအနက် ပြီးပြီ။

www.dhammadownload.com

ဂ-သိဂ်ါလောဝါဒသုတ်ထွက်
ကျင့်ဝတ်

တလောကလုံး၊ ညွှတ်ရုံးဦးချ၊ နှိုင်းမမျှသား၊ ဘုရားရွှေစက်၊ ရောင်ပြိုးပြက်ကို၊ ဦးထက်တင်ထား၊ ရှိသွတ်တွား၍၊ သားနှင့်မိဘ၊ တပည့်စသည်၊ ပြုရအံ့ဝတ်၊ ချွတ်မှုပါယ်ရှာ၊ လားမည့်တာကြောင့်၊ သုတ်ပါထေယျ၊ ကျမ်းဌဋ္ဌပြုသည်၊ လောကကျင့်ရာ၊ အကျဉ်းမှာ ဝိမ့်။ ။နတ်ရွာဘို့လုံးလုံး၊ ကျက်၍သုံး။

သားသမီးကျင့်ဝတ် ငါးပါး

ကျွေးမွေးမပျက်၊ ဆောင်ရွက်စိမံ၊ မွေခံထိုက်စေ၊ လှူမျှဝေ၍၊ စောင့်လေ မျိုးနွယ်၊ ဝတ်ငါးသွယ်။ ။ကျွင့်ဘွယ်သားတို့တာ။

မိဘကျင့်ဝတ် ငါးပါး

မကျောင်းမြစ်ထာ၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ ပေးဝန်းရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်။ ။ဘခင်မယ်တို့တာ။

တပည့်ကျင့်ဝတ် ငါးပါး

ညီညွှာထကြွ၊ ဆုံးမနှာယူ၊ လာမူကြိုဆီး၊ ထံနီးလုပ်ကျွေး၊ ချင်ထွေးအံ့ရွတ်။ တပည့်ဝတ်။ ။မချွတ်ငါးခုသာ။

ဆရာ့ကျင့်ဝတ် ငါးပါး

အတတ်လည်းသင်၊ ပုံပြင်ဆုံးမ၊ သိပ္ပံမချန်၊ ဘေးရန်ဆီး ကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့။ ။ကျင့်ဘို့ ဝတ်ငါးဖြာ။

www.dhammadownload.com

လင့်ကျင့်ဝတ် ငါးပါး

မထေမဲ့ကင်း၊ အာပန္နင်းညစ်စာ၊ မိန္ဆွဲဘမမှာ၊ ဝတ်စားဆင်ယင်၊ မြတ်နိုးကြင်။ ။ငါးအင် လင်ကျင့်ရာ။

မယားကျင့်ဝတ် ငါးပါး

အိမ်တွင်းမှလုပ်၊ သိမ်းထုပ်သေချာ၊ မိန္ဆွဲကြည့်ရှောင်၊ လျော်အောင်ဖြန့်ချိ၊ ပျင်းရိမမှု၊ ဝတ်ငါးဆု။ ။အိမ်သူကျင့်အပ်စ္စာ။

မိတ်ဆွေကျင့်ဝတ် ငါးပါး

ပေးကမ်းချီးမြှင့်၊ ကိုယ်နှင့်ယှဉ်ဥာဏ်၊ စီးပွားဆောင်ရွက်၊ နှုတ်မြွက်ချိုသာ၊ သစ္စာမှန်စေ၊ ဝတ်ငါးထွေ။ ။ကျင့်လေမိတ်သဟာ။

သခင်ကျင့်ဝတ် ငါးပါး

ဝစ္စာကျွေးမွေး၊ ပြုရေးစီရင်၊ နာလျှင်ကုစေ၊ ငှဝေရသာ၊ အခါကိုလွှတ်၊ အရှင်ဝတ်။ ။မဆွတ်ငါးခုသာ။

ကျွန်ကျင့်ဝတ် ငါးပါး

အိပ်သော်နောက်ကျ။ ထသော်ကားရှေး၊ ပေးမှယူအပ်၊ စေ့စပ်ဆောင်ရွက်၊ ကျေးဇူးမြွက်။ ။ငါးချက်ကျွန်ကျင့်ရာ။

ဒါယကာကျင့်ဝတ် ငါးပါး

မေတ္တာစိတ်သက်၊ ဆောင်ရွက်ချစ်ကြင်၊ ခင်မင်နှုတ်ချို၊ လိုလျှင်ဖိတ်ထား၊ တတ်အားလှူစေ၊ ဝတ်ငါးထွေ။ ။ပြုလေဒါယကာ။

www.dhammadownload.com

ရဟန်းကျင့်ဝတ် ခြောက်ပါး

မကောင်းမြစ်ထဝ၊ ကောင်းရာညွှတ်လစ်၊ အသစ်ဟောကြ။း၊ နဝဘူးထပ်မံ၊ နတ်ထံတင်ရာ၊ မေတ္တာလည်းပြု၊ ရဟန်းမှု။ ။ ခြောက်ခု လွန်သေချ။

ကျမ်းသိင်္ဂါလ၊ သုတ်ဝယ်ပြ၊ သုံးဝမြတ်ဆရာ။ ။ ကျင့်ဝတ်မပြေ၊ ပါယ်လေးထွေ၊ လား၊လေရှည်မြင့်ကြာ။ ။ ဤသည့်ဝတ်ကုန်၊ ဆွမျိုးစုံ၊ ခြောက်ဘုံထက်နတ်ရွာ။ ။ လှည်းဘီးပြင်က၊ နား၊စောင့်ချသို့။ မိဘနှင့်သား၊ မယား၊နှင့်လင်၊ အရှင်နှင့်ကျွန်၊ ထေရ်မွန်ဒကာ၊ မိတ်သဟာနှင့်၊ ဆရာတပည့်၊ တည့်တည့်မချတ်၊ ကျင့်ဝတ်စုံလင်၊ ဖြိုသန့်စင်မှု၊ ရှင်လည်းမကွေ၊ သေလည်းမကွာ၊ နတ်ရွာ လူ.ပြည်၊ လှည့်လည်အတူ၊ စံစား၊မှု၌၊ နိဗ္ဗာ။ ရွေပြည်၊ ဝင်အံ့သည်တည့်၊ မတည်ကျင့်ဝတ်၊ ချွတ်သူတို့မှာ၊ မလွတ်သာသည်။ ။ လေးရွာဘို့လုံးလုံး လူဖြစ်ရုံး။

ဥဝေဘပျက်ကြောင်း ခြောက်ပါး

သေစာသောက်စား၊ လမ်းသွား၊ခါမဲ့၊ ရှုံ့သဘင်၊ ပျော်ရွှင်အန်လောင်း၊ မကောင်းမိတ်ဖျင်း၊ ပျင်းရိခြင်းကား။ ။ ယိုယွင်းဥစ္စာ ပျက်ကြောင်းတည်း။

သေအရက်သောက်ခြင်း အပြစ်ခြောက်ပါး

ဥစ္စာယုတ်ခြင်း၊ ငြင်းခုံမျှားစွာ၊ ရောဂါထူပြော၊ ကျော်စောမဲ့တုံ၊ မလုံအင်္ဂါ၊ ပညာနည်းရှာ၊ ဤခြောက်ပါးကား။ သောက်စား၊သေစာ အပြစ်တည်း။

www.dhammadownload.com

အခါမဲ့သွားလာခြင်း အပြစ်ခြောက်ပါး

ကိုယ့်သားမယား၊ တခြားဥစ္စာ၊ လုံခွာမဲ့ခရွာင်း၊ မကောင်းအရာ၊ ရွံရှာလေအပ်၊ ယိုးစွပ်ရောက်မှု၊ ဆင်းရဲစု။ ။ခြောက်ခုခါမဲ့ သွားပြစ်တည်း။

သဘင်ပွဲလမ်းအပြစ် ခြောက်ပါး

ကခြင်းတလီ၊ သီခြင်းတသိုး၊ မှုတ်ဖွဲးတသင်း၊ ပြိုန်ဖျင်းတအုပ်၊ လက်ခုပ်တတည်၊ အိုးစည်တဖြာ၊ ရှိရာရှာ၍၊ ဥစ္စာပျက်မှု၊ ဤခြောက်ခုကား။ ။ကြည့်ရှုသဘင်အပြစ်တည်း။

လောင်းကစားသူ အပြစ်ခြောက်ပါး

အောင်သူ ရန်ပွား၊ ရှုံးသားစိုးရိမ်၊ စည်းစိမ်လျော့ပါး၊ တရားသဘင်၊ မဝင်သက်သေ၊ မိတ်ဆွေနှိမ့်ဆို၊ မလိုထိမ်းမြား၊ ဤခြောက်ပါးကား။ ။ပျော်ပါးကြွေအန် အပြစ်တည်း။

မိတ်ဆွေပျက် ခြောက်ပါး.

ကြွေအန်ကြူးထ၊ မိန်းမကြူးထွေ၊ သေစာကြူးမှု၊ အတုပြုပြား၊ လှည့်စား တထောက်၊ မျက်မှောက် လှည့်ချက်၊ နှိုင်ထက်လုယူ၊ ဤသူခြောက်ပါး၊ မိတ်ဖြစ်လားကြောင့်။ ။ပျက်ပြားမိတ်ဆွေ အပြစ်တည်း။

ပျင်းရိခြင်း အပြစ်ခြောက်ပါး

အချမ်းပြင်းဝှန်၊ အလွန်ပူနှိုး၊ မိုးချုပ်လှမော၊ စောလွလွန်းရောင်၊ ဆာလောင်ပြင်းပြ၊ ဝမ်းဝလွန်းထွေ၊ နေကပည်၊ မပွားရာသည်။ ။ခြောက်ဖြာ ပျင်းသူအပြစ်တည်း။

www.dhammadownload.com

အကြီးအကဲကျင့်ဝတ် ခြောက်ပါး

ထင်ကြွ, နိုးကြား၊ သနား, သည်းခံ၊ ဝေဘန်, ကြည့်ရှု၊ ဤခြောက်ခုကား။ ။ကြီးသူ့ကျင့်ရာ တရားတည်း။

ကိုယ်ကျိုးသာ ငဲ့သော အဆွေခင်ပွန်းတု

လေးယောက်

လက်ချည်းလာ၍၊ ဥစ္စာဆောင်သယ်၊ နည်းငယ်ဖြင့်သာ၊ များစွာလိုရှိ၊ ဘေးထိုးရောက်ခါ၊ ဖြုလာတုံဘိ၊ မိမိကျိုးငှါ၊ လာ ပေါင်းယှဉ်၊ လေးယောက် စဉ်ကား။ ။အညဒတ္ထု၊ ဟုရတည်း။

နှုတ်ဖြင့်သာ ဟန်ဆောင်သော အဆွေခင်ပွန်းတု

လေးယောက်

ရှေဖြစ် စေ့စပ်၊ တထပ် နောက်မှီး၊ ချည်းဆီးသင်္ဂြိဟ်၊ ပေးလိုစဟန်၊ ပစ္စုပ္ပန်မှု၊ ပြည့်စုံပျက်ပြား၊ ဤလေးပါးကား၊ မုတ်သား ဝစီပရမတည်း။

ချစ်ဘွယ်ကိုသာ ဆိုတတ်သော အဆွေခင်ပွန်းတု

လေးယောက်

မကောင်းခွင့်ပြု၊ ကောင်းမှုကိုလျင်၊ ဆင်ခြင်မရှာ၊ ခွင့်ပြုသည်ပင်၊ ရှေတွင်ချီးမွမ်း၊ ဖုံးလွှမ်းကွယ်လျင်၊ ကဲ့ရဲ့ချင်သည်၊ လေးအင် ပိယဘာဏီတည်း။

ကျေးဇူးရှက်ဆောင်သော အဆွေခင်ပွန်းစစ်

လေးယောက်

မှေလျော့စောင့်လော၊ ဥစ္စာ စောင့်ရှောက်၊ ဘေးရောက်ကိုးကွယ်၊ ပြုဘွယ်ရှိက၊ နှစ်ဆဥစ္စာ၊ ပေးချေလာသည်။ ။ လေးဖြာ ဥပကာရတည်း။

www.dhammadownload.com

ဆင်းရဲမက္ခာ-ချမ်းသာမပစ်သော အာဆွေခင်ပွန်းစစ် လေးယောက်

လျှို့ဝှက်စကား၊ ကြားစေတုံလျက်၊ သူလျှို့ဝှက်၍၊ ဘေး တွေ့မစွန့်၊ မတွန့်တိုပါ၊ သူ့ကိုညှာလျက်၊ ကိုယ့်သက်စွန့် မြောက်၊ ဤလေးယောက်ကား။ ။မျှလောက် ချမ်းသာ ဆင်းရဲတည်း။

အကျိုးစီးပွားကို ပြောကြားတတ်သော အဆွေ ခင်ပွန်းစစ် လေးယောက်

မကောင်း မြစ်ထား၊ ကောင်းရာ သွင်းထား၊ မကြား စတောင်း၊ အကြောင်းကြားလာ၊ နတ်ရွာလမ်းပြ၊ ဤလေးဝ ကား။ ။မည်ရအတွက်ခါယီတည်း။

အစဉ်သနားတတ်သော အဆွေခင်ပွန်းစစ် လေးယောက်

ဥစ္စာခမ်းနား၊ မပွားသမျှ၊ မနှစ်လိုငြား၊ ပွားကရှင်မြှုံး၊ ကျေးဇူးမဲ့ကို၊ ဆိုသော်တား၊ ကျေးဇူးဖြစ်ကံ့၊ ဆိုသော် ချီးမွမ်း၊ သူတို့တမ်းကား၊ ။မိတ်ကျမ်းအနုကမ္မတည်း။

အလေးအမြတ်ပြုအပ်သော အရပ်ခြောက်မျက်နှာ

အရှေ့မီဘာ၊ တောင်မှဆရာ၊ နောက်မှာမယား၊ မြောက် ကား မိတ်ဆွေ၊ အောက်ခြေကျွန်များ၊ အထက်ဖျားကား။ ။ ပုဏ္ဏားရဟန်း ခြောက်ရပ်တည်း။

ပျက်စီးလွယ်သော လူလေးယောက်

သောက်တုတ် သေရက်၊ ညဉ့်နက် လမ်းသွား၊ ရှုစား သဘင်၊ ပျော်ရွှင်အန်စာ၊ လေးရပ်မှာပင်၊ တကွထင်သည်။ လေးဆင်ပါယသဟဲတည်း။

www.dhammadownload.com

အလောင်းအလျာတို့ အလိုတော်ခြောက်ပါး

လောဘ, ဒေါသ၊ မောဟကင်းလို၊ တောခိုတဖြာ၊ ဆိတ်ရာငြိမ်ဆက်၊ ဝင့်မှတ်ထွက်။ ။ခြောက်ချက် လောင်းလျာ လို တော်တည်း။

မပြတ်ဆင်ခြင်ရာသော တရားငါးပါး

အိုခြင်းတဖြာ၊ နာခြင်းတထွေ၊ သေခြင်းတခြား၊ ကွဲပြားတတန်၊ ကံလျှင်ဥစ္စာ၊ ဤငါးဖြာကို၊ မကွာနေ့ည၊ ဉာဏ်သက်ဝင်၍ ဆင်ခြင်ကြ။

အကျိုးဆောင်သောတရား တပါး

သေခြင်း တပါး၊ ဤတရားကား၊ စိုးပွား မြားမြောင်၊ အကျိုးဆောင်သည်။ ။အိုအောင် အောက်မေ့ စိုးဖြန်းကြ။

သိင်္ဂါလောဝါဒသုတ်ထွက် ကျင့်ဝတ်ပြီး၏။

၉-ရှင်မဟာသီလဝံသ ဆုံးမခန်း

၁။ တိလောကဟု၊ မရန္ဒိုင်းဝှေ့၊ ဘက်မပြိုသည်၊ သုံးဆူရတနာ၊ မာတာပိတ၊ ဆရာစကား၊ အရှင်မျှားကို၊ ပြစ်မှားမဆို၊ ရိုသေကြစေ၊ သာမဏေက၊ သူငယ်စသား၊ တပည့်မျိုးတို့၊ မှတ်သားကြပ်ကြပ်၊ မပြတ်သို့ပင်၊ ဆုံးမသင်သည်။ ဝမ်းတွင် အမြဲသွတ်၊

၂။ ဂယောက် ဂယက်၊ ကျက်ကျက် ပျောက်ပျောက်၊ စားသောက်အိပ်နေ၊ မရှိစေနှင့်၊ သေသေသပ်သပ်၊ စိတ်ယူစွဲ၍ အမြဲမှတ်။

www.dhammadownload.com

၃။ ဆရာသမား၊ မိဘအာဘော်ကို၊ နှိုးကြားမပြတ်၊ မျက်သစ်ဒန်ပူ၊ လုံလကူသည်၊ ယူဂျိမပြတ် နေတိုင်းကပ်။

၄။ ဘုရားခြေရင်း၊ ကျောင်းတလင်းတွင်၊ မြက်သစ်ပင်ကို၊ မြဝ်လျှင်မဖွယ်၊ မတင့်တယ်သော်၊ လှည့်ဖယ်မပြတ် တံမြက်ခတ်။

၅။ သုံးဆောင်ရေနှင့်၊ သောက်ရေအိုးတွင်၊ ရေနည်းမြင်သော်၊ ခေါင်ညှိညှတ် သွားခပ်။

၆။ ရေခပ်သွားလည်း၊ ကစဉ်းခြံသာ မနေနှင့်၊ ကစားခြံသာ၊ ရေမှာကြာသော်၊ သဒ္ဓါ, ရေဒဏ်၊ ပေးရမှန်သည်၊ ခံမည်သာကြံလော မင်းတို့ကျော့။

၇။ နေညဉ့်နံနက်၊ ကိန်းစက်မှုရာ၊ သင်ဖြူးဖျာကို၊ ခင်းကာ ယူငြား၊ ခေါက်သွင်းထား။

၈။ သက်န်း သပိတ်၊ ပရိက္ခရာ၊ ကြွသွားခါသော်၊ ယူရာသည်များ ပြင်ခြံထား။

၉။ ခရီးပမ်းပင်၊ လာသည်မြင်သော်၊ အလျင် လှမ်းယူ၊ ဝတ်သက်န်းကို၊ ချွေးစွန်းမှုကား၊ နေပူဖြန့်လွှား သွင်းခေါက်ထား။

၁၀။ ရေချမ်း ကပ်လျက်၊ ခြေလက် ဆုပ်နယ်၊ မှုကြီးငယ်ကို၊ လွှဲဖယ်မသွား၊ ယပ်လေခပ်၍ နေထိုပါး။

၁၁။ ရိုင်းစိုင်းနိုးကပ်၊ မကိုင်းညွတ်ဘဲ၊ မတ်တတ် တိုးခြံမသွားနှင့်။

www.dhammadownload.com

၁၃။ စားဘွယ်စားရာ၊ ကပ်သော ခါလည်း၊ ချဉ်းလာနီးစေ။ ခြေစုံနေ၍၊ ရိုသေကိုင်းညွတ် ချဉ်း၍ကပ်။

၁၄။ ဘုဉ်းပေးဆိုတန်း၊ ရဟန်းတို့အား၊ စားမည်လား ဟု၊ စကားသည့်နှယ် မမေးနှင့်။

၁၅။ မိဉီး,ဘဉီး၊ ဆရာ့ဉီးကို၊ ခူး၍အလျင် မစားနှင့်။

၁၆။ မိဘဆရာ၊ ထားသည့်တာကို၊ မျက်နှာကွယ်လျင်၊ မယူငင်နှင့်၊ လိုချင်သောအား၊ စားချင်ငြားက၊ ဝပ်တွားခယ တောင်းပါကြ။

၁၇။ သပိတ်ဆွမ်းခွက်၊ ဆောင်ရွက်မပြတ်၊ ဆွမ်းဟင်း ဗျတ်ကို၊ ပွတ်တုံညစ်ကြေး၊ မြူမှေးမတင် စင်အောင်ဆေး။

၁၈။ ကျောင်းတွင်အိမ်တွင်၊ မသန့်စင်၍၊ မြင်သည်ရှိသော်၊ ယူငင်သိမ်းဆည်း၊ အထည်းသိုငြား၊ ကောင်းကောင်းထား၊

၁၉။ အမှုနည်းများ၊ ခန့်ထားရှိသော်၊ တန္ခုန်းခေါ်က၊ ကြားသော်ခဏ ချဉ်းကပ်ကြ။

၂၀။ ကိစ္စရှိငြား၊ သွားသည်များ၊ လျင်လျားခဏ၊ လာပါကြ။

၂၁။ ဖျားနာကျောင်းတွင်၊ ရှိခဲ့လျင်သော်၊ ကြင်ကြင်နာနာ၊ ညီညာဖြဖြ၊ ဆေးဝါးပေး၍ လုပ်ကျွေးကြ၊

၂၂။ သီတင်းသုံးချင်း၊ ချစ်ဟုံပြင်းသည်၊ ပဋ္ဌင်းနှင့်ရှင်၊ ညီတွင်အစ်ကို၊ လွန်ကြည်ညိုသည်၊ ငါတို့အဘ မှတ်ပါကြ။

၂၃။ အသက်ကြီးငယ်၊ ဝါကြီးငယ်ကို၊ လွှဲဖယ်မသွေ ဖိုမ်ခိုမ်ချလေ။

၂၄။ ရိုသေတုပ်ကွ၊ ဆည်းကပ်ကြလျက်၊ နေ့ညကြည်ဖြူ၊

www.dhammadownload.com

နည်းခံယူ၍၊ ကြိုးသူခေါ်က၊ ကြွကြွလည်းလာ၊ ဗျာဗျာကျွန်ပ်၊ ပုဆစ်တုပ်လျှတ်၊ ဖုံးအုပ် ခြေလက်၊ လွန်ငြိမ်သက်သည်၊ ကျောင်းထွက်သူပေ ဆိုရစေ။

၂၅။ တရားပေစာ၊ ဟောသော ခါလည်း၊ နှုတ်မှာ မစောင့်၊ တထောင့်စကား၊ တဟားဟားသည်၊ ရိုင်းကား မိုက်မဲ မပြောနှင့်။

၂၆။ လှည်ဘယ်ဒါန်းဘယ်၊ ကြိုးငယ်တည်တည်၊ ရောက်လာသည်ကို၊ လှယ်ကာခဏ၊ သူ့ခွက်ယောက်ကို၊ မပျောက်နေ့ည ဖေးလိုက်ကြ။

၂၇။ ကွမ်း,ဆေး,မီးလျှင်၊ ဧည့်သည်မြင်သော်၊ အလျင်ခဏ၊ တည်ပါကြ။ ။(ဘုန်းကြီးရဟန်း ပယောဂမပါစေရ)။

၂၈။ မင်းသွား-ငါသွား၊ ငြင်းခုံပွား၊ အောင်၊ စကား တောက်ဆတ် မဆိုအပ်။

၂၉။ မပြတ်မချာ၊ သူလည်းလာ၍၊ ငါ့၏ထံပါး၊ စေစား ရ၍ နေပါကြ။

၃၀။ ရဟန်းသင်္ဃာ၊ တည်းခိုလာသော်၊ သင့်ရာအထူး၊ ဖျာသင်ဖြူးနှင့်၊ လာ၍ဖြဖြ ခင်းကုန်ကြ။

၃၁။ ပရိသတ်လည်း၊ မပြတ် ကျောင်းတွင်၊ ရှိလျှင် တထွေ၊ မြဲအောင်နေ။ ။တပြည်တရွာ၊ သွားသော ခါလည်း၊ ညီညာလျောက်ပတ်၊ လက်ကတော့ကို၊ ကောင်း ကောင်း ထိုးကုန်လတ်။

၃၂။ မလျှပ်မပေါ်၊ ခေါ်လျှင်လည်းရ၊ ထကြွမွေ့သိမ်၊ ဂွမ်းခြွေနှင့်၊ ငြမ်ငြမ်နေဘိ၊ မျက်စိမငြိမ်း၊ နား မငြိမ်းသည်၊ ဟိန်းဟဲ့ မဆိုရစေနှင့်။

www.dhammadownload.com

၃၃။ မျက်မှောက်ကောင်းငြား၊ ပြင်တပါးမှာ၊ တခြား မကျင့်ကြလေနှင့်။

၃၄။ မတင့်တယ်ငြား၊ ရန်စကားဖြင့်၊ ထွေပြားပွေလီ၊ တစိစိနှင့်၊ တဟီဟီသည်၊ ကျိုးစား၍လည်း မနေနှင့်။

၃၅။ ဟိနနတ္ထ၊ မဆဲကြနှင့်၊ ကြီးက-ငယ်သည်၊ နှင်ဟယ် ကိုမျှ၊ မဆိုကြနှင့်၊ ရန်စချ၊ပ်ချည်၊ ရှောင်လွှဖည်၍၊ သတ်မည် ကိုထား၊ လက်ဖျားနှင့်မျှ၊ မတို့ကြနှင့်၊ ချစ်ခင်ရိုသေ၊ အချင်း ချင်းကို၊ သင့်တတ်စေဟု၊ မအော့-ရင်း၊ တဝမ်းတွင်းသို့၊ သားရင်းတူကွ မှတ်ကုန်ကြ။

၃၆။ သက်နှံးအဝတ်၊ ချွတ်ထား ပစ်လေ၊ မရိုသေ၍၊ ကလေကဝ၊ စုတ်ရှလတ်လည်း၊ သူ့အဝတ်ကို မဝတ်နှင့်။

၃၇။ တယောက်ကိစ္စ၊ ကိုင်တွယ်ကြသော်၊ ခြေကြွေလက် သာ၊ မနေရာသည်၊ တတ်ပါသမျှ ညီညာကြ။

၃၈။ ဆရာ့နေခင်း၊ အင်းပျဉ် ညောင်စောင်း၊ လည်း လျောင်းဘုံလျှို၊ ထိုထိုထက်မှာ၊ မနေရာသည်၊ မြင့်ရာမသင့် မထိုင်နှင့်။

၃၉။ ရှေက စူးစူး၊ ဒူး လက် ကို ထောင်၊ ထိုင်ဆောင့်၊ ကြောင်နှင့်၊ ပေါင်ထောင် လက်ကား၊ အပါး ကြပ်ကြပ် မနေအပ်။

၄၀။ ရှင်နှင့်သူငယ်၊ သောက်ရေအိုးကို၊ တခြားတယ်၊ သုံးဘွယ်မသင့်၊ ကျောင်းဦးရေကို မသောက်နှင့်။

၄၁။ ကြီးသားငယ်သူ၊ ရှင်လူကစ၊ ဟူသမျှလည်း၊ မိဘ ဆရာ၊ ဘယ်မှာမမှတ်၊ ယုတ်မြတ်မသိ၊ ကျိုးမရှိဘဲ၊ မိမိ

www.dhammadownload.com

ကိုသာ၊ ထောမနာလျက်၊ ဆထက်လွန်စွာ၊ တို့သူငါကို၊ မပါမည်ထား၊ ဘယ်ခံညားဟု၊ တုတုပပ၊ ပြစ်မှားကြလျှင်၊ မိဒက်, ဘဒက်၊ ဆရာ့ဒက်ကို၊ ခံရလိမ့်မည် မယွင်းခွ။

၄၂။ ရဟန်းသင်္ဃာ၊ အာရိယာကို၊ လူ သာမဏေတို့၊ ကြိုကြိုင့်ငဲ့၊ ကဲ့ရဲ့ကျိစား၊ လှည့်စားမပြု၊ တုဘက်မဆို၊ ရှိသေကြစေ၊ မြွေးပွေး-ပြွေဟောက်၊ မထိစောက်သို့၊ ရှုံကြောက်စေ။

၄၃။ မွေတော် ဓာတ်တော်၊ ရုပ်တုတော်ကို၊ ဖူးမြော်မပြတ်၊ ရွှေကျောင်းဦးမှာ၊ ဖြည့်ကြဝတ်တက်၊ နံနက် မိုးသောက်၊ ချိန်ခါရောက်သော်၊ ဝတ်လျောက်မပြတ်၊ လက်အုပ်တင်ထား၊ ဘုရား,တရား,သင်္ဃာ၊ ရတနာသုံးပါး၊ ဂုဏ်တော်များကို၊ ကြိုးစားလုံလ ဆောက်တည်ကြ။

၄၄။ ဝါကားသည်စာ၊ သည်ဂါထာကို၊ မြဲစွာကြပ်မတ်၊ ဆရာအပ်သော်၊ တတ်လှစေချင်၊ ငါ့ကိုသင်ဟု၊ ထိပ်စင်းလည်းရွက်၊ လျင်လျင်ရအောင် ကြိုးစားကျက်။

၄၅။ အချိန်တန်၍၊ စာအံဆိုလျှင်၊ မရွှင်မျက်နှာ၊ မသာမချို၊ ထိုထိုအကြံ၊ ကြိုးစွာဖန်၍၊ မအံတခါ၊ အံတခါနှင့်၊ မျက်နှာတပါး၊ စာတခြားလည်း၊ စကားပြောဟော၊ တသောသောသည်၊ ရယ်မောချိလည်း မနေနှင့်။

၄၆။ မပြတ်အာသံ၊ တည်ညံ့သည်၊ စာအံ စာဘတ်၊ ကြပ်ကြပ်မြဲမြဲ၊ သည်,လည်း,ညသတ်၊ ပြတ်ပြတ်သားသား၊ စကားဆိုထုံ ပီလှစေ။

www.dhammadownload.com

၄၇။ သင်ပုန်းထန်းရွက်၊ ပေထက်စိကာ၊ ရေးသောခါလည်း၊ အက္ခရာကို၊ သေချာလှစေ၊ စာလုံးကိုလည်း လှလှစေ။

၄၈။ မပျင်းမရိ၊ လုံလရှိ၍၊ သတိအထဲ၊ အရိုးစွဲအောင်၊ တဖောင်ဖောင်လျှင်၊ သန်းခေါင်ညဉ့်နက်၊ သင်ကျက်သမျှ၊ စစကုန်စေ၊ နှဲ့ကိုအလွတ် ရွတ်နိုင်စေ။

၄၉။ ရဟန်းမောင်ရှင်၊ သူငယ်သွင်သို့၊ မသင်မရွတ်၊ မတတ်စာပေ၊ မရေမရာ၊ နေသာကုန်ငြား၊ ရက်သာမျှား အောင်၊ စကားဖောင်ဖွဲ့၊ တုံ့လှဲကျယ်ပွား၊ စကားပြောဟော၊ တသောသောသည်၊ ရယ်မော၍လည်း မနေနှင့်။

၅၀။ တယောက်တခြား၊ စကားမဆို၊ ကိုယ်စိ ကိုယ်ငြိ၊ သင်ပုန်းပေမှာ၊ လက်မကွာအောင် စာရေးကြ။

၅၁။ နားပန်းဆံနှင့်၊ နောက်ဆံလည်းထား၊ ဖြူထွားခေါင်းပေါင်း၊ နားခေါင်းဝတ်ကာ၊ ပန်းပန်ကာနှင့်၊ သိကာမြူးရှင်၊ ရွှေငွေဆင်၍၊ သင်တို့သည့်နှယ် မကျင့်နှင့်။

၅၂။ သက်နုံးမှာလဲ၊ ပိန္ဓဲအပြင်၊ လှစေချင်၍၊ လွင်လွင်ပပ၊ ဖြူကြွမသင့်၊ နန္ဒင်းဆိုးနှင့်၊ ဟိန်းညက်ဆိုးကို မဝတ်နှင့်။

၅၃။ ဒဿသီဆယ်ပါး၊ ဘုရားမုခပါ၌၊ ရှင်ကျင့်ဝတ်ကို၊ စောင့်ကြပါမြဲထွေ ညီလှစေ၊

၅၄။ ရွေးဆရာမွန်၊ သီလဝံသ၊ ထေရဂုဏာ၏၊ နှုံမျှအာကျော်၊ မိန့်တော် နှုတ်ထွက်၊ ဆုံးမချက်ကို၊ သက်သက်သာသာ၊ ပါဠိဂါထာနှင့်၊ လက်ဝမဟုတ်၊ ကျမ်းရိုးထုတ်ကို၊ နှုတ်ဖြင့်မှတ်မည်၊ ခက်လှသည်ကြောင့်၊ ရမည်မှန်စွာ၊ လွယ်

www.dhammadownload.com

ပါစေကြောင်း၊ စိတ်ဖြင့်ကြံ၍၊ ဉာဏ်ဖြင့် လောင်းသည်၊ ကောင်းကောင်း ကျက်မှတ်ကြလေကုန်။

၅၅။ ဗဟုဿုတ၊ တတ်ပဆုင်လျှင်၊ သင်သာ ခိုက်ကို သင်လိုက်ကြ။

၅၆။ သို့ပင်တစေ၊ မနေရသာ၊ ကျောင်းက ခွါသော်၊ နောင်ခါနောင်တ ရှိတတ်စွ။

၅၇။ အတတ် ပညာ၊ တတ်မှ သာလျှင်၊ ကျောင်းမှာ နေကျိုး နပ်မည်ပ။

၅၈။ ဆုံးမစကား၊ ဆိုသည်မျှားကို၊ မှတ်သား၀မ်းထဲ၊ စိတ်မစဲလျှင်၊ သဲဒဏ်, ရေဒဏ်၊ ပေးရမှန်သည်၊ ခံမည်သာ ကြိုလော မင်းတို့ကျော။

၅၉။ ယခုအခါ၊ သာသနာ့မှူ၊ လူဖြစ်မည်မျှ၊ ရခဲလှ၏။ လူမှသာမက်ော၊ ဖြစ်ပေမြတ်ခြင်း၊ ပဉ္စင်းသဃ်ာ၊ ဖြစ်ပြန်ပါမူ၊ ဆိုရာမရှိ၊ မြတ်ခေါင်ထိပဲ့၊ သိကြပါစေ၊ သည်ထက် သည်သာ၊ မြတ်ရာသို့သာ လှမ်းပါလေ။

၆၀။ ရှင်သီလဝံသ၊ ထေရဂုဏ်၏၊ ဆုံးမစကား၊ မနာကြားက၊ လားလိမ့်ပါယ်ရပ်ရွာ။

၆၁။ ပစ္စုပ္ပန္နာ၊ ခုဘ၀၊ နေရကိုယ်ထီးသာ၊

၆၂။ ပညာမရ၊ လျှပ်ပေါ်လွှာ၊ သူမျှ့နောက်လိုက်သာ။

၆၃။ နောက်လိုက်၀န်ထမ်း၊ လူညစ်နှမ်း၊ ၀မ်းမျှမ၀ပါ။

၆၄။ မျက်နှာညှိုးပါး၊ လူ့ငွေးး၊ အမျှားစေစားရာ။

၆၅။ စေစားလေလေ၊ ပိုးမသေ၊ ခြေနှင့်ကျောက်စရာ။

၆၆။ ခြေကျောက်ပါးတီး၊ လူမိုက်ကြီး၊ နှုတ်သီးတစောစော။

၆၇။ ဘယ်ငှါကိုမျှ၊ စွဲမရ၊ တလွှဲဘွယ်သာ။

www.dhammadownload.com

၆၈။ ဝတ်ရာတောင့်တ၊ ဝမ်းမဝ၊ အေးရသူ့ညစ်ဘ၊
၆၉။ ရကာသော်ကား၊ ငတောင်းစား၊ ရှောင်းရှားနေလေပါ။
၇၀။ တောမှာပုန်းအောင်း၊ မိုးလေခြိုး၊ ပြောင်းရွေရပ်ဝေးစွာ။
၇၁။ ရပ်ရွာတပါး၊ ရောက်တုံငြား၊ လားလားမလုပ်ပါ။
၇၂။ ပမာသွင်သွင်၊ တွေ့လေမြင်၊ ကိုင်ငင်ထိုးတွန်းကာ။
၇၃။ ကြင်နာရိပ္ပဝ်၊ တာလျှပ်လျှပ်၊ ရက်ပြတ်ငတ်ဘိုပါ။
၇၄။ ရွာဖွေချေးငှါး၊ မရငြား၊ သွားရှိခိုးလေပါ။
၇၅။ ခိုးပါမိလေ၊ ထိုးခုတ်သေ၊ ကျဖလေပါယ်ရပ်ရွာ။
၇၆။ ဤစာရွေကျမ်း၊ ဆုံးမခန်း၊ ရဟန်းလူရှင်၊ လွန်ကြည်လင်၊ ထင်လိမ့်ယခုခါ။
၇၇။ ဝါယာလုံလ၊ ကြိုးပမ်းက၊ ရလိမ့်ဉာဏ်ပညာ။ လိမ္မာသိတတ်၊ လောကခေတ်၊ တတ်လိမ့် များစွာ
၇၈။ ဂုဏ်အင်။
၇၉။ သိမြင်ကျမ်းဂန်၊ သူ့ထက်လွန်၊ ဂုဏ်မွန်အများထင်
၈၀။ ရှင်လူအများ၊ လွန်ခန့်ငြား၊ သိကြားနတ်အာသွင်။
၈၁။ ရှင်ရှင်လန်းလန်း၊ ပွင့်သစ်ပန်း၊ မွန်မြဲမျက်နှာမြင်။
၈၂။ မြင်မြင်သမျှ၊ ကြည်ညိုကြ၊ သိပ္ပဂုဏ်မြတ်ရှင်။
၈၃။ လိုအင်ပြည့်စုံ၊ ရောက်လာပုံ၊ ဂုဏ်ကြောင့် လွန်ပေါ်ထင်။
၈၄။ ရပ်ခွင်တပါး၊ ပြောင်းလည်သွား၊ ဘိုးများကျောက်အာသွင်။

www.dhammadownload.com

၀၅။ ကောင်းကင် မိုး၀၊ ရောင်ထွန်းပ၊ လပြည့်၀န်း အသွင်။

၀၆။ သံသရာဘ၀၊ ပြောင်းလှည့်ကြွ၊ ဒေ၀နတ်ဘုံတွင်။

၀၇။ မျေားဖြင် နတ်ပေါင်း၊ ရံသိန်းသောင်း၊ လောင်း တော် နတ်အသွင်။

၀၈။ ပဉ္စင်းငါးမည်၊ နတ်တို့စည်၊ မည်သည်မဆုံးအင်။

၀၉။ ဒေ၀ကညာ၊ ဆင်းကလျာ၊ ရပ်လာပတ်ကုံးအင်။

၉၀။ ပျော်ရွှင်စံစား၊ လွန်ရှည်လျား၊ ဘုရားမိတေးတွင်။

၉၁။ အလျင်လက်ဦး၊ သူ့ထက်ထူး၊ ဖူးရမွှတ်ပင်။

၉၂။ ပဉ္စင်း ညီနောင်၊ လူနတ်မြောင်၊ အောင်လိမ့် နိဗ္ဗာန်ခွင်။

၉၃။ ပြီးပေစသတ်၊ ဆုံးမအပ်သည်၊ ကျမ်းမြတ်လက်ဝ၊ ထေရ်မဟာလျင်၊ မိန့်မှာသည့်တိုင်း၊ အာ၀ံသိုလှိုင်း၍၊ နွေတိုင်း လုံလ၊ ထုတ်ခကောင်းကြသည်၊ မျေားလှဖြာဖြာ၊ သီသာ တပည့်၊ မမေ့စေရ၊ နှုတ်ထဲကလျင်၊ ထုတ်ပြဲသချာ၊ အရာရာ ကို၊ စိတ်မှာမှတ်ထား၊ ယူတုံဆြားမှ၊ မခြားနိဗ္ဗ။၊ မှာကမ်း ၄သို့၊ လွယ်ကူရောက်ကြောင်း၊ မြတ်ရေလောင်းသည်။ ။ အပေါင်းသိသ မှတ်ကုန်ကြ။

ရှင်မဟာ သီလ၀ံသ ဆုံးမခဏီး ပြီးပြီ။

www.dhammadownload.com

၁၀-သားရွှေတောင် ဆုံးမစာ

၁။ သားရွှေတောင်၊ မောင်ငယ်ပုခင်၊ မဲ့ဆံကျွင်သည်၊ အိမ်တွင်မနေ၊ သွားပါလေဟု၊ သံချေစကား၊ ကြိုချိုပျောသို့၊ မိဘားဆုံးမ၊ အတတ် ရအောင်၊ ကျောင်းဆောင် ဝိမာန်၊ ဇေတဝန်သို့၊ သက်နှံလူကြွ၊ သွားပါတော့ဟု၊ ပျော့ပျော့ တောင်းပန်၊ သားရွှေရံကို၊ လျင်ထန်မိမင်း၊ ဆိုနွှင်းနှင့်၊ ထုံသင်းမွှေးပေါင်း၊ လိမ်းပြီးလောင်း၍၊ နားဥောင်း လက် ကောက်၊ ခြေးပြောက်အင်္ကျီ၊ ဖဲနီ-ဖဲဝါ၊ ခါသာ သက္ကလတ်၊ ကိုယ်လုံးဝတ်၍၊ လက်စွပ် ခြေကျင်း၊ ကြွေးကြွေးရှင်းနှင့်၊ မယ်မင်းပြုပြင်၊ အကုန်ဆင်၍၊ ရွှေစင်သက်နှံ၊ သားမင်းစံကို၊ ကျမ်းဂန်လိမ္မာ၊ တတ်စိမ့်ဌါဟု၊ ဆရာမြတ်ထံ၊ အပ်ထား နှံသည် .... သက်နှံရွှေတောင် အမဲ့မောင်။

၂။ သားရွှေတောင်၊ မောင်ငယ်သလေး၊ အကြီးကွေး သည်။ တွေးတွေးဆဆ၊ မကြောင့်ကြနှင့်၊ မိဘဆရာ၊ စောင်မ ပါအံ့၊ ပညာဉာဏ်ရောင်၊ ထွန်းပြောင်ကျက်သရေ၊ တတ်မျိုး တွေကို၊ စုံစေကြိုးစား၊ ဆရာ့ပါးဝယ်၊ ရွှေသားသက်ဝေ၊ မဲ့ ဖအေလျှင်၊ သင်စေချင်လှ၊ မောင့်ဖတသိုး၊ ငါလည်းတသွယ်၊ ဖွားငယ်ဖွားကြိုး၊ ဝရိုးတူကွ၊ ရှင်ပျတူစုံ၊ လှကြေးမုံကို၊အာကုန် ကြွင်းမဲ့၊ သုံးဆယ့်ရှစ်ဖြာ၊ မင်္ဂလာက၊ တေ-ဇ-ဝိ-ဝေ၊ ဇာတ်ပေါင်းတွေ့နှင့်၊ နှိုင်းဖွယ်လိမ္မာ၊ သဒ္ဒါရှစ်စောင်၊ အကုန် ဆောင်၍၊ လင်းပြောင်ရှန်းရှန်း၊ တက်နေထွန်းသို့၊ ကျမ်း ဘိဓမ္မာ၊ ခုနစ်ဖြာကို၊ ရွတ်ခါသွင်သွင်၊ တတ်စေချင်၏။

www.dhammadownload.com

ငါးအင်ဝိနည်း၊ လွန်သိမ်းဆည်းမှ၊ ခမည်းမောင်မင်း၊ နှလုံးသွင်းချီ၊ ဝမ်းတွင်းပြင်းစွာ၊ မှတ်စိမ့်ငါဟု၊ ဆရာမြတ်ထံ၊ အပ်ထားနှံသည်....သက်နှံရွေတောင် - အမဲ့မောင်။

၃၊ သားရွေတောင်၊ မောင်ငယ်မျက်ပွင့်၊ ခါချိန်သင့်ကို၊ မောင်မင့်းဆရာ၊ ကျောင်းတော်သာက၊ မြောက်ကာလည်း ကြည့်၊ ငါ့တပည့်ဟု၊ ရွှေမှည့်သိဂ်ါ၊ ကျမ်းပေစာကို၊ အာသာလည်းဖွင့်၊ ငုံပေလင့်အုံ၊ မမြင့်မကြာ၊ အိမ်မှာမနေ၊ ကျောင်းမှာနေဟု၊ ခုလေသွားပါ၊ ဆိုသောခါလည်း၊ မာတာမိခင်၊ ကျေးဇူးရှင်လည်း၊ ထိပ်တွင်ရွှေကြာ၊ ပန်းပမာသို့၊ တင်ကာဝပ်တွား၊ မြတ်ထံပါးသို့၊ မခြားခုပင်၊ သွားစေချင်၍၊ ရွှေစင်သက်ဝေ၊ မကြာစေနှင့်၊ လူရေးလူရာ၊ ရှိပါမည်ကြောင်း၊ မိခင်မောင်း၍၊ သားကောင်းရွှေလွှာ၊ မိမျက်ဖျော်ကို၊ ကျောင်းတော်ဗိမာန်၊ ဇောတဝန်သို့၊ မြတ်မွန်ထံပါး၊ အပ်နှံထားသည်....သက်နှံရွေတောင်-အမဲ့မောင်၊

၄။ သားရွေတောင်၊ မောင်ငယ်လူပျို၊ မဲ့ပန်းညိုလည်း၊ အိမ်ကိုမခင်၊ မပျော်ရွှင်နှင့်၊ မိခင်မေတ္တာ၊ ဆုံးမပါလျက်၊ မခံရွက်သော်၊ လူပျက်လူချော်၊ လူသရော်နှင့်၊ ပေါင်းဖော်ယှဉ်ကပ်၊ ပျက်ချေတတ်၏။ သားမြတ်ရွှေငုံ၊ ပမာပုံကို။ ယူတုံယှဉ်သော၊ မယ်မင်းပြောအုံ၊ မစ္ဆာ-ပုပ်ဟောင်၊ ငါးသောကောင်ကို၊ ပညောင်ရွက်မှာ၊ ထုပ်ပိုးပါလည်း၊ ငါးသာမပုပ်၊ ညောင်ရွက်အုပ်မှာ၊ ပုပ်လေသည်သာ၊ ဥပမာသို့၊ ရွှေဝါသက်ပေး၊ မဲ့ရင်သွေးလည်း၊ ဝေးဝေးလျင်စွာ၊ လူသုံးဖြာကို၊ ကောင်းစွာကြဉ်ဖဲ့၊ အယူစွဲ၍၊ ဝမ်းထဲယုံ့ယုံ့၊ ယုန်

www.dhammadownload.com

လျှင် ကျေုံ့သို့၊ ထိုတုံ့မဝံ့၊ စောင်းမာန်ညွှဲလျက်၊ ကြောက်ရွံ့ရိသေ၊ မိမအောက်ို့၊ ရိသေခည္ဆတ်၊ ဟုတ်ပေတတ်၏။ သက်မှတ်ပလေ၊ မအောမိခင်၊ သွန်သင်လိမ္မာ၊ တတ်ကြောင်းရှာ၍၊ ဆရာမြတ်ထံ၊ အပ်ထားနှံသည် .... သက်နှံရွှေတောင် - အမဲ့မောင်။

၅။ သားရွှေတောင်၊ မောင်ငယ် ရွဲလုံး၊ မဲ့ဆံထုံးမှာ၊ ပန်းကုံးပမာ၊ မယ်ဆင်ပါလျက်၊ ကောင်းရာ မြော်မြင်၊ တောင်းဓစ္ဆရ်၍၊ ကောင်းတင်စေခြင်း၊ ထံပါးဆရာ၊ နေသောခါဝယ်၊ ရွှေသားလျှံဝင်း၊ ပုံမယွင်းသို့၊ မောင်မင်းလှုန်၊ သားမျက်ရှု၏၊ တန်ခူးပုံကို၊ ဆေမည်ဆိုအံ့၊ အပျိုအရွယ်၊ ကြီးငယ်မဟူ၊ ကောင်းပါမူကား၊ ကြည်ဖြူခံ့ငြား၊ လျှိုးဝပ်တွားရှ်၊ ရွှေသားဝမ်းတွင်း၊ နှလုံးသွင်းလော့၊ မယ်မင်းပြုပြင်၊ အာကုန်ဆင်၍၊ ရွှေစင်သက်နှံ၊ သားမင်းစံကို၊ ကျွမ်းဂန်လိမ္မာ၊ တတ်စိမ့်ငါဟု၊ ဆရာမြတ်ထံ၊ အပ်ထားနှံသည် .... သက်နှံရွှေတောင်-အမဲ့မောင်။

၆။ သားရွှေတောင်၊ မောင်ငယ် ပန်းဖူး၊ ရွှေသို ဦး၍၊ ပုံပျူးသာယာ၊ ငယ်ဆိပ်သာက၊ တတ်ပါစေချင်၊ မြင်ပါစေလို၊ ဆိုတိုင်းယှဉ်၍၊ ကြုံသင်ရေးရာ၊ အဖြာဖြာကို၊ ဆရာမြတ်ထံ၊ ဆုံးမခံ၍၊ သက်နှံ ထုံသင်း၊ သားမောင်မင်းကို၊ မယ်မင်းသွန်သင်၊ ဘယက်သွင်သို့၊ အိမ်တွင်မထား၊ မပျော်ပါးနှင့်၊ လူလားမြောက်ခါ၊ မနေပါတည့်၊ သင်သာခိုက်တုံ၊ အရိုက်အပုတ်၊ အတုပ်အနှောင်၊ ကျောင်းရွှေဆောင်သို့၊ မဲ့မောင်ကြိုးစား၊ နှလုံးထားလော့၊ ထုတ်ဖျားဆရာ၊ ပညာ

www.dhammadownload.com

သင်ကြောင်း၊ ရိုက်ပုတ်မောင်းရှု၊ စရှုကျောင်းတော်မှာ၊ သည်ဆရာ၏၊ ပညာအသိ၊ ဖြစ်ဘိစေချင်၊ ဘမိခင်နှင့်၊ တူပင်အပ်နှံ၊ သားရွှေရုံကို၊ သင်အံမည်ကြောင်း၊ တဖြောင်းဖျဖျ၊ ဆိုမြွက်ဟသည်၊ ကြွကြွလှမ်းပါ၊ ချစ်လှစွာ၍၊ ဆရာမြတ်ထံ၊ အပ်ထားနှံသည်....သက်နှံရွှေတောင်-အမဲ့မောင်။

၇။ သားရွှေတောင်၊ မောင်ငယ်နုနယ်၊ ပုလဲသွယ်သို၊ အမယ်မွေးမိ၊ တတ်သိစေလို၊ ပြည့်နှန်းဆိုအံ့၊ လူလိုသင်ထား၊ ငှက်ကျေးသားမှ၊ သင်ကြားနားမှာ၊ သူ့ဘာသာဖြင့်၊ ဗုဒ္ဓါမိန့်မှာ၊ ဒွတ္တိသာကို၊ ဝမ်းမှာပြည့်လျှမ်း၊ ရွတ်စီးဖြန်း၍၊ နေ့ချမ်းညလျင်၊ တောင်လက်သင်၍၊ မုခဝင်ခေါင်စွန်း၊ လေသာနှန်း၌၊ ဖြန့်သန်းလူးလာ၊ နေသည်ခါမှ၊ လဟာမိုးပြင်၊ ထက်ကောင်းကင်က၊ စွန်လျှင်စုတ်ထွေ၊ ပါရလေသော်၊ သံချည်သံညှိ၊ ဘဝဂ်လှိုမျှ၊ ရွှတ်လှိုလန်းလန်း၊ ကမ္မဋ္ဌာန်းကို၊ မပန်းမပင်၊ သူ့ဂုဏ်အင်ကြောင့်၊ စွန်လျှင်မနေ၊ လွှတ်လိုက်ပေ၏။ အရှေ့မကြာ။ ထိုအနာကြောင့်၊ နိစ္စဝတ၊ မရဏာဖြင့်၊ ပြောင်းကြွနတ်ထံ၊ ကျေးသားစံသို၊ သက်နှံလူပျို၊ သားပန်းညိုလည်း၊ လိုလိုရာရာ၊ တတ်ပညာကို၊ ဝမ်းမှာသွတ်ကြောင်း၊ အမှယ်မောင်း၍၊ ရွှေကျောင်း ဝိဟာ၊ တတ်ပညာကြောင့်၊ မြဲတည်ဆရာထံ၊ အပ်ထားနှံသည် .... သက်နှံ ရွှေတောင် .... အမဲ့မောင်။

၈။ သားရွှေတောင်၊ မောင်ငယ်ရင်သား၊ မိစကားကို၊ ရွှေနားချိုချို၊ အမယ်ဆိုအံ့၊ ပုံကိုနားထောင်၊ ဤလူ့ဘောင်တွင်၊ မိုက်ခေါင်အတိ၊ မိုက်လှဘိသည့်၊ ဒိဋ္ဌယူမှား၊ မြွေသ

www.dhammadownload.com

မားလည်း၊ သုံးပါးရတနာ့၊ မြတ်ဓမ္မကို၊ နားမှမဝင်၊ ပိတ်သောသွင်သို့၊ မမြင်မျက်ကန်း၊ မောဟလွှမ်းခြုံ၊ လူစွမ်းဘာသာ၊ အရွာရွာသို့၊ မြွေရှာသွားချင်၊ တည်းလေဝင်သော်၊ ရွာတွင်အများ၊ ယောကျ်ားမိန်းမ၊ နွေညမကွာ၊ သရဏာဂုံ၊ မြတ်သုံးစုံကို၊ ကြည်ယုံဆောက်တည်၊ မြည်ကြသည်ကို၊ နားလည်းမဝင်၊ မြွေသခင်လည်း၊ ငြိုးချင်ဘွယ်သာ၊ တစာစာနှင့်၊ သည်ရွာတွင်ပင်၊ မနေချင်ဟု၊ မြွေလျှင်ဖမ်းမည်၊ သွားလေသည်ကို၊ တောလည်သို့ရောက်၊ ထူးထွင်းပေါက်၌၊ မြွေဟောက်ငန်းဟန်၊ ပြုစွာဖန်၍၊ သဏ္ဌာန်မယွင်း၊ နဂါးမင်းကို၊ အလျင်းမနေ၊ ဖမ်းရာချေဟု၊ ပျက်ထွေအမျက်၊ ချောင်းချောင်း ထွက်မျှ၊ လိုက်လေကလျှင်၊ ကြောက်အင်ကြီးစွာ၊ သေအံ့ငှါဟု၊ ပြေးရာပင်ပန်း၊ ဂုဏ်အစွမ်းကို၊ ကိုယ်ပင်မယုံ၊ အသည်းတုန်မျှ၊ ထိုရွာကလျှင်၊ ကြားရစကား၊ သုံးပါးရတနာ၊ မြတ်ဂါထာကို၊ ပြေးကာယောင်ယမ်း၊ အမှန်းမသိ၊ ရွတ်မိကာကာ၊ ဂုဏ်ဧတဇာကြောင့်၊ ကြားက ဝမ်းတွင်း၊ နဂါးမင်းလည်း၊ ချက်ချင်းယူလေ၊ မသင့်ချေဟု၊ ရိုသေမသတ်၊ အသက်လွှတ်၍၊ ကြည်ညွတ်လွတင့်၊ ပန်းနှစ်ပွင့်ကို၊ ချီးမြှင့်ပူဇော်၊ မြတ် ဂုဏ်တော်ကြောင့်၊ မိုက်ဖော် မဝင်၊ ဖြစ်သောသွင်သို့၊ သဇင်ကြက်ရုံး၊ သားရွှေတုံးကို၊ မြတ်ဆုံးအချာ၊ ရတနာကို၊ ထိပ်မှာပန်းဟန်၊ ပန်ပါစေကြောင်း၊ အမယ်မောင်း၍၊ ရွှေကျောင်းဝိဟာ၊ တတ်ပညာကြောင့်၊ မြတ်ဆရာတံ၊ အပ်ထား နှံသည် .... သက်နှံ ရွှေတောင်—အမဲ့မောင်။

သားရွှေတောင် ဆုံးမစာ ပြီး၏။

www.dhammadownload.com

* ဘိုးသူတော်ဦးနု စကားပုံ

မြန်ဇာမှုပေါ်၊ ဉာဏ်ယူမြော်သည်၊ သူတော်ကျွန်ုပ်၊ နှားစ်၊ တန်းဆာ၊ နှားဝင်သာအောင်၊ လက်ဝါးပုဒ်ဖြင့်၊ အာလုပ်ချိုမြ၊ စကားပုံသရုပ်၊ အမျိုးထုတ်ပြီးလျှင်၊ အချုပ်ကို ပြခဲ့မည်။

ဗုဒ္ဓဆာယာကို တွယ်ရမည်၊ ယုတ်လွတာကို ပယ်ရမည်။ ဗုဒ္ဓဆာယာကို တွယ်မှ-အေးမြရာသည်။ ယုတ်လွတာကို ပယ်မှ-ဘေးပကွာမည်။

သေရည်ကို မသောက်နှင့်၊ ရေကြည်ကို မနှောက်နှင့်။ သေရည်ကို သောက်က-အပါယ်ဘုံသို့ ကျုတတ်သည်။ ရေကြည်ကို နှောက်က-အနယ်အမှုံတို့ ထတတ်သည်။

ထင်တိုင်းလည်း နှိပ်၍ မဆိုနှင့်၊ ဝင်တိုင်းလည်း သိပ်၍ မမျိုနှင့်။ ထင်တိုင်း နှိပ်၍ဆိုက-ရန်အသွယ်သွယ် ပွားတတ်သည်။ ဝင်တိုင်းသိပ်၍မျိုက-အန္တရာယ် များတတ်သည်။

ဂေါဏမံသံကိုလည်း မစားနှင့်၊ ကောဓ ခြိုရံကိုလည်း မပွားနှင့်။ ဂေါဏမံသံကို စားက-မိဘသဘွယ် ဖြစ်ပေသည်။ ကောဓခြိုရံကိုပွားက-အဓိကရ အပါယ်နစ်ခြသည်။

အယုတ်တရားကို အလိုမရှိနှင့်။ မဟုတ်စကားကို မဆိုဘိနှင့်။ အယုတ်တရားကို အလိုရှိက-ဘဂဝါ၏ စကားကို ပယ်ရာကျခြသည်။ မဟုတ်စကားကို ဆိုဘိက-သမာဓိ တရားတို့ကွယ်လွှာရလေသည်။

www.dhammadownload.com

မြှူသလိုပုံနှင့် ကလေးကို မစနှင့်၊ လူကိုယုံသဖြင့် အကြွေးမချနှင့်။ မြှူသလိုပုံနှင့် ကလေးကို စက-ကလေး အမိုက်မှိုဆဲတတ်သည်။ လူကို ယုံသဖြင့် အကြွေးချက-အရေး မစိုက်သမို့ မွဲတတ်သည်။

အမျိုးယုတ်သူ အဆင်းလှလျှင် သတိထားလင့်၊ တန်းခိုးနုပ်သူ ထမင်းဝလျှင် မကျိစားနှင့်။ အမျိုးယုတ်သူ အဆင်းလှက-စဉဂ, တန်တတ်သည်။ တန်းခိုးနုပ်သူ ထမင်းဝက-မာန်ထန်တတ်သည်။

အဟုတ်အမှန်ကိုလည်း သိမှ၊ အလုပ်အကြံလည်း ရှိမှ။ အဟုတ်အမှန်ကို သိက-သံသရာဘေး ပ၍ အနေကျယ်ကြမည်။ အလုပ်အကြံရှိက-ဆန်ဂျာရေးလှ၍ အခြေတယ်ကြမည်။

သင္ဘေးလိုကြယ်သေဉလည်း မာန်စွယ်မထနှင့်၊ မြွေမွေးကို ငယ်သော်လည်း အလမ္မယ် မပြုနှင့်။ သင္ဘေးလို ကြွယ်သည်ဟု မာန်စွယ်ထက-အရှိအသေနဲလို ပြုမှုန်းတတ်သည်။ မြွေပွေးကို ငယ်သည်ဟု အလမ္မယ်ပြက-ထိမြွေခဲလို့ မကြာခဏာ သေဆုံးတတ်သည်။

မတော်ဘဲ မဝယ်နှင့်၊ မခေါ်ဘဲ မလယ်နှင့်။ မတော်ဘဲ ဝယ်လေက-အသပြာဓနရှုံးတတ်သည်။ မခေါ်ဘဲ လယ်ချေက-မကြာခဏာ မုန်းတတ်သည်။

မတော်တာကို မြီးမဲစားနှင့်၊ အဖော် မပါလျှင် ခရီးမသွားနှင့်။ မတော်တာကို မြီးစားက-ဘေးရန်ရလို့ ရောဂါပွားတတ်သည်။ အဖော်မပါဘဲ ခရီးသွားက-အရေး မလှသမို့-ဓသာက မျှားတတ်သည်။

www.dhammadownload.com

ခရီးကိုလည်း အပြင်းမသွားနှင့်၊ မီးကိုလည်း အကြွင်းမထားနှင့်။ ခရီးကို အပြင်းသွားက-မှားတတ်သည်၊ မီးကို အကြွင်းထားက-ပွားတတ်သည်။

ဆရာပြောသမှကို အပြီးမမှားလေနှင့်၊ အနာ ရောဂါကို မကြီးပွားစေနှင့်။ ဆရာပြောသမျှကို အပြီးမှားက-မုချ မှောက်တတ်သည်။ အနာရောဂါ ကြီးပွားက ဒုက္ခ ရောက်တတ်သည်၊

စကား, စကား ပြောပါမျှား - စကားထဲက ဇာတိပြ၍ မာနတမ်းခွန်ထူတတ်သည်။ ဘုရား, တရား ဟောဖန်မျှားက-တရားထဲက ပါဠိရ၍ ဒါနအလွန် လှူတတ်သည်။

အမျိုးမြတ်မှ အရိုးကို ကြံရာသည်။ တန်းခိုးလျှပ်မှ အဘိုးတန်ပါသည်။

သံသရာလောက၊ နှစ်ဝအကျိုး၊ ပွားတိုးစေမှု၊ အာရုံပြုလျက်၊ ဦးနှမည်ခေါ်၊ ငါသူတော်လျှင်၊ နာဖျော်ဘွယ်ရာ၊ ဆုံးမစာကို၊ ဒကာ, ဒကာမ၊ မှတ်သားကြ၍၊ နွေည လေ့ကျက်ကြပါကုန်လော့။

ဘိုးသူတော်-ဦးနု စကားပုံ ပြီး၏။

www.dhammadownload.com

ဘိုးသူတော်ဦးနု-ဆိုးမစာ

[ဒဂ်ိုး စကားပုံ]

သင့ ဂ္ဂန်ဆံ့ ပူရေတိ ဧတေနာတိ ဒဂ်ိုး။ ။သင့ ဂ္ဂန်ဆံ့၊ ခပ်သိမ်းသော အလိုဆန္ဒ ရှိသမျှကို။ ပူရေတိ၊ ပြည့်စုံစေတတ်၏။ ဂ္ဂတိတသ္မာ၊ ထိုသို့ပြည့်စုံစေတတ်သော သတ္တိကြောင့်။ တံ အသပြာ၊ ထိုအသပြာကို။ ဒဂ်ိုး၊ ဒဂ်ိုးဟုခေါ်၏။ ။ဒဂ်ိုး ဒဂ်ိုး၊ ယင်းစကားမတော့-ဘင်္ဂလားခေါ် မျက်နှာပွင့်ဆေး သူပါရင် အေးတာမို့ အနုဆေးလို့လဲ ခေါ်ကြပါရဲ့။ မော်ချင်မော်, ကြွေးချင်ကြွေး, စားချင်စား, သောက်ချင်သောက်, စိတ်ရောက်သမျှ--ကိုယ်ပါ, လိုရာပြည့်စုံ လူပုံကလည်း ချော၊ အပြောလည်း ကောင်း၊ အရောင်းလည်း တတ်၊ အမြတ်လည်းပါ၊ အရာလည်းရ၊ မဒ,လည်း များ၊ စပါးလည်း ရှိ၊ အသိကလည်း လွန်ရှိသေ၊ မိတ်ဆွေကလည်း အလွန်ချစ်၊ အပြစ်ရှိသမျှ ပျောက်လို့ကွယ်၊ အမျိုး, အနွယ်တောင် မြင့်မြတ်၊ အရပ်ရပ်လူ,နတ်၊ လူမော်, လူပေါ်, လူဆင့်၍ ဒဂ်ိုး မြင်ရင်ဖြင့် ကျော်ရော့၊ တော်တော်မဟုတ်၊ ဟိတ်ကို ထုတ်ရမှာဖြင့် တရုပ်သော, ကုလားသော, ဒဂ်ိုးပြရင် - ဘာဘူး၊ နှုန့်ရဲရဲ--မဲမဲ-ဖြူဖြူ၊ အဘေလောက် မက အဘိုးလောက်ပင် ကျသော်လည်း ဒဂ်ိုးပြရင် ကြည်ဖြူရော့၊ ငမွှူတွင် အညွှန့်၊ တွန့်တွန့် တိုတို၊ ဆိုဆို ဆဲဆဲ၊ တရက်မချာ၊ အသက်သာအောင်၊ အရက်ပါတွဲအုံးတော့၊ ခွဲဘို့ဖြင့် မကြံ၊ နှိပ်စက်သမျှ စိတ်လက်ချလို့မို့ အစစခံပါရဲ့၊ အမှန်စကား၊ သူမရှိလျှင်

www.dhammadownload.com

လူကဝိတောင် ပြေားရမယ်၊ မယေားကလဲ မရှိသေ၊ မိတ်ဆွေကလဲ မျက်နှာလွဲ၊ လူမဲ့မိ့လဲ ဂုဏ်မရှိ၊ အသိကလဲ မခေါ်ချင်၊ စိတ်ထင်တိုင်း မပြီး၊ သား,သမီးကိုမှ ဆုံးမလို့ မရ၊ လူအဘို့ မပြောနိုင်၊ မောမှိုင်လို့ တခွေခွေ၊ သည်ငွေ အရှာကြပ်တာမို့၊ တမတ်ကို တဆယ်ထင်မိ၊ တကယ်ပင် ခင်ဗျားနှယ် ရှားရန်တော့၊ မရပါလျှင် ဘယ်ဟာစားရပ၊ တသပြာ အလကားမှတ်မဲ့ မသုံးချင်ဘူ၊ ကျုပ်တို့လင် ရှာနိုင်လို့ မရှားပါတဲ့ ဟောသည်ဒင်္ဂါး သည်ဒင်္ဂါးရယ်လို့ လက်ဝါးပေါ် တင်ကာ ပြသည့်နှယ်၊ လောကတွင် အညွှန်ထားလို့မို့၊ ဒင်္ဂါးကို တယ်မသုံးကြနှင့်၊ တသက်လုံး မွဲပြာကျ၍ လူတကာ့အောက် တလွှားမှာ ဆင်းရဲသား ဖြစ်တတ်ပါတယ်၊ တောင်းရှစားဒင်္ဂါးမတ္တယ်၊ ပိုက်ဆံပျက်က ဝယ်တတ်မပါတယ်။ မော်ရင်-ကြွားရင် ဒင်္ဂါးကုန်မယ်၊ အသုံယ်သွယ် ဘယ်တွင် မမှားရအောင်၊ မောင်မှင်းကြီး ကိုဒင်္ဂါး - စဉ်းစား၍ သုံးတော်မူကြပါ- မိတ်ဆွေအပေါင်း သူတော်ကောင်းတို့။

ဘိုးသူတော်ဦးနု ဒင်္ဂါးစကားပုံပြီး၏။

www.dhammadownload.com

ဘိုးသူတော်ဦးနှင်-ဆုံးမစာ

[အလုပ်မျိုးစုံ စကားပုံ]

ကာလ, ကာလ၊ ခါသမယဟု၊ ကာလဝိပွတ်၊ ငါးရာနှစ်ဆယ်၊ ရှစ်သုံးယ် မေတ္တာ၊ ကရဏာလည်း ဘာ-မတတ်၍၊ ထောင့်ဖြတ်တီးလာ၊ ပရိယေသန ဝမ်းရရန်ဘို့ အဝဝ ရှာကြသည်။ ပညာသည်ယောင်၊ ဆရာယောင်နှင့်၊ စကားလှောင် ယောကျ်ား၊ ဖဲသမားနှင့်၊ ပွဲစားတဝ၊ ပွဲကြိုစသည်၊ ထိုမှတခန်း၊ ထီးထမ်းလမ်းလျှောက်၊ ဧကျောက်ကုန် ရွှေကုန်၊ အစုံစုံရောရာ၊ ၁၀၁ ပန်းဆိုး၊ တမျိုးအထင်၊ အင်္ကျီခုံချုပ်၊ ဘိနပ်လုပ်နှင့်၊ အပ်ချုပ်ကိရိယာ၊ ၎င်းပြင် အဖြာဖြာတို့ကို ပညာဘွဲ့ဆိုဘို့ မလိုဟု ထိုထိုကတ္တားး၊ ပုဒ်မခြားရှု၊ ယောကျ်ား ဖျင်းလျှင်-ပုလိပ်၊ မိန်းမဖျင်းလျှင်-အအိပ်၊ ထိတ်စရာ့အခါ၊ မဟာရွှေဇာ၊ ကောသလ၏၊ သုပိနအလာ၊ ပညာရှိ မထွန်းကား၊ လူကြွားလူမိုက် ပေါထင်၊ အမြော် အမြင် ရှိသူက တိမ်မြုပ်၊ မဟုတ်မမှန် ပြောသူက ရှေသွား၊ တရားမသိ သူတော်ယောင်၊ လင် ကြောင်တောင်နှင့် မျက်နှာချို သွေး၊ တံစိုး ပေးလျှင် တရားသာ၊ ဘုရား ဒကာလည်း ဘုံဆိုင်ကြွ၊ ကျောင်းအမကလည်း အရောင်တင်ခြယ်၊ သား အောင်သွယ်ဘို့ ရှင်ကိုပြု၊ ဥစ္စာစုတဲ့ ကျောင်းကြီးရှင်၊ ဆွမ်းခံဝင်ရင်း လူပျိုလှည့်၊ တကဲ့ကာလ၊ အမဲ့ကာလ၊ မယ်သီလက လင်ရဘို့ တကိန်းဆင်၊ မြင်မြင်သမျှ ဆိုးအကောင်းမှု၊ တည်ထား ပြုသည်၊ စရပ်, တံတား၊ ကျောင်းကန်များ၊ ကုလားနှင့်

www.dhammadownload.com

ပေါင်းခြံ ရောင်းသူရောင်း၊ ချသူချ၊ စာဂဖောက်ပြန်၊ သည် ဘဝ-သည်ကိုယ်စံ၊ နောင်ကာလမှ ဟိုကိုယ် ခံလိမ့်မည်ဟု ကျမ်းဂန်နှင့်ဝေးကွာ၊ သံသရာ စျေးကြောင်းပေါက်၊ ရောက် ချင်ရာ ရောက်စေတော့၊ မကြောက်ဘူး ကောန်၊ ခါးစည်းခြံ ခံ မည်ဟု လမ်းမှန်ကို မလိုက်၊ ကလိယုဂ် ဆန်းအခါမို့၊ လမ်း မသမာ ကြိုက်ကြသည်၊ လူမိုက်ဆရာတင်၊ ပညာရှင် မဆည်း ကပ်၊ အရင်းမီးရှိ၊ ကုတ်ဆင်တင်၊ ပုံပြင်နည်းလာ၊ ပေါရာဏ စကားလဲပြင့်၊ ပမာ ကျင့် ဖောက်ပြား၊ လူဗာလ-လူအန္ဓ သာ မျေားသောကြောင်၊ ဘုရားမြတ်စွာ, သာသနာ, ရောင်ဝါ ညှိုးနွမ်းလတ္တံ့၊ မိဘဆိုးဘွား, ဆရာများ, စော်ကား ရိုင်းသူ များလတ္တံ့။

ဘိုးသူတော်ဦးနု အလုပ်မျိုးစုံ စကားပုံ ပြီး၏။

လယ်တီမဏ္ဍိုင်-ဆယ်စောင်တဲ့

ဤတွင် ပြီးပြီ။
